
ရွှေပဒေသာစာပေ
ထိုက်သဇင်
နောင်တွယ်ရစ်ငင်
( အချစ်လုံးချင်းဝတ္ထုသစ် )

### ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

### ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ။

### နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# ထိုက်သဇင်

## နှောင်းတွယ်ရစ်ငင်

## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၀၆၃၀၁၁၀
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၂၀၁၁၁၀
ပုံနှိပ်ထုတ်ဝေခြင်း - ပထမအကြိမ်၊
၂၀၁၁၊ ဇူလိုင်လ။
ထုတ်ဝေသူ - ဦးအေးလွင် (၀၄၁၅၂)
ရွှေဥစာပေတိုက်
တိုက် ၄၊ အခန်း ၁၀၊
ပြည်တော်သစ်ရိပ်သာ၊
ပုဇွန်တောင်၊ ရန်ကုန်မြို့။
မျက်နှာဖုံးနှင့် - ဦးအေးလွင် (၀၈၂၁၀)
အတွင်းပုံနှိပ်သူ ရွှေပဒေသာအော့ဖ်ဆက်
အမှတ် ၃၃၊ ကျိုက်တော်လမ်း
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်။
ဖြန့်ချေး - ၁၀၀၀ ကျပ်
အုပ်ရေ - ၅၀၀ အုပ်

ထိုက်သဇင် ၈၉၅. ၈၃
နှောင်တွယ်ရစ်ငင်/ထိုက်သဇင် ။ - ရန်ကုန်
ရွှေဥစာပေ ၊ ၂၀၀၉ ။
၂၄၈ စာ၊ ၁၂. ၃ × ၁၈ စင်တီ ။
(၁) နှောင်တွယ်ရစ်ငင်


## "နှောင်တွယ်ရစ်ငင်"

အိမ်ရှေ့ဒန်းပေါ်ထိုင်ရင်း တဖွဲဖွဲကြွေနေသည့် စိန်ပန်းပြာတွေကို အဓိပ္ပာယ်မဲ့ငေးနေမိ၏။ ဘာကိုဟုခွဲခြားမတတ်သော်လည်း တမ်းတမ်းတတလွမ်းနေမိတာတော့ အသေအချာပါ။

သို့ပေမယ့် နှောင်ရဲ့ ဘာမှဝန်မခံချင်။ ကိုယ့်စိတ်ကိုယ်လှည့်စားနေတာမှန်းသိလျက် လူကိုယ်တိုင်ကပင် ညာနေချင်သည်။ ရင့်ကျက်သည့် ယောကျာ်းတစ်ယောက်ဖြစ်နေပါလျက် တသသလွမ်းတာတွေကို သူ မခံစားချင်သလို ဝန်ခံတာလည်း လုပ်မိမည်မဟုတ်။

"ကိုရဲဟာ သိပ်မာနကြီးတဲ့ယောကျာ်းလေးပဲ။ တစ်ချိန်ချိန်မှာသာ ဒီမာနတွေ မပျက်စီးပါစေနဲ့"

**ရွှေပဒေသာစာပေ**

နှာကျင်ခံခက်စွာပြောရင်း စူးရဲသောမျက်လုံးများနှင့် ကြည့်ကာ အိမ်ထဲပြေးဝင်သွားသည့်ရတနာကို ဘာတစ်ခွန်းမှ ဟန့်တားကန့်ကွက်ခြင်းမပြုခဲ့တာ သူမှားသည်မထင်။

နောင်ရဲ့ လူကြီးတွေကိုနှုတ်မဆက်ဘဲ ကားကိုခပ်ပြင်းပြင်းမောင်းခဲ့၏။ စိတ်မတိုမိစေရန်သတိထားပါလျက် မေးကြောများတောင် ထောင်လာသည်အထိ ဒေါသဖြစ်ရသည်။

"ကိုရဲကို ရတနာပြတ်ပြတ်သားသားမေးချင်တယ်။ ခွင့်ပြုမယ်မဟုတ်လား"

"မေးလေ၊ ကိုယ်ဖြေနိုင်ရင် ဖြေမှာပေါ့"

ပေါ့တိမ်စွာမဟုတ်ပေမယ့် ရင်ထဲကလာသည့်ခံစားချက်မဲ့အသံတွေကို ရတနာ မနှစ်မြို့စွာ ဆတ်ခနဲမော့ကြည့်လိုက်မိသည်။

"စည်းစိမ်ဥစ္စာတွေမှ မလိုအပ်တော့တာ။ ပြီးပြည့်စုံတဲ့ဘဝထဲမှာ မေတ္တာတရားပဲ...ပြီးတော့"

ရတနာ ရှေ့ဆက်ရန်ခက်သည့်စကားကို ရှက်သလိုရှိသည်မို့ စကားသံတိတ်သွားသည်။ ပြီးတော့ ရတနာလိုချင်တာ နောင့်ရင်ထဲကအချစ်ဟု ရင်ထဲမှာ ပဲ့တင်ထပ်ပြောနေမိ၏။

"ရတနာ၊ ကိုရဲကိုနားလည်စမ်းပါကွာ။ တို့တစ်တွေဟာ ငယ်ကပေါင်းလာတဲ့ သူငယ်ချင်းတွေ။ နှစ်ဖက်မိဘတွေအလိုကျ၊ ရတနာသဘောကျ ကြီးကျယ်ခန်းနားစွာနဲ့ စေ့စပ်ပြီးခဲ့ပြီပဲ။ ဘာတွေထပ်မေးနေရတာလဲ ရတနာ"

"ဩော်" ဘာတစ်ခုမှထပ်မပြောချင်အောင် ရတနာစိတ်





ပျက်သွားမိ၏။ ဒါပေမဲ့ ရတနာ မပြတ်မသားဖြစ်ရတာတွေမလိုချင်။ မိန်းခလေးပီသစွာ ရှက်ရသည်ကို နှုတ်ခမ်းကိုက် အားတင်းရင်း....

"ဒါဆိုရင် ကိုရဲဟာ ရတနာ့အတွက် ဘာခံစားချက်မှမရှိဘဲ ရတနာ့ဘဝထဲ ဝင်ခဲ့မှာပေါ့။ ဟုတ်လား"

နောင်ရဲစိတ်ရှုပ်စွာ ဆံပင်တွေကိုဆွဲဖွရင်း နှာခေါင်းရှုံ့မိသည်။

"ကွာ...ရတနာ ပြဿနာရှာပြန်ပြီ။ တို့တွေ လက်ထပ်ရဖို့သေချာပြီပဲ"

"ဟင့်အင်း...ရတနာငြင်းရလိမ့်မယ်၊ ရတနာမျှော်လင့်သလို မဖြစ်လာတဲ့လူ။ ဘာမဟုတ်တဲ့မိန်းခလေးတစ်ယောက်ကို အဓိပ္ပာယ်မဲ့မျှော်လင့်နေတဲ့လူ"

"ရတနာ...မင်းစကားလွန်ပြီကွာ"

ဒေါသတကြီးအော်ရင်း ထိုင်ရာမှ ရုတ်တရက်ထလိုက်မိ၏။ ပြီးမှသတိဝင်ကာ ပြန်ထိုင်သည်။

"ပြောမယ် ကိုရဲ။ ပြတ်ပြတ်သားသားပြောရအောင်ပါ။ မိန်းခလေးတစ်ယောက်ကိုချစ်နေပေမယ့် အဆင့်အတန်းမတူလို့မပွင့်လင်းရဲတာ၊ မိန်းခလေးတစ်ယောက်ကိုမချစ်ပေမယ့် အဆင့်အတန်းတူလို့လက်ထပ်တာ အလကားလူ။ ကိုရဲဟာ သတ္တိမရှိတဲ့ယောကျ်ား"

"ဟော့ဟော့...တော်တော့ရတနာ၊ မင်းစကား....ရပ်"

သတိလက်လွတ် ရတနာ့ပခုံးစွန်းနှစ်ခုကို ဆွဲရမ်းပစ်

လိုက်မိ၏။

"ဒီလောက်တင်းမာနေရင် တို့တွေစေ့စပ်ထားတာ ဖျက်လိုက်ကြစို့ရတနာ။ တို့ကလည်း ရင်ထဲကမပါတဲ့စကားကို ဟန်ဆောင်မပြောတတ်ဘူး၊ ဒါဆိုကျေနပ်ပြီလား"

ပြတ်သားစွာပြောရင်း ပြန်ရန်ပြင်လိုက်သည့် နောင်ရဲကို နာကြည်းစွာမော့ကြည့်ဖြစ်၏။

"ကျေနပ်တယ်... သတ္တိမရှိတဲ့ယောကျ်ား...ဘဝကို ရင်မဆိုင်ရဲတဲ့လူကို ရတနာလက်မတွဲဘူး"

"မင်းကွာ...တောက်! "

ဒေါသတကြီး ရတနာ့မျက်နှာကို ပြတ်ရိုက်ရန်ကြံရင်း စိတ်ထိန်းကာ အမြန်ပြန်ခဲ့ရ၏။

တစ်လမ်းလုံး ကားမောင်းရတာကိုပင် စိတ်မရှည်ချင်တော့။ တွေ့သမျှကားတွေ အကုန်ကျော်တက်ခဲ့၏။

ထိုည ညစာပင် မစားနိုင်တော့ပါ။

"မိန်းခလေးတစ်ယောက်ကိုချစ်ရက်နဲ့ အဆင့်အတန်းမတူလို့ မပွင့်လင်းတဲ့ယောကျ်ား"ဟု တုန်ခိုက်စွာ ဖွင့်ဆိုသွားသော ရတနာ့စကားတို့က အိပ်မပျော်နိုင်အောင်ရှိခဲ့၏။

"ကိုကိုကြီး.....ခေါ်နေပါတယ်"

သူ့ရှေ့မှာကြာကြာမရပ်ရဲစွာ ပြောပြေး,ပြေးသွားသည့် ထွေးထွေးကိုလှမ်းကြည့်ရင်း တစ်ဦးတစ်ယောက်ကိုတမ်းတမိ၏။

"သား...သတင်းစာဖတ်ပြီးပြီလား"





မေမေ မကြေနပ်မှန်းသိပေမယ့် ခေါင်းညိတ်ဝန်ခံရင်း...

"သားကိုခွင့်လွှတ်ပါမေမေ။ သားတို့က ရှေ့ဆက်လည်း ပြေလည်မှာမဟုတ်ပါဘူး"

စေ့စပ်ကြောင်းလမ်း ဖျက်သိမ်းခြင်းခေါင်းစဉ်အောက်က ဒေါက်တာနောင်ရဲနှင့်ရတနာဟူသောအမည်တွေကို ခံစားချက်မဲ့စွာ ဖတ်ကြည့်မိသည်။ စိတ်ထဲမှာ လွတ်လပ်ပေါ့ပါးစွာရှိ၏။

မေမေ့ရှေ့မှာ ဟန်ဆောင်လျက် တည်ငြိမ်စွာထိုင်နေသော်လည်း လူက စိတ်မလွတ်သွားရန် ထိမ်းထားရ၏။

"ခွင့်လွှတ်ပါရတနာ...အချစ်မရှိတဲ့နေရာမှာ တို့လည်း ပျော်မွေ့စွာမနေနိုင်ပါဘူးကွာ"

▣▣▣

# အပိုင်း (၁)

## အခန်း (၁)

"ဒီပေါင်မုန့်ကို ဘယ်သူမီးကင်တာလဲ"

နောင်ရဲ့မေးသံကြောင့် မီးဖိုထဲက ထွေးထွေးအပြေးဝင်လာသည်။ ပြီး, သူ့ဟန်အတိုင်း ရှေ့မှာကျနေသည့်ဆံပင်တို့ကို သပ်တင်ရင်း လက်နောက်ပစ်,ရပ်နေ၏။

"ငါမေးနေတာ ပေါင်မုန့်မီးကင်တာ ဘယ်သူလဲလို့မေးနေတာ၊ တခြားမခိုင်းဘူး"

"ဟို.....နွယ်..နွယ်လေးပါ ကိုကိုကြီး"

နောင်ရဲ့မကြားဘူးသောနာမည်ကြောင့် မျက်ခုံးနှစ်ဖက်တွန့်ကာ တအံ့တသြကြည့်နေသည်မို့ ထွေးထွေးကြောက်လှပြီ။ ထွေးထွေး, ကိုကိုကြီးဆို မဖြစ်သာမှ ရင်ဆိုင်ချင်သည်။ အစဉ်

သဖြင့် တည်တင်းနေသည့် သည်လူကြီးရှေ့မှာရပ်ရတာ အူတုန်ရသည်။

"သားက နွယ်လေးကိုမတွေ့ဘူးသေးဘဲကို။ အင်းလေ, ညကမှ ခရီးကပြန်ရောက်တာကို။ ကဲ...ထွေးထွေးသွားတော့၊ နွယ်လေးကိုလွှတ်လိုက်စမ်း"

မေမေက နောင်ရဲ့ရှေ့ ကုလားထိုင်မှာထိုင်ရင်း ခရားထဲမှာ နှပ်ထားသည့်လက်ဖက်ခြောက်အဆိမ့် သကြား၊ နွားနို့တို့ကို အဆင်ပြေအောင်ရောမွှေပြီး ရှေ့တိုးပေးသည်။

"ဟော...နွယ်လေး"

ရှေ့မှာလာရပ်သည့်ကောင်မလေးကို ခဏမော့ကြည့်ရင်း "ဟင်"ဟု တအံ့တသြအသံမထွက်စေရန် သတိထားလိုက်ရ၏။

ဖြူဖြူစင်စင်နှင့် သန့်ပြန့်စွာလုပနေသည့်မိန်းခလေးကို ခဏလေးသာ မော့ကြည့်လိုက်သော်လည်း နောင်ရဲ လုံးဝမှတ်မိသွားသည်။ နှုတ်ခမ်းထောင့်စွန်းမှာရှိသည့် မှဲ့နက်သေးသေးလေးကိုပင် မြင်မိ၏။

သို့ပေမယ့် နောင်ရဲ, မိန်းခလေးတွေရဲ့အလှအပကိုကြာရှည်သိမ်းမထားချင်။ ဆေးတက္ကသိုလ်တစ်လျှောက်လုံး မိန်းမလှလေးတွေကိုစိတ်မဝင်စားခဲ့သလို ဆရာဝန်ဖြစ်တော့လည်း မိန်းကလေးချောချောတွေကို ဂရုမစိုက်အား။ နွယ်လေးကို စိတ်ထဲမှာ တအံ့တသြဖြစ်မိသွားသည်ကပင် ကိုယ့်ကိုယ်ကို ခွင့်မလွှတ်ချင်သလိုရှိ၏။ မိန်းခလေးတစ်ယောက်ကြောင့် စိတ်သောကဖြစ်ခဲ့





ဖူးတာလေ။

"သွားပါစေ...မေမေ"

နောင်ရဲ့စကားဆုံးလျှင် မေမေ့ကိုပင်မစောင့်တော့ဘဲ မီးဖိုထဲလှည့်ထွက်သွားသည်မို့ တင်းထားသည့်နှုတ်ခမ်းများကြောင့် မာနလေးတွေတော့ရှိနေမှာမုန်း သိလိုက်သသည်။

"ကိုကျော်ဒင့်သမီးလေးပေါ့ သားရဲ့။ သူ့မိထွေးနဲ့မတည့်လို့ အိမ်ကထွက်သွားမယ်လုပ်နေတာနဲ့ ဒီခေါ်လာခိုင်းလိုက်တာ။ ဒေါ်စုလည်း ကူညီဖို့ရမယ်၊ ပြီးတော့ ခြံထဲက ပန်းပင်အားလုံးကို တာဝန်ယူပေးမှာတဲ့"

မေမေက သူ့စိတ်ထဲမှာကောင်းသည်ထင်မိလျှင် ခေါင်းညိတ်တတ်သည်။ အရွယ်ရောက်ပြီး လုပချောမွေ့လွန်းလှသည့် မိန်းကလေးတစ်ယောက်ရဲ့တာဝန်ကြီးမားမှုကို မေမေ မသိလေသည်လား။

ညနေပိုင်း ဆေးခန်းသွားဖို့ပြင်နေရင်း ပြတင်းပေါက်ကလှမ်းကြည့်တော့ လုပ်ကိုင်နေထိုင်ပုံက သူ့အိမ်ရာသဖွယ်ရှိ၏။ သို့ပေမယ့် နောင်ရဲနှင့်သူ ထမင်းစားခန်းမှာတွေ့ပြီး ထပ်မတွေ့ကြတော့ပေ။

"သားလိုတာရှိရင် နွယ်လေးဖြစ်ဖြစ် ထွေးထွေးဖြစ်ဖြစ် ခေါ်ခိုင်းနော်"

မေမေသည် နောင်ရဲကို လုံးဝယုံကြည်ထား၏။ ယခုထက်တိုင် ဘယ်မိန်းကလေးမှ စေ့စေ့မကြည့်တမ်း တည်ကြည်စွာနေခဲ့သည့်သား၊ မိန်းကလေးရှင်တွေက စကားကမ်းလှမ်းတာ

တောင် အားမနာတမ်း "ဟာဗျာ! မဖြစ်သေးပါဘူးမေမေရာ၊ သား လက်မခံနိုင်ပါဘူး" ဟု ခါးသီးစွာငြင်းတတ်သူမို့ နွယ်လေးကို လည်း ထွေးထွေးလို လိုရာခိုင်းရန်ညွှန်ကြားခြင်းပါ။ နောင်ရဲရင် ထဲက ကြီးမားသည့်ဒဏ်ရာကို မေမေမမေ့သေးသလို နောင်ရဲ လည်း သတိရဆဲဟု စွဲထင်ထားသည်လား။

သည်တော့ နောင်ရဲ, နွယ်လေးကိုသေချာမကြည့်မိစေ ရန် အမြဲသတိထားလျက်နေရ၏။

အမှတ်မထင်လှုပ်ခတ်သွားမည့်နှလုံးသားကို မာနကြီး စွာ တားဆီးထားပါလျက် ပြတင်းတံခါးမှ ခြံထဲကိုငုံ့ကြည့်လိုက် မိ၏။

နွယ်လေးသည် မကြောက်မရွံ့မြေကျင်းတူးရာမှထွက် လာသောတီကောင်နှင့် ဒေါ်စုကိုလှမ်းတို့ရင်း ကြည်နူးလွတ်လပ် စွာရယ်မောနေသည်ကို မြင်ဖြစ်အောင် မြင်လိုက်သည်။

◙◙◙



## အခန်း (၂)

"သံပုရာရည်တဲ့...နင်သွားပို့ဟာ"

"ဟင့်အင်း...ထွေးထွေးကြောက်တယ်၊ နွယ်လေးပဲသွား ပို့"

သံပုရာရည်ခွက် အလယ်မှာထားရင်း နောင်ရဲထံပို့ရန် နှစ်ယောက်သား ငြင်းနေကြ၏။

"နွယ်လေးက မကြောက်ပါဘူး။ ဒါပေမဲ့ မျက်နှာထား ကြီးတင်းနေတာကို မကြိုက်တာ"

"အံမယ်....နွယ်လေးမကြိုက်ပေမယ့် ကိုကိုကြီးမျက်နှာ ထားတင်းတင်းကြီးကို မိန်းခလေးချောချောလေးတွေ သဘောကျ နေတာ။ အဆိုးဆုံးက ရတနာဆိုတဲ့မမပဲ။ တစ်ပတ်ကို နှစ်ရက်

လောက် လာတာ၊ သူ့ရာထူးခနေတွေနဲ့ ပြောစရာမရှိတဲ့ရုပ်ရည်ကြောင့် မျက်နှာထားတင်းထားတာတောင် တော်ရာမကျဘူး"

"ဟွန်း...မိန်းမချေးကျတယ်။ နွယ်လေးကတော့ လုံးဝ သဘောမကျဘူး"

သူတို့နှစ်ယောက်ငြင်းနေတာ ဒေါ်စုကြားတော့ မျက်လုံးကြီးပြူးကာ........

"ဟဲ့ဟဲ့...ဘာတွေပြောနေကြတာလဲ။ ကြားသွားရင်ဒုက္ခ ....ဒုက္ခ။ သိပ်ခက်တဲ့ခလေးတွေပဲ။ မအပ်မစပ်မပြောကြစမ်းနဲ့ ကွယ်။ ဟိုမှာ ကြာလို့စိတ်တိုနေတော့မယ်။ နွယ်လေးသွားစမ်းပါ"

ထွေးထွေးက မျက်ခုံးပင့်ရင်း သဘောကျစွာရယ်နေ၏။ နွယ်လေး မသွားချင်ပေမယ့် သံပုရာရည်ဗန်းကိုင်ကာ ပန်းခြံထဲရှိစားပွဲဆီ လျှောက်ခဲ့၏။ စာအုပ်တစ်အုပ်ကို စိတ်ဝင်စားစွာဖတ်နေပြီး သံပုရာရည်လာပို့သည့်နွယ်လေးကိုမော့မကြည့်ဘဲ...

"ရေခဲထည့်လာသလား"

"မထည့်ခဲ့ဘူး...မကြိုက်မှာစိုးလို့"

"ရေခဲရေမပါဘဲ မသောက်တတ်တာ မသိဘူးလား"

နွယ်လေးတို့ငြင်းနေတာနှင့် ဒေါ်စုမေ့သွားဟန်တူသည်။ ရေခဲသေတ္တာထဲကရေနှင့် ဖျော်ထားတဲ့သံပုရာရည်ထဲ ရေခဲထည့်ရဦးမည်လား။ ပိုကိုပိုတယ်။ နွယ်လေး စိတ်ထဲက မကျေနပ်စွာတွေးရင်း သံပုရာရည်ခွက်ပြန်ယူရန်ရွယ်စဉ်.....

"ထားခဲ့တော့...နောက်ကိုမှတ်ထားပါ"

နွယ်လေး ရှက်ရွံ့စွာပြန်လှည့်ခဲ့၏။





ထွေးထွေးကြောက်တာလည်း မလွန်။ ဒီလူကြီးကိုက လွန်တာ။ အင်းလေ...ပစ္စည်းပြည့်စုံပြီး ရုပ်ချောတဲ့ဆရာဝန်ကိုး။ နွယ်လေး ဆက်နေလို့ဖြစ်ပါမလား။ အဖေကလည်း ကျောင်းတောင် ပြောင်းပြီးနေပြီ၊ ဆယ်တန်းအောင်ရင်တော့ အလုပ်ရှာပြီး ဘဝရပ်တည်မှုအတွက် တစ်မျိုးတစ်ဖုံကြိုးစားရဦးမည်။

ဆတ်ဆတ်ထိမခံသောနွယ်လေး၊ မကျေနပ်သည်ဖြစ်စေ၊ ကျေနပ်သည်ဖြစ်စေ ခေါင်းညိတ်နာခံနေရတာ မကြိုက်ချင်ပါ။

နွယ်လေးရောက်ကတည်းက နှောင်ရဲ့အဝတ်လျှော်တာ၊ မီးပူတိုက်တာ တာဝန်ယူရသည်။

"သားက သူ့အဝတ်တွေ အလျှော်ငှားတာ မကြိုက်ဘူး ကွယ့်။ အရမ်းကြီးတွန့်ကြေသွားအောင် လျှော်ပစ်တာ၊ ဆပ်ပြာရည်မစင်တာမျိုးကို စိတ်ဆိုးတယ်။ ပြီးတော့ ထွေးထွေးမီးပူတိုက်ရင် ခေါက်ရိုးမကျဘူး၊ အတွန့်မပြေဘူး၊ ဒီတာဝန်တွေ နွယ်လေး ယူနိုင်မလား"

ခေါင်းညိတ်အဖြေပေးလိုက်စဉ် ဒေါ်မေအောင် ကျေနပ်စွာပြုံးရင်း"စိတ်ချပါရစေနွယ်လေး...နှောင်ရဲက သိပ်ချေးများတာ" ဟု ထပ်ဆင့်ပြောသည်။

နွယ်လေး ဘာမှပြန်မပြောသော်လည်း ချေးများတတ်တဲ့ သူ့အဝတ်တွေကို အတတ်နိုင်ဆုံး စိတ်ရှည်စွာထား၊ လျှော်ဖွပ် မီးပူတိုက်ပေးဖို့ ဆုံးဖြတ်ထားရ၏။

"ကိုကိုကြီးက ပေါင်မုန့်မီးကင်ရင်လည်း ကျွတ်ကျွတ်ဆို

မကြိုက်ဘူး။ ဟင်းချက်ရင်လည်း ငရုတ်သီးလုံးဝမစားဘူး။ မေမေကြီးက အမြဲ သူ့ကိုဦးစားပေးထားတာ နွယ်လေးရဲ့"

အချိန်အားရတိုင်း ထွေးထွေးက နောင်ရဲ့အကြောင်းတွေ ပြောပြတတ်သည်။

"နွယ်လေးကလည်း သိပ်စိတ်ရှည်တာမဟုတ်ဘူး။ သူ့ဆန်စားရဲမှုဆိုတဲ့စကားအရသာ နာခံနေရတာ။ အိမ်မှာဆို နွယ်လေးက ဗိုလ်လုပ်ရမှကျေနပ်တယ်"

"နောက်တော့ပြေလည်သွားမှာပါ နွယ်လေးရယ်"

ထွေးထွေးက နှစ်သိမ့်စကားဆိုမှန်းသိရက် နွယ်လေး မကျေနပ်ချင်။ မိထွေးနှင့်နေပြီး ဗိုလ်လုပ်ခဲ့တာတွေ ခုမှဝဋ်လည်ပြီထင်၏။

"အိမ်မှာဆို နွယ်လေးသဘောကျ ချက်တာ"

"နွယ်လေးမိထွေးက မဆူဘူးလား"

"ဆူပါစေလေ...နွယ်လေးက ကြိုက်သလိုချက်တယ်။ အချိုချက်ခိုင်းရင် အစပ်ချက်တယ် မကောင်းလား..ဟင်း..ဟင်း"

နွယ်လေး သူ့စကားနှင့်သူ သဘောကျစွာ ရယ်နေသည်။ ထွေးထွေးက နွယ်လေးကိုအားကျစွာကြည့်ရင်း လှပသေသပ်သည့်နှုတ်ခမ်းလေးနှင့်အတူ ရွှန်းလက်နေသည့်မျက်ဝန်းလေးတွေကို ငေးကြည့်နေမိ၏။

"နွယ်လေးက လှလည်းလှ ချစ်စရာလည်းကောင်းတယ်နော်"

"ဘာလဲ....လက်ထဲကသင်နေတဲ့ ကြက်သွန်ဥတွေစား





ချင်လို့လား"

"အိုး...နံကနံနဲ့၊ စားချင်ပါဘူး၊ တကယ်ပြောတာပါ"

နွယ်လေးရဲ့ ဖြောင့်စင်း နက်မှောင်တဲ့ဆံပင်တွေကို မဝံ့မရဲကိုင်ကြည့်ရင်း ထွေးထွေးချီးကျူးနေဆဲ၊ ဘွားခနဲ တံခါးဝမှာ လာရပ်သည့်နောင်ရဲ့ကြောင့် ဘာပြောရမှန်းမသိအောင်ဖြစ်သွား၏။

နွယ်လေးက တစ်ချက်မော့ကြည့်ပြီး ကြက်သွန်နီကို ပါးပါးလှီးနေသည်။ "အံမယ်...ကောင်မလေးက မာနလေးနဲ့" ဟုစိတ်ထဲမှာတွေးရင်း "ခေါက်ရိုးကြေနေတဲ့အင်္ကျီ မီးပူပြန်တိုက်ပေးစမ်း နွယ်လေး။ ပြီးတော့ ဟင်းတွေထဲ ဆံပင်ချည်တွေဝင်မယ်နော်"

နောင်ရဲ့စကားကြောင့် နွယ်လေး ဆတ်ခနဲမော့ကြည့်သည့်မျက်ဝန်းတွေမှာ အံ့သြ ရှက်ရွံ့သွားသလို စိတ်ဆိုးသည့်အသွင်လည်းရှိ၏။ နောင်ရဲ့ကျောခိုင်းလိုက်ပြီးမှ နှုတ်ခမ်းတွန့်ပြုံးမိ၏။

မာနကြီးချင်တဲ့ကောင်မလေး နည်းနည်းတော့ နှိမ်ထားချင်သည်။ နောင်ရဲ့, သူ့ကိုမလေးမစားမဟုတ်သော်လည်း ကျေနပ်လေးစားမှုမရှိဟု ထင်ထား၏။

"ခေါက်ရိုးကြေတဲ့အင်္ကျီတွေပေးပါ ကိုကြီး"

"ရော့....မြန်မြန်တိုက်နော်"

စားပွဲပေါ်ပစ်တင်ရင်း ဖတ်လက်စသတင်းစာကိုပြန်ကိုင်မိ၏။ သွက်လက်စွာ မီးပူတိုက်နေပေမယ့် ခေါင်းတစ်ခါမှမော့

မကြည့်၊ ဖြူနုသွယ်ပြောင်းသည့်လက်လေးတွေကို အမှတ်မထင် လှမ်းကြည့်ရင်း မျက်လွှာချထားသည့်မျက်တောင်ထူထူကိုသတိပြုမိချိန် "ဟာ...ဘာတွေမှန်းမသိပါဘူး စိတ်ပျက်စရာ"ဟု စိတ်ထဲမှာညည်းမိ၏။

ဆတ်ခနဲထကာ ပြတင်းဝသွားရပ်နေသော နောင်ရဲ့ကို မျက်ရည်ဝဲသောမျက်ဝန်းများနှင့်မော့ကြည့်လိုက်ရင်း နှုတ်ခမ်းကို အမှတ်တမဲ့ကိုက်လိုက်မိ၏။

"မဖြစ်ပါဘူးရှင်...နွယ်လေး ရှေ့ဆက်ဖို့မဖြစ်တော့ပါဘူး"

◙◙◙



## အခန်း (၃)

"နွယ်လေး"

မပြီးသည့်သချ်ာတွေ ဆက်တွက်နေဆဲ ခေါ်သံကြောင့် နွယ်လေးမော့ကြည့်သောအခါ နီမင်းက စူးစူးစိုက်စိုက်ကြည့်နေတာတွေ့ရတော့ မကျေနပ်စွာ ထူးမိသည်။

"ပြောလေ...ငါ သချ်ာမပြီးသေးဘူး"

"နင်ကလည်း သိပ်များတာလည်းမဟုတ်ဘဲနဲ့။ ညက မပြီးဘူးလား"

"ဟင့်အင်း"ဟုဖြေရင်းဆက်တွက်သည်။ တွက်လိုက်ရင် ခဏလေးသာဖြစ်ပေမယ့် နွယ်လေး နောင်ရဲ့အကျီကိုမီးပူတိုက်ပြီးကတည်းက ရင်ထဲမှာ အကြိတ်အခဲဖြစ်ကာ ဒေါသထွက်မိ၏။

ပြန်မပြောသာ၊ လှျောက်လဲခွင့်မရှိ၊ သူပြောသလိုလုပ်၊ သူခိုင်းသလိုလုပ်နေရသည့်ဒီဘဝမှာ ဖြတ်လက်သွက်လက်စွာ နေတတ်သောနွယ်လေး ဘယ်လောက်ကြာကြာနေနိုင်မှာတဲ့လဲ။

"နှင်းဖြူနှင်းက မုန့်စားစောင့်နေတယ်"

"မစားတော့ဘူး"

"လာပါဟာ...တို့ကျွေးမှာပါ"

"နင်ကျွေးတာမို့ မစားချင်တာ၊ ငါ့မှာ မုန့်ဖိုးမပါဘူး"

ခေါင်းမာစွာငြင်းရင်း သချ်ာဆက်တွက်နေသည့်နွယ်လေးကို စိတ်မရှည်စွာကြည့်ရင်း....

"လာပါနွယ်လေးရာ။ နင်အလကားမစားချင်ရင် မုန့်ဖိုးချေးမယ်၊ ပြီးမှပြန်ဆပ်ပေါ့"

"ငါ့မှာ ဘာဝင်ငွေမှမရှိဘဲနဲ့...အချေးအငှားထူပြီး ပြန်မဆပ်နိုင်ရင် ခက်မယ်"

"တော်ပြီနွယ်လေး။ နင်နဲ့စကားပြောရတာ လက်ပေါက်ကပ်လိုက်တာ"

စိတ်တိုတိုနှင့် အောက်ထပ်မဆင်းဘဲ သူ့ခုံသူသွားထိုင်နေ၏။ နွယ်လေးမျက်နှာမှာ ပြောင်းလဲခြင်းမရှိ၊ သချ်ာဆက်တွက်လျက်။ နီမင်း စိတ်မကောင်းသလို ရယ်ချင်နေသည်။

အောက်ထပ်မှာ သူဆင်းလာရင် မုန့်ဝယ်ကျွေးမယ်ပြောထားခဲ့သည့်နှင်းဖြူနှင်းတို့တစ်သိုက် ဘယ်လောက်ဒေါသထွက်နေကြမည်မသိ။

"မြန်မြန်ပြန်ခဲ့နော်...နင့်နွယ်လေးမပါလည်း ဆင်းလာ





ခဲ့။ ငါတို့မှာ ငွေများများမပါဘူး...သိလား"

ငွေများများမပါဘဲ များများစားတတ်သည့် နှင်းဖြူနှင်းကိုသနားသလို နွယ်လေးမာနကို သဘောကျသည်။

နွယ်လေးသည် သူ့ဘဝကို ဘယ်သောအခါမှအားမငယ်မထိန်ဝှက်။ ပြောသင့်လျှင် ပွင့်လင်းစွာပြောတတ်၏။

"ငါ့ကိုဆရာဝန်အိမ်မှာနေတယ်ဆိုပြီး အထင်မကြီးပါနဲ့ဟာ။ အိမ်စေထွေးထွေးနဲ့ မတိမ်းမယိမ်းနေရလုပ်ရတာ၊ ကိုကြီးရဲ့အဝတ်လျှော်၊ မီးပူတိုက်၊ ပြီးတော့ သူစားချင်တာ အကုန်လုပ်ပေးရတာ"

"နင့်ကိုသိပ်ခင်မှာပေါ့နော်"

ဖြူနှင်း၏စကားကြောင့် နွယ်လေးဟက်ဟက်ပက်ပက်ရယ်နေသည်။

"အမယ်လေး...ဖြူနှင်းရယ်၊ နင်မြင်စမ်းချင်တယ်၊ မျက်နှာထားက အရမ်းတင်းထားတာ။ စကားတစ်ခွန်းဆိုတစ်ခွန်းအဖိုးတန်သလားမသိပါဘူး။ စကားလည်း သိပ်မပြောဘူး။ ငါလေ တစ်ခါတစ်ခါစိတ်မရှည်ဘူး။ ပြန်ပြောချင်လိုက်တာ"

"ပြန်တော့မပြောဘူးမဟုတ်လား"

"အေးပေါ့ မပြောပါဘူး၊ စိတ်ကုန်ဖို့ကောင်းလွန်းလို့ပါ"

မနက်ကျောင်းမသွားခင် ပေါင်မုန့်မီးကင်စဥ်ကလည်း စာထဲစိတ်ရောက်နေသည့်နွယ်လေး အကျက်လွန်ကာ မီးငှားကုန်၏။ အမြန် နောက်အချပ်တွေ ကင်ဖို့လှီးဆဲ ထမင်းစားခန်းထဲဝင်လာသည့်နောင်ရဲနှင့် တန်းတိုးလေသည်။

"ပေါင်မုန့်မကင်တတ်တာလား၊ ဂရုမစိုက်လို့ဖြစ်တာလား"

ကုလားထိုင်မှာထိုင်ရင်းမေးလာသည့်နောင်ရဲကို နွယ်လေး သည်းမခံနိုင်စွာ နှုတ်ခမ်းစူရင်း...

"လူတိုင်းမှာ အမှားမကင်းဘူး။ ခု နွယ်လေးဖြစ်ရတာ မတော်တဆအမှားပါ...ကိုကြီး"

မဆိုင်းမတွပြန်ပြောလာသောနွယ်လေးကို အံ့သြစွာ မော့ကြည့်ရင်း မျက်မှောင်တွန့်၏။

"ကိုကြီးမှာကော ဘယ်ခါမှအမှားမရှိခဲ့ဘူးလား"

"ဟ! ဒါ မင်းအလုပ်လား"

"မဟုတ်ပေမယ့် ကိုကြီးကိုယ်ချင်းစာတတ်အောင် ပြောပြတာပါ"

"မချော...မင်းစွာလှချည်လား။ လူကြီးကိုပြန်ပြောရသလား"

"ပြန်မပြောချင်ပါဘူးကိုကြီး။ နွယ်လေးက ကိုကြီးအရိပ်ခိုနေတဲ့ အိမ်ဖော်လိုဘဝမျိုးဖြစ်ပေမယ့်..."

"ဟိတ်! ဘာတွေပြောနေတာလဲ။ မင်း...တို့စေတနာကို နားမလည်ဘူး။ တော်ပြီကွာ"

သောက်ရန်ဖျော်စပ်နေဆဲ လ္ဘက်ရည်နှင့်မုန့်တွေကိုထားရင်း နောင်ရဲထွက်ခဲ့၏။

တကယ့်စေတနာကို ကောင်မလေး နားမလည်ဘူး။ ရုပ်ရည်လေးလှသလို လိမ္မာယဉ်ကျေးစေချင်သည်။ သူကလည်း သူ၊





အဆင်ပြေအောင် မပြောတတ်၊ ပြောတတ်အောင်လည်း မကြိုးစားချင်အောင် ရင်ထဲမှာ ခံစားခဲ့ရပြီမဟုတ်လား။

နွယ်လေးက မရှက်မကြောက် ရှိုက်ငိုတော့ နောင်ရဲစိတ်မကောင်းပြန်၊ ချော့ရအောင်ကလည်း ပြဿနာမဟုတ်သည်မို့ ကားပေါ်တက်မောင်းရင်း အပြင်ထွက်ခဲ့၏။

နွယ်လေး မနက်စာဘာမှမစားဘဲ ကျောင်းထွက်လာခဲ့သည်မို့ ဗိုက်ထဲမှာ ဆာလောင်ခြင်းပြင်းစွာ ဆန္ဒပြနေ၏။ တင်းထားပါလျက် မျက်ရည်ဝဲမိပြန်သည်။

"ဟိုကောင်စုတ် ပြန်မဆင်းလာဘူး။ အကြွေးမှတ်ခဲ့ရတယ်ဟဲ့။ နွယ်လေးကလည်း ဘာလို့မလိုက်....ဟယ်...ငိုနေတာလား"

ဖြူနှင်းအံ့သြစိတ်မကောင်းစွာ နွယ်လေးကိုကြည့်တော့ ပိုဝမ်းနည်းလာကာ မျက်ရည်စက်တွေကျလာ၏။

"နွယ်လေးငိုနေတယ်။ နီမင်း...နင်ဘာပြောလဲ"

"ဟာ...ငါဘာမှမပြောပါဘူးနော် နွယ်လေး။ မုန့်စားခေါ်တာပါဟာ။ ပြီးတော့...မုန့်ဖိုးချေးမယ်လို့ စမိတယ်"

"ဟင်း...အရေးထဲ ငွေချေးမယ့်ချစ်တီးနဲ့တွေ့နေတယ်"

"စေတနာနဲ့ပါဟာ"

နီမင်း စိတ်မကောင်းစွာခေါင်းကုတ်ရင်း သူ့နေရာသူပြန်ထိုင်စဉ် နောက်ခုံမှာရှိသည့်ငွေထွန်းက...

"ဟော့ကောင်...မင်းက မုန့်ဖိုးတွေ စေတနာနဲ့ချေးပြီး ပြန်မဆပ်နိုင်ရင် လူသိမ်းမှာမဟုတ်လား"

ဟု တိုးတိုးကပ်စ၏။

"ဟာ...ခွေးကောင်, ပေါက်တတ်ကရမပြောနဲ့၊ ကြားသွားမယ်"

"မကြားစေရပါဘူး။ ကြားရင် ငါအရင် ပါးရိုက်ခံရမှာပါကွာ"

ခေါင်းလောင်းမထိုးခင် နွယ်လေးတို့ကျောင်းအောက်ဆင်းသွားကြ၏။ အပြစ်ကင်းစွာလှပလွန်းသည့် မျက်နှာလေးမှာ မာနတွေရှိနေတယ်ဆိုတာ သိထားပါတယ်သူငယ်ချင်း...။

ဒါပေမဲ့...တို့အတွက် ဒီမာနတွေ အမြဲမရှိပါစေနဲ့ကွာ။

◻◻◻



## အခန်း (၄)

ညနေပိုင်း အလုပ်ပြန်တော့ သံပရာရည်ခွက်ကို ထွေးထွေးလာပို့သည်။ "နွယ်လေးကော"ဟုအမှတ်မထင်မမေးမိစေရန် သတိထားလိုက်ရသည်။

အခန်းထဲရောက်ပြီး ပြတင်းပေါက်မှာရပ်မိတော့ ခြံထဲမှာ မြက်ရှင်းနေသောနွယ်လေးကို လှမ်းမြင်ရသည်။ သူ ပြတင်းပေါက်ခပ်ကွယ်ကွယ်မှာတိုးရင်း ရပ်နေမိသည်။

စိုက်ခင်းလေးထဲမှာ ရောနေသည့်မြက်ပင်တွေနုတ်ပြီး ပုံထားသည့်ဘေးမှာ လက်နှစ်ဖက်နောက်ပစ်ထောက်ရင်း အုန်းပင်မြင့်ဆီ အဓိပ္ပာယ်မဲ့မော့ကြည့်နေသည့်ပုံစံလေးကြောင့် နောင်ရဲစိတ်ထဲမှာ မကောင်းသလိုလို။

"မတက်ဘူး၊ မိုးမိဖျားသေ...အေးရော၊ နွယ်လေး မိထွေးဆီလည်း မပြန်ချင်ဘူး၊ ဒီမှာနေရတာလည်း ကိုကြီးရဲ့ခက်ထန်တဲ့ဆက်ဆံမှုတွေကိုမုန်းတယ်"

"ဟယ်!နွယ်လေး...ဝင်....ဝင်တော့လေ။ ဒေါ်စုမေ့နေတာ။ ကြည့်ပါဦးဟယ်...ဖျားတော့မယ်"

မိုးစိုထဲ ဒေါ်စုလာဆွဲမှ နွယ်လေးဝင်ဖြစ်သည်။ အပေါ်ထပ်မှရပ်ကြည့်နေသောနောင်ရဲ သက်ပြင်းရှိုက်မိသည်။ ရုပ်လေးလှပချစ်စရာကောင်းသလောက် သိပ်ခေါင်းမာတဲ့နွယ်လေး။ မင်းသိပ်မာနကြီးတယ်...

ငါ့အသက်ငါ့အရွယ်နဲ့ မင်းကိုစပြီး အလျော့ပေးရမှာတဲ့လား၊ မရဘူးကွာ...ငါ့မှာလည်း ခံစားချက်မာနနဲ့လေ။

မင်းက ခုနေခါမှာ "ကိုကြီးရေ" လို့ သိမ်သိမ်မွေ့မွေ့ခေါ်ပြောဆက်ဆံမယ်ဆိုရင် ငါ့ဘက်ကလည်း နည်းနည်းလျော့ဖြစ်မှာပဲ။

ခုတော့ မင်းက ကိုယ့်ကိုယ်ကိုအိမ်စေလိုသဘောထား။ ငါ့ကိုလည်း ရွံ့ကြောက်နေတာ သိတယ်လေ။

ငါက သိတတ်စွာ စိုးရိမ်ပြီးပြောတော့လည်း ပြောတတ်လိုက်တာ၊ မိုးစက်တွေကျလာတာ မိုးရွာလို့ပေါ့တဲ့။

နွယ်လေးကို စွတ်ဟောက်ပြီး ဒေါသနှင့်ပြန်မတက်ခင်ဒေါ်စုကိုဝင်ခိုင်းဖို့ပြောတော့ အံ့ဩတကြီးပြန်ကြည့်နေကြ၏။

သူ မနက်က နွယ်လေးကိုစိတ်ဆိုးပြီး လက်ဖက်ရည်နှင့်မုန့်ပါမစားဘဲ ဆေးရုံထွက်သွားခဲ့တာ သိထားကြသည်မို့ ဒေါ်စု





နှင့်ထွေးထွေး နားမလည်သလို,လည်သလိုလို။

"အင်း...ဟောက်ချင်တော့လည်း သူပဲ၊ ငေါက်ချင်တော့လည်း နေရာမရွေးဘူး။ စိုးရိမ်တော့လည်း ဘယ်သူ့မှဂရုမထားသလိုပါဘဲလား"

ဝဋ်မှာအမြဲ၊ ငရဲမှာအပလို့ မေမေပြောခဲ့တာတွေ အခုမှ နွယ်လေးလက်တွေ့ခံစားရပြီ။ နွယ်လေး ဝဋ်လည်ပြီပေါ့၊ အိမ်မှာပြန်ဟောက် ပြန်ငေါက် ဗိုလ်လုပ်ခဲ့သမျှ၊ ခု နွယ်လေးအဟောက်ခံ အငေါက်ခံနေရပြီလေ။

"ဖေဖေ့ကိုသနားရင် သမီးအန်တီခိုင်နဲ့ သင့်တော်အောင်နေပါကွယ်"

"ဖေဖေကကော...သမီးကို သနားခဲ့ ညှာခဲ့လို့လား။ ဖေဖေစိတ်ချမ်းသာအောင် လုပ်ခဲ့တာတွေက များပါတယ်။ ဘာလဲဖေဖေ...သမီး ဒီမှာမနေသင့်ဘူးလား၊ မနေစေချင်ဘူးလား"

"မဟုတ်သေးပါဘူး သမီးရယ်"

ဖေဖေစိတ်ပျက်စွာညည်းညူတိုင်း နွယ်လေး သနားရကောင်းမှန်းမသိခဲ့ပါ။ ဖေဖေ သူ့နောက်မိန်းမကို ပြောမရတိုင်းလည်း ခေါင်းကုတ် မျက်မှောင်တွန့်ကာ မေမေ့ကိုတမ်းတသည်။

သည်လို မေမေ့ကိုချစ်နေပါသေးလျက်နှင့် ဘာဖြစ်လို့ နောက်အိမ်ထောင်ပြုရတာလဲဖေဖေဟု မကြာခဏမေးချင်ပါလျက် မမေးဖြစ်ခဲ့တာလည်း နွယ်လေး ဒေါသတွေ သိပ်ထွက်ပြီး ပေါက်ကွဲရမှာစိုးလို့ပါပဲ။

မေမေဆုံးပြီးစဉ်က နွယ်လေး, ဖေဖေ့ကိုတတ်သမျှ ဂရု

စိုက်ပြုစုခဲ့၏။ မေမေချက်ကျွေးတတ်သောဟင်းတွေကို အစပ်တည့်အောင် ချက်ကျွေးဖြစ်သည်။ မေမေရှိစဉ်ကလို ခေါက်ရိုးကျသောအင်္ကျီတွေသာ ဝတ်စေခဲ့သည်။

သို့ပေမယ့် နွယ်လေး, ဖေဖေ့ကိုတစ်ယောက်တည်းချစ်ခွင့်မရတော့၊ အန်တီခိုင့်ကို လက်ဆွဲ အိမ်ပေါ်ခေါ်လာသောအခါ နွယ်လေး ဝုန်းဒိုင်းကျဲအောင် ဒေါသဖြစ်ရ၏။

နောက်ပိုင်းလည်း မထင်ရင်မထင်သလို ပစ်ပေါက်ခွဲ၊ စကားပြောရင်လည်း ချောင်ပြေပြစ်မှုမရှိတော့ပါ။

"သမီးလေးက သိမ်မွေ့အေးဆေးပါတယ်။ အရင်လိုပဲ နေပါ သမီးရယ်"

"ဘယ်ဖြစ်မှာလဲ ဖေဖေ။ သူတို့က သမီးခေါင်းနင်းပစ်မှာပေါ့"

နွယ်လေးစကားကို ဖေဖေအံ့သြသလိုမော့ကြည့်၏။

"ဖေဖေအပြင်ချည်း ထွက်နေရတာ။ အန်တီခိုင်ကအစစ နွယ်လေးတာဝန်ပဲဖြစ်စေချင်တယ်၊ နွယ်လေးမလုပ်နိုင်ဘူး ဖေဖေ"

"သမီး နေတတ်သလိုနေပါကွယ်။ ဖေဖေ ရှာသမျှတွေဟာ သမီးအတွက်လည်းပါတယ်"

နွယ်လေး တကယ်ပဲ ဟန်တင်း မာန်တင်းနေပစ်၏။ ခေါ်ပေမယ့် ထူးချင်မှထူးမည်၊ ကြားပေမယ့် ပြောချင်မှပြောသည်။ မီးဖိုထဲ စိတ်ကြိုက်ဝင်ချက်တဲ့အခါ သူ့အန်တီခိုင် မကြိုက်တာသာ ချက်၏။





နွယ်လေး ဗိုလ်ကျတာ အန်တီခိုင်သိလျက်နှင့် ငြိမ်နေခြင်းသည် တစ်ခုခုကြံနေခြင်းဖြစ်ကြောင်း အိမ်ကို ဗိုလ်ဗိုလ်အဝင်အထွက်များလာမှ ရိပ်မိသည်။

ရဲတင်းသွက်လက်သောဗိုလ်ဗိုလ်သည် နွယ်လေးကို မရအရစကားပြောသည်။

"ရှင်နဲ့ဘာစကားမှပြောစရာမရှိဘူး။ ထွက်သွားပါ"

"တို့မှာတော့ ပြောစရာစကားတွေအများကြီးပဲ"

မချိုမချဉ်ပြုံးရင်း အနားကပ်လာထိုင်သော ဗိုလ်ဗိုလ့်ကို မုန်းတီးရွံရှာသည်။

"မလာစေနဲ့ အန်တီခိုင်။ နွယ်လေး မကြိုက်ဘူး"

ဒီလိုပြောထားလည်း..."အဒေါ်ဆိုတော့ တွေ့ချင်လို့ပါ နွယ်လေးရယ်"ဟု နှစ်သိမ့်တတ်သည်။ ဗိုလ်ဗိုလ် ရဲတင်းစွာ နွယ်လေးစာကြည့်ခန်းထဲ ဝင်လာတတ်သည်။ တွေ့ကရာပစ္စည်းနှင့် ကောက်ပေါက်လည်း အပြုံးမပျက်တတ်ပါ။

"ဖေဖေ...သမီး ဒီကထွက်သွားဖို့သင့်ပြီ"

"မဟုတ်တာ သမီးရယ်...ဖေဖေစိတ်မချမ်းသာအောင် မပြောပါနဲ့။ မခိုင်ကိုကြည့်ပြောပါဦးမယ်"

"အန်တီခိုင့်ပြောလည်း အပိုပဲ။ ဗိုလ်ဗိုလ်ဝင်ထွက်နေတာ ကြာရင်...သမီး လူသတ်မှုဖြစ်မယ်"

ဖေဖေ ထိတ်လန့်တကြားပြန်ကြည့်ရင်း နားလည်စိတ်မကောင်းဖြစ်ရ၏။

"ဒါဆို ဖေဖေ တစ်ခုခုကိုအကောင်းဆုံးဖြစ်အောင် စီစဉ်

ပေးမယ်။ သမီးဘယ်မှမသွားနဲ့နော်”

ဖေဖေ့အကောင်းဆုံးနေရာမှာ ခုတော့ နွယ်လေးမပျော်တော့ပါ။ မာနမျက်နှာနှင့်မဟုတ်သော်လည်း ပြုံးရယ်မှုနည်းလှသောကိုကြီးကို စိတ်ထဲမှာမတွေ့။ ညနေပိုင်းက မိုးရွာလို့ခေါ်တာလည်းကြည့်လေ...“မင်းဖျားရင် ကျောင်းပျက်မယ် အလုပ်ပျက်မယ်”တဲ့။

နွယ်လေးမရှိတုန်းက ဘယ်သူတွေ တာဝန်ယူခဲ့သလဲ၊ ဘယ်သူတွေပြုစုခဲ့သလဲ။ နွယ်လေးက သူ့ကျွန်လား...ဟင်း... ဘယ်တော့မှ သူ့ကျွန်မဟုတ်ဘူး။ မုန်းလိုက်တာ သိပ်မုန်းတာပဲ။ ရင်ထဲမှာ မွန်းကြပ်စွာခံစားရင်း တစ်ကိုယ်လုံးကိုက်ခဲလာ၏။

လည်ချောင်းတွေပူ၊ အာခေါင်တွေကခြောက်နှင့် ရေသောက်ချင်လိုက်တာ...ရေ...ရေ...ရေပေးပါ။

နွယ်လေး, ရေတမ်းတရင်း မေ့ခနဲအိပ်ပျော်သွား၏။

▣▣▣



## အခန်း (၅)

ထမင်းစားပွဲမှာ နွယ်လေး ပြင်ဆင်မပေးသော်လည်း ထွေးထွေးကို ခါတိုင်းလို မျက်နှာတင်းတင်းနှင့် မကြည့်ဖြစ်တော့ “မင်းတို့စားပြီးပြီလား”ဆိုသည့်အမေးကို ခေါင်းရမ်းပြသည်။

တစ်စုံတစ်ယောက်ကိုမမေးမိစေရန် ထမင်းစားပွဲထိပ်မှာရှိသည့် မေမေ့ပန်းကန်ထဲကို ဟင်းမျိုးစုံ ဦးချဖြစ်သည်။

သံပရာရည်ခွက်လာချပေးသောထွေးထွေးကို တစ်ချက်မော့ကြည့်ပြီး သတင်းစာဆက်ဖတ်နေပေမယ့် နောင်ရဲစိတ်ထဲမှာမကောင်း။ ထွေးထွေးထက်ပိုပြီး လုပ်တတ်ကိုင်တတ်ပါလျက် နောင်ရဲ ဘာကြောင့်ပြေပြစ်စွာမပြောမိပါလိမ့်။

ထိုအခိုက် လမ်းထိပ်မှ ဒေါ်စုကြွေ့ဝင်လာပြီး အိမ်နောက်

ထဲ လှမ်းကြည့်နေ၏။

"ဘာဝယ်လာတာလဲ ဒေါ်စု"

"ဟို…ဆေး…ချွေးထုတ်ဆေးပါ"

"ဗျာ…ချွေးထုတ်ဆေး၊ ဘာလုပ်ဖို့လဲ"

"နွယ်လေးအတွက်ပါ ကိုရဲ"

တစ်ခွန်းမေးတစ်ခွန်းဖြေနေသည့် ဒေါ်စုကို စိတ်မရှည်စွာ…

"ရှင်းရှင်းပြောပါ ဒေါ်စုရယ်"

"နွယ်လေးဖျားနေတာကိုရဲ၊ မနေ့ညကတည်းက။ ဒေါ်စု ဒီမနက် အိမ်ကဆေးယူတိုက်တော့လည်း မသောက်ဘူး။ ခုညနေမှ လမ်းထိပ်ကွမ်းယာဆိုင်က ဆေးနီမှုန့်ဝယ်ပေးပါတဲ့။ ကွမ်းရွက်ပြုပ်နဲ့သောက်မယ်တဲ့"

"ဟာဗျာ"

နောင်ရဲ စိတ်ရှုပ်စွာ ညည်းညူရင်း သူ့အိပ်ခန်းထဲသို့ဝင်ကာ ဆေးအိတ် သွားယူ၏။ ဒေါ်စုက အံ့ဩစွာ အခန်းဝမှာရပ်လျက်က "နွယ်လေးက….ကိုရဲကိုမပြောနဲ့တဲ့"ဟုဆိုကာ အနောက်က လိုက်ဖြစ်၏။

အိပ်မပျော်သော်လည်း မျက်လုံးတွေကိုဖွတ်မှိတ်ထားဆဲ နွယ်လေးမျက်နှာပြင်မှာ မျက်ရည်တွေရွှဲနေ၏။ အားငယ်စရာပေါ့။ ဒီအခန်းထဲမှာ နေကောင်းစဉ်က တစ်ယောက်တည်း လွတ်လပ်သည်ဟုထင်ထားပေမယ့် နေမကောင်းတော့ စားပွဲတင်နာရီ မြည်သံကပင် ထိတ်လန့်ချင်စရာပဲ။





ညက တစ်ညလုံး ရေငတ်သည်မှာ အိပ်မက်ထဲတောင် ယောင်ပြီး ရေတောင်းမိ၏။ သို့ပေမယ့် နွယ်လေးကိုယ်တိုင်လည်း မထနိုင်။ ဒေါ်စုတို့ကလည်း မကြားတော့ ခြောက်ကပ်နာကျင်သောလည်ချောင်းကို လက်ဖြင့်အသာဖိရင်း အိပ်ပျော်ခဲ့ရ၏။

ဟော! အခန်းထဲဝင်လာသည့်ခြေသံ။ နွယ်လေးငြိမ်သက်စွာ နားထောင်နေစဉ် နူးညံ့ညင်သာသောလက်ဖြင့် နဖူးပြင်ကို လာစမ်းသည်မို့ ထိတ်လန့်အံ့ဩစွာ မျက်လုံးဖွင့်ကြည့်ဖြစ်၏။

"နွယ်လေးကို ဆေးတိုက်မလို့လား၊ မသောက်ဘူးကိုကြီး မသောက်ဘူး…စိတ်ချ"

ဘုတောလိုက်သည့်ကလေးမကို စိတ်တိုသွားမိသော်လည်း မနေ့က သူပြောထားသည့်စကားကို နာကျင်ထားသည်ကိုတွေးမိတော့ စိတ်မကောင်း။

"မင်းကိုဆေးတိုက်မှာမဟုတ်ဘူး၊ ဆေးထိုးမှာကွ။ ဒေါ်စု ရေနွေးယူခဲ့ပါဗျာ"

နွယ်လေး ဒေါသတကြီး အိပ်ရာထက်က ထလိုက်ပေမယ့်…

"အို…အမေ့"

"မထနဲ့ နွယ်လေး…သိပ်ကိုကိုယ်တွေပူနေတယ်။ရေခဲတင်ရဦးမှာ"

ချော့မော့ပြောရင်း နွယ်လေးကို နေရာမှာ ပြန်အိပ်ခိုင်းရသည်။ မျက်ရည်တွေရွှဲရွှဲစိုနှင့် သဲသဲမဲမဲငိုထားသောသူမကို

နှောင်ရဲ့ မာကျောခက်ထန်စွာ မဆက်ဆံမိစေရန် ကိုယ့်ကိုယ်ကို သတိပေးထားရသည်။

ရေခဲဝတ် တင်ပေးထားပါလျက် နွယ်လေး တစ်ညလုံး ယောင်ပြီးခေါ်နေတာ၊ နှောင်ရဲ့ တစ်ခါတလေ သူပါ ယောင်ထူးမိသည်။

"ကိုကြီး"

"ဟင်"

"ကိုကြီးကို နွယ်လေးအရမ်းမုန်းတယ်"

ဟာ...နှုတ်က ယောင်ခေါ်နေတာ ထူးမိသည့် သူ့အဖြစ် သူရှက်မိသလိုလို။

"နွယ်လေးပြန်တော့မယ်၊ ဒီမှာမပျော်ဘူး"

ဒီစကားကိုတော့ နှောင်ရဲ့လက်မခံ၊ အားကိုးမဲ့စွာခိုဝင်လာသူကို သူ ဘာကြောင့်တင်းတင်းမာမာဆက်ဆံနေပါလိမ့်။

"အန်တီခိုင့်ကိုလည်းမုန်းတယ်။ ဖေဖေ့ကိုလည်းမချစ်ဘူး"

ခြောက်သွေ့သောနှုတ်ခမ်းတွေကို လျှာနှင့်တို့ရင်း သူမ ရင်ထဲမှာရှိတာတွေ လျှောက်ပြောသည်။

"ရေ.....ရေ" ခေါင်းရင်းဖန်ခွက်ထဲကရေကို ဒေါ်စုက အသာပွေ့ထားလျက် နှုတ်ခမ်းဆီ တေ့ပေးသောအခါ အငမ်းမရ သောက်ပြီး ရင်ထဲမှာ ပူလိုက်တာဟု ညည်းရှာသည်။

"မေမေစိတ်မကောင်းဘူး။ တစ်ချိန်က သူ့အဖေနဲ့မေမေတို့က တစ်စီးပွားတည်းသမားတွေပါ၊ ခုချိန်မှာ ကလေးမလေး





သိမ်ငယ်ရှာမယ်။ ရောက်စက သိပ်နေချင်ပုံမရလို့ မေမေတို့မှာ အလုပ်တွေရှိပါတယ်။ ဒီမှာနေပြီး အိမ်သားလိုလုပ်ကိုင်ပေးဖို့ ပြောမိတာပါ"

"ကျွန်တော်လည်း...သူ့ကိုအရမ်းတင်းမာထားမိတယ် မေမေ"

"အရင်ခံစားချက်တွေ မပျောက်သေးတာလည်း ပါတာပေါ့လေ"

"ဟာ...မေမေ"

နှောင်ရဲ့ ရှက်သလိုမို့ မိခင်ဖြစ်သူကိုအလန့်တကြားမော့ကြည့် ခေါင်းရမ်းပြမိ၏။

"နွယ်လေးက နွယ်လေး...ထွေးထွေးနဲ့မရောပစ်ပါနဲ့ သားရယ်။ မေမေစိတ်ချအိပ်မယ်နော်၊ သား မကြာခဏဆင်းလာကြည့်ပေးပေါ့"

"ဟုတ်ကဲ့မေမေ၊ စိတ်ချပါ"

ထိုတစ်ညလုံး နှောင်ရဲ့ တစ်မှေးမှမမှေးဖြစ်ခဲ့၊ နွယ်လေး ယောင်ခေါ်တိုင်း သူရောဒေါ်စုပါ ထဖြစ်သည်။

မိုးလင်းမှ ပက်လက်ကုလားထိုင်မှာ မှေးခနဲအိပ်ပျော်သွားပြီး မျက်လုံးဖွင့်အကြည့်၊ ခုတင်ပေါ်မှ သူ့ကိုတအံ့တသြကြည့်နေသည့်နွယ်လေးနှင့် အကြည့်ချင်းဆုံသွား၏။

"ကိုကြီး"

"လာပြီနွယ်လေး၊ ဘာလိုချင်သလဲ။ နေရတာ သက်သာရဲ့လား"

"သက်သာပါတယ်။ ကိုကြီး အိပ်ရေးပျက်ပြီနော်"

"ရပါတယ်ကွာ၊ ကော်ဖီသောက်လို့ရတယ်၊ နေဦးနော် ထွေးထွေးလာပို့လိမ့်မယ်"

နွယ်လေးကိုနှစ်သိမ့်ရင်း အပြင်ထွက် မျက်နှာသစ်၏။ ဆာနေမှန်းသိပေမယ့် ထမင်းစားခန်းထဲ မဝင်ဖြစ်သေးဘဲ နွယ်လေးရှိရာ ပြန်ဝင်ခဲ့သည်။ နောင်ရဲကိုယ့်ကိုယ်ကိုပင် ဘာလုပ်မိမှန်းမသိ။ စိတ်ထဲမှာတော့ နွယ်လေးအပေါ် မာကြောခက်ထန်စွာ မပြောဖြစ်တော့မှာ သိနေ၏။

"ကိုကြီး"

ခုတင်ပေါ်မှာထိုင်ရင်း အခန်းထဲဝင်လာသည့်နောင်ရဲကို မဝံ့မရဲလှမ်းခေါ်၏။

"နွယ်လေး ဘာစားချင်လဲ...ပြောလေ"

"ဟင့်အင်း...ဘာမှမစားချင်ဘူး၊ နွယ်လေးလက်ခုံလေးကို ဆိတ်ကြည့်ချင်တယ်"

"ဟာ...ဘာဖြစ်လို့လဲ နွယ်လေးရဲ့"

"အိပ်မက်လားတကယ်လားဆိုတာ သိချင်လို့ပါ"

စကားဆုံးတော့ နွယ်လေး မျက်ရည်တွေ ကျလာပြန်သည်။

"မဟုတ်တာဘဲနွယ်လေးရယ်။ နောက်ကိုလည်း ကိုကြီးတို့နှစ်ယောက် ခင်ခင်မင်မင်နေကြရမှာပါ။ ကိုကြီးစိတ်တွေ မာကြော ခက်ထန်မနေစေတော့ပါဘူး"

"နွယ်လေးလည်း မရိုင်းတော့ဘူး၊ ပြန်လည်းမပြော





တော့ဘူး။ မှားတာရှိရင် ကြေပါနော်"

လက်နှစ်ဖက်ကိုပူးယှက်ရင်း မျက်ရည်ဝဲစွာတောင်းပန်နေသည့် နွယ်လေးလက်တို့ကို အသာအယာဆုပ်ကိုင်ဖြစ်၏။ ကိုယ်ငွေ့နွေးနွေးကျန်နေသေးတာ သိလိုက်သည်။

▣▣▣




## အခန်း (၆)

မိုးတွေရွာတော့မည်။ တောင်ဘက်ဆီက တိမ်အုပ်မဲမဲတွေ တက်လာ၏။ နွယ်လေး ထီးမပါတာကြောင့် ခပ်သွက်သွက်သွားနေစဉ် ကိုကြီးကားလေးနှင့် မျက်နှာချင်းဆိုင်တွေ့ရသည်။

"နွယ်လေး"

ကားတံခါးဖွင့်ပေးလာသည့်ကိုကြီးကို အံ့သြစွာ မော့ကြည့်ရင်း ကားထဲငုံ့ဝင်ဖြစ်သည်။

"ဆေးရုံကို ခဏပြန်သွားမှာ၊ နွယ်လေးပါ လိုက်ခဲ့ပေါ့"

ဟင့်အင်းလို့ငြင်းရင် ကိုကြီး ကျေနပ်မည်မထင်။ နွယ်လေး, ကိုကြီးဘေးမှာဝင်ထိုင်ရင်း ခေါင်းညိတ်ပြသည်။

နေကောင်းပြီးကတည်းက ကိုကြီးနှင့်နွယ်လေး စကား

ပြောရတာ အဆင်ပြေခဲ့တာလေး မပျက်ပါရစေနဲ့။

နွယ်လေးက သိတတ်ရိုကျိုးစွာ နေထိုင်ပြောဆိုတတ်တော့လည်း ကိုကြီးက ငဲ့ညှာကြင်နာစွာ ဆက်ဆံတာလည်း ရှိမည်လေ။

"ကိုကြီး ခဏဆင်းမယ်၊ လိုက်ခဲ့မှာလား"

"ဟင့်အင်း...နွယ်လေး စောင့်နေမှာ။ ဖြည်းဖြည်းသွားပါကိုကြီးရဲ့"

ကားတံခါးအမြန်ပိတ်ရင်း ခပ်သွက်သွက်လျှောက်သွားသည့် နောင်ရဲနောက်ကျောကိုကြည့်ပြီး နွယ်လေးပြုံးဖြစ်သည်။

ခုတော့လည်း ကိုကြီးက သူ့ကို တစ်ခါမှမဟောက်ဖူးမငေါက်ဖူးခဲ့သလိုပါပဲ။

ထွေးထွေးအဖေဆုံးလို့ တောပြန်သွားတော့ နောက်တစ်ယောက်ထပ်ရှာဖို့စီစဉ်ပေမယ့် နွယ်လေးလက်မခံဖြစ်ပါ။

"အဝတ်လျှော်တာ၊ မီးပူတိုက်တာ နွယ်လေး လုပ်နိုင်သားနဲ့ အပိုငွေကုန်ပါတယ်။ မရှာပါနဲ့ကိုကြီး"

"မင်းတစ်ယောက်တည်း ပင်ပန်းမှာပေါ့ကွာ၊ အဆင်ပြေရင် ထပ်ခေါ်တာပေါ့မေမေ။ နွယ်လေးက ကျောင်းတစ်ဖက်နဲ့စာကြည့်ချိန်ရမှာမဟုတ်ဘူး"

ဒီတုန်းက နွယ်လေး ဘာမှထပ်မပြောပေမယ့် ကိုကြီးဝေယျာဝစ္စမှန်သမျှ နွယ်လေး ထမ်းဆောင်ဖို့ ရည်ရွယ်ပြီးသား။

နွယ်လေး ကားပေါ်ကဆင်းရင်း ဆေးရုံဝန်းထဲက ပန်းခြံလေးထဲက နှင်းဆီအိုးတွေကိုငေးနေမိသည်။





နောင်ရဲတို့ဆရာဝန် နားနေခန်းနှင့်နီးနီးလေးမို့ သဲကွဲစွာမြင်ရသည်မို့...

"ဟာ...နောင်ရဲ, မင်းကားပေါ်က ကောင်မလေးတစ်ယောက် ဆင်းလာတယ်၊ ဘာတော်လဲ"

"ငါ့ညီမလေးပါ"

"စောစောကမသိရပါလား နောင်ရဲရာ။ အားကိုးပါရစေ ယောက်ဖရယ်။ ကြည့်စမ်း! ချစ်စရာကောင်းလိုက်တာကွာ။ ကျောင်းဝတ်စုံလေးနဲ့တောင် သိပ်လှနေတာ။ ဟော...ပန်းပွင့်လေးတွေလိုက်ကြည့်နေတဲ့ သူ့မျက်လုံးလေးတွေက စိမ်းလဲ့နေပါရောလား"

"ဟာကွာ"

နောင်ရဲစိတ်မရှည်စွာ တစ်ချက်အော်မိရင်း မပြီးသေးသည့်အလုပ် ဆက်လုပ်နေသည်။ ငါးမိနစ်လောက်သာထင်လို့ ခဏလေးပြောခဲ့တာ ဆယ့်ငါးမိနစ်ရှိတော့မှာပါ။

သူငယ်ချင်း ဆက်မော်က ပါးစပ်ကပြောရင်း မျက်လုံးတွေက နွယ်လေးရှိရာ ရောက်နေသည်မို့ သူဒေါသတွေအရမ်းထွက်နေ၏။ နောက်တစ်ခါမစရဲအောင် "ငါ့ကောင်မလေးကွ" လို့ပြောလိုက်မိရင်အကောင်းသား။ အို...ဒီလိုဆိုလည်း နွယ်လေးနစ်နာရှာမှာပါလေ။

"နောင်ရဲ...မင်းမတိုနဲ့ကွာ။ ငါ့တုန်းကတော့ ညီမတစ်ယောက်လုံးကို ရက်ရောစွာပေးခဲ့သားနဲ့"

"ဟိတ်ကောင်...ဆက်မော်"

နောင်ရဲ့ဆက်မပြောဖို့ မာကြောခက်ထန်စွာ အော်လိုက်မိပြီးမှ အားနာသွားသည်။ သို့ပေမယ့် ဆက်မော်က စိတ်ဆိုးဟန်မပြ။

"ဆောရီးကွာ...မင်း ခုထိခံစားနေရသေးလား။ နောက်မစတော့ဘူး"

ဟု ပြာပြာသလဲတောင်းပန်သည်။

"သွားမယ်သူငယ်ချင်း၊ နောက်အစမဖေါ်စမ်းပါနဲ့။ အားလုံးကိုမေ့ထားပါရစေကွာ"

နောင်ရဲ့ထွက်လာတာမြင်တာနဲ့ နွယ်လေး တိတ်ဆိတ်စွာ သူ့နေရာသူပြန်ထိုင်နေ၏။

"သိပ်ညောင်းနေသလား။ ခဏလေးဆိုတာတောင် ငြိမ်ငြိမ်ထိုင်မစောင့်နိုင်ဘူး"

အံ့ဩထိတ်လန့်စွာ မော့ကြည့်လာသည့်နွယ်လေးကို ဥပက္ခာပြုရင်း ကားတံခါးကိုအားကုန်ဆောင့်ပိတ်ပစ်သည်မို့ ရင်တွေတောင်တုန်လိုက်တာ။

ဘာဖြစ်လို့ ချက်ခြင်းကြီး မျက်နှာပျက်ပြီး တည်တင်းသွားရတာလဲကိုကြီးရယ်၊ နွယ်လေး ပန်းတွေလှလို့ ဆင်းကြည့်မိတာ အပြစ်ရှိပါသလား။ နေမကောင်းတုန်းက ရထားကြတဲ့ပြေလည်မှုတွေ မပျက်စီးပါရစေနဲ့။ နွယ်လေး အားငယ်နေတတ်ပြီလေ။

အိမ်ရောက်သည်ထိ ကိုကြီးထံမှ စကားတစ်လုံးမှထွက်မလာတော့သည်မို့ နွယ်လေး ဝမ်းနည်းစွာပဲ အခန်းထဲပြေးဝင်ခဲ့





သည်။

ဘာတစ်ခုမှ မမှားခဲ့ပါလား။

ထမင်းစားချိန်ရောက်သည်ထိ ဆင်းမလာသော ကိုကြီးကို...

"သွားခေါ်လိုက်ပါ နွယ်လေး။ သား ဘာဖြစ်လို့ဆင်းမလာတာလဲ"

ဆိုသည့် မေမေကြီးအပြောကြောင့် အခန်းဝမှာရပ်ရင်းခုတင်ပေါ်မှာထိုင်ကာ နဖူးပေါ်လက်တင်စဉ်းစားနေသည့် ကိုကြီးကို ရုတ်တရက်မခေါ်ရဲပါ။

"ထမင်းစားမယ် ကိုကြီး"

"နေဦး...နွယ်လေး"

လှည့်ပြန်သွားဟန်ပြင်သည့် နွယ်လေးမျက်ဝန်းညိုးများကို သနားကြင်နာစွာကြည့်ပြီး.....

"ရေချိုးပြီးအောင် စောင့်ဦးကွာ။ ကိုကြီးတစ်ယောက်တည်း ပျင်းတယ်"

"ဟင်း...ခါတိုင်းလည်း တစ်ယောက်တည်းများ၊ စိတ်ဆိုးပြေတော့လည်း မြန်လိုက်တာ"

နှုတ်က မပြောရဲပေမယ့် နှုတ်ခမ်းတွန့်ပြုံးရင်း အပြေးဆင်းခဲ့၏။

▣▣▣




## အခန်း (၇)

"နွယ်လေး...သံပရာရည်နှစ်ခွက် သွားပို့ပေးပါဦး"

သံပရာရည်ခွက်ထိုးပေးရင်း ခိုင်းလာသည့်ဒေါ်စုကို အားနာစွာယူလိုက်ရပေမယ့် နွယ်လေးသွားမပို့ချင်ပါ။

ကိုကြီးနှင့်မျက်နှာချင်းဆိုင်ပြီး စကားရယ်ဖွဲ့နေမည့် မမရတနာကို မုန်းတီးမှုမဟုတ်တဲ့ မနှစ်မြို့မှုတွေ နွယ်လေး တားဆီးမရခင် ရင်ထဲမှာ အမြဲရှိနေတာလေ။

"သံပရာရည်က ချဉ်လိုက်တာနွယ်လေးရာ။ ပြန်ပြင်ပေးဦး"

ဟုဖွင့်ဆိုလာသည့် ကိုကြီးကို မကျေနပ်စွာ ပြန်မကြည့်မိစေဖို့ စိတ်ထိန်းရင်း မီးဖိုထဲပြန်ဝင်ခဲ့၏။

"ဘာလိုတာလဲ နွယ်လေး။ ရေခဲလိုတာလား"

"ဟင့်အင်း...ချဉ်လွန်းတယ်တဲ့"

"ဟုတ်ပါ့တော်၊ သကြားထည့်ဖို့မေ့သွားတာ၊ ဟီး...ဟီး"

ဒေါ်စုအားပါးတရရယ်လိုက်စဉ် နွယ်လေးပါ ရောရယ်မိသည်။ သကြားတွေတအားထည့်ကာ နွယ်လေးတစ်ခေါက်ရောက်ခဲ့ပြန်သည်။

"ဟာ...အရမ်း...အရမ်းချိုလိုက်တာ။ ညှံ့လှချည်လား နွယ်လေးရာ"

ရတနာအံ့သြစွာမော့ကြည့်ရင်း ရှုံ့မဲ့သွားသည့်နောင်ရဲကိုကြည့်ကာ သဘောကျစွာ ရယ်နေသည်။ နွယ်လေးမျက်ဝန်းတွေကိုထိန်းမထားမိဘဲ ဒေါ်သတကြီးပြန်ကြည့်မိသည်လေ။

"နွယ်လေး မဖျော်တတ်တော့ဘူး။ တစ်ချို့က ညှံ့မှကြိုက်တယ်လို့ ဆိုရိုးစကားရှိတယ်မဟုတ်လား"

မပေါက်ကွဲပါဘူးလို့ တင်းထားတဲ့ဒေါ်သတွေ တားဆီးမရအောင်ဘဲ ပေါက်ကွဲမိတဲ့နောက် မျက်ရည်တွေရွဲစိုလို့ပါပဲ။

ရတနာ့ကားလေးထွက်သွားပြီး မကြာခင် ကိုကြီး ခြံထဲကိုဆင်းလာသည်။ နောင်ရဲ တကယ်တော့ ကြည်စယ်မှုလွန်သွားတာပါ။ ရတနာရှေ့မှာ ရင်းရင်းနှီးနှီးစလိုက်တာပါပဲ။ သို့ပေမယ့် နွယ်လေး နားလည်လက်ခံမှုမရှိတာ သေချာသည်။

မာကြော ပြတ်တောက်စကားနှင့် စူးစူးရဲရဲအကြည့်ခံလိုက်ရတာ ရင်ထဲမှာ မကောင်းခြင်းနှင့်အတူ သနားစိတ်ဖြစ်ရ၏။





"နွယ်လေး"

ဇွန်ပန်းရုံဘေးမှာထိုင်ရင်း အဓိပ္ပာယ်မဲ့မြက်ပင်လေးတွေကိုဆွဲနုတ်နေသည့် နွယ်လေးလက်ကလေးတွေကို ကြင်နာစွာဆွဲကိုင်ထားလိုက်သည်။

"ကိုကြီးကိုစိတ်ဆိုးတာ ဒီမြက်ပင်လေးတွေမှာ အပြစ်မရှိဘူးနော်။ ကိုကြီးစတာပါ...ထ...ထမင်းစားကြမယ်"

"ဟင့်အင်း...နွယ်လေးမစားဘူး"

လက်တွေကိုရုန်းထွက်ရင်း နွယ်လေး အိမ်ထဲအပြေးဝင်ခဲ့၏။ ကိုကြီးရှေ့မှာ မငိုချင်၊ စိတ်လည်းမတိုချင် ကြည်အေးနေတဲ့ဆက်ဆံမှုကို ဘာမဟုတ်တာလေးနှင့် မဖျက်ဆီးရက်တာပါ။

ကိုကြီး,စတာလို့ ဝန်ခံလိုက်စဉ်ကတည်းက ဒေါသတွေကြေပျက်ရပြီးဖြစ်ပေမယ့် ရတနာဆိုတဲ့မမရှေ့မှာ တခါမက နှစ်ခါ ပြန်ခိုင်းတာတော့ ကိုကြီးမကောင်းတာပါဘဲ။

ညနေပိုင်း နွယ်လေး ထမင်းထွက်မစားတော့ နောင်ရဲစိတ်မကောင်း။ အရှေ့ခန်းမှာထိုင်ရင်း စီးကရက်တွေဖွာရင်း ဘာရယ်လို့မရည်ရွယ်တဲ့အတွေးတွေ တောင်ရောက်မြောက်ရောက်။ ညှံ့လိုက်တာလို့ပြောစကားဆုံးတော့ သူမမျက်နှာလေး ရုက်စိတ်ကြောင့် ရဲခနဲနီသွားတာက တစ်မျိုးချစ်စရာကောင်းတာဟုလည်းတွေးမိ၏။

"ဒေါ်စု...နွယ်လေးကို ထမင်းစားခေါ်လိုက်ပါဗျာ"

"အိပ်ပျော်နေတယ်ကိုရဲရဲ့။ ခေါင်းကိုက်တယ်လို့လည်းပြောတယ်"

"လိုက်ခဲ့ပါဦး...ကျွန်တော် ဝင်ကြည့်ချင်တယ်"

အိပ်ရာပေါ်မှာ သနပ်ခါးတွေမျက်ရည်တွေနှင့်ရောထွေးရင်း အိပ်ပျော်နေတဲ့နွယ်လေးရဲ့နဖူးကို ကြင်နာစွာစမ်းကြည့်မိတဲ့ခဏ ရင်မှာ လှိုက်ခနဲ နင့်မောစွာခံစားရ၏။

ကိုရဲလည်း ထမင်းမစားဖြစ်ဘဲ အိမ်ရှေ့ဝရံတာမှာ ထွက်ထိုင်ရင်း စီးကရက်တွေသာ သောက်နေမိ၏။

နေ့ခင်းက ဆေးရုံက ထမင်းစားမပြန်ခင်"ကိုရဲအိမ်လာလည်မယ်နော်။ မတွန့်တိုနဲ့ကွာ"ဟု စသော ဒေါက်တာသက်မော်စကားကြားယောင်ရင်း စိတ်ထဲမှာ မချမ်းမြေ့စွာခံစားရ၏။

ထိုအခိုက် မီးဖိုထဲမှာ ဖေါက်ခနဲအသံနှင့်အတူ မီးလင်းလာသည်ကို မြင်လိုက်၏။

နောင်ရဲ ခြေဖော့နင်းရင်း ထမင်းစားခန်းရှိရာ လျှောက်ခဲ့၏။

ထမင်းစားပွဲမှာထိုင်ရင်း ထမင်းစားဖို့ပြင်နေသည့် နွယ်လေးကိုတွေ့လိုက်ရသည်။

"နွယ်လေး"

"ဟင်!"

အံ့သြစွာမော့ကြည့်ရင်း ထပြေးရန်ပြင်လိုက်သည့်နွယ်လေးလက်ကို အသာဆွဲထားရင်း...

"ဘယ်ပြေးမှာလဲ၊ ကိုကြီးလည်း ထမင်းမစားရသေးဘူး။ ခုတစ်ခါတည်းစားမယ်"

နွယ်လေးခေါင်းငုံ့ရင်း ထမင်းပွဲပြင်ပေးမိ၏။ ငြင်သာ





သိမ်မွေ့စွာလုပ်ကိုင်တတ်သည့်နွယ်လေးကိုကြည့်ရင်း ရောက်ခါစက စွာတေးလန်မလေးကိုသတိရမိသည်။

ဟင်းခွက်ထဲက ကောင်းနိုးရာရာကိုရွေးဆယ်ပြီး ဦးချလာသည်မို့ နောင်ရဲ ကျေနပ်စွာပြုံးနေမိ၏။

◻◻◻




## အခန်း (၈)

ဆူညံနေသောစကားသံတွေကို ထိုးဖောက်ရင်း...

"နော်...ကိုရဲ့, မင်းညီမလေးကိုခေါ်ကွာ၊ မိတ်ဆက်ပေး" ဟု ပူဆာလာသော ဆက်မော်ကို မကျေနပ်စွာမကြည့်မိစေရန် သတိထားရသည်။

လှပလွန်းသည့်နွယ်လေး...

အနက်ရောင် ပြောင်လုံချည်နှင့် အဝါရောင် ရှပ်လက်ရှည် လေးကိုတွဲဝတ်လျက် ဖြူဝင်းသန့်ပြန့်သည့်သူ့ရုပ်လေးက သိပ်ကိုချစ်စရာကောင်းနေ၏။ ဝေထွန်းကပင် သိပ်လှကဲ့ကောင်မလေးဟု တိုးတိုးပြော၏။ ခါးထိနေသောဆံပင်ရှည်ကြီးက နက်မှောင်လွန်းသည်။ တစ်ခါက ဆံမျှင်တွေ ထမင်းချက်တဲ့အထဲဝင်

မယ်လို့ပြောထားပြီးကတည်းက သူ့ဆံပင်ရှည်ကြီးကို စည်းနှောင်ထားရှာသည်။

ကျောင်းသွား၊ ဈေးဝယ်ထွက်မှသာ လွတ်လပ်စွာဖြန့်ထားတတ်သည်မို့ စကားတစ်ခွန်းကို မှတ်သားတတ်လွန်းသည့် နှယ်လေးအကျင့်ကိုဂရုထားမိ၏။

"ကိုရဲ့ မင်းမခေါ်ပေးချင်နေကွာ။ ငါကိုယ်တိုင် လှမ်းခေါ်လိုက်မယ်"

ဆက်မော်စကားဆုံးသည်နှင့် စားပွဲမှထကာ နှယ်လေးရှိရာ လိုက်ရှာသည်။

"ညီမ...ခေါက်ဆွဲတွေစားပြီး အီနေတယ်၊ သံပရာရည်ဖျော်ပေးမလား"

"ဟုတ်ကဲ့"

သံပရာရည်ဖျော်ရန်ထွက်သွားသည့် နှယ်လေးနောက် ဆက်မော် လိုက်သွားရင်း...

"အစ်ကို ဘာကူလုပ်ပေးရမလဲ။ သံပရာသီး ညှစ်ပေးရမလား"

"ဟင့်အင်း...ရပါတယ်၊ နှယ်လေးကျွမ်းကျင်ပြီးသားတွေပါ"

"နှယ်လေးတဲ့လား"

ဖန်ခွက်တွေချပေးရင်း ရဲတင်းစွာမေးလာသည့် ထိုလူကို ဖျပ်ခနဲမော့ကြည့်မိ၏။ မျက်ဝန်းစူးစူးများနှင့် ပြုံးကြည့်လာသော သူ့အကြည့်အောက်မှာ နှယ်လေး မွန်းကြပ်လျောင်ပိတ်ကာ





အသက်ရှူမဝချင်သလိုပင်။

"ကိုယ်မေးတာပြောလေ။ နှယ်လေးတဲ့လား"

"ဟုတ်...ဟုတ်ကဲ့ နှယ်နှယ်လေးပါ"

"ချစ်စရာကောင်းလိုက်တာ။ သိပ်လှတဲ့နာမည်လေးပါလား"

ကိုကြီးသူငယ်ချင်းတွေကို ဘုတောဖို့လည်းမဟုတ်။ ရင်းရင်းနှီးနှီးဆက်ဆံရအောင်လည်းမရဲ။ ကိုကြီးလိုအသားမဖြူသော်လည်း အရပ်မြင့်မြင့်မားမားရှိ၏။ တစ်ခုခြားနားတာ နှယ်လေးသတိထားမိသည်က ကိုကြီးက ခပ်တည်တည်နေတတ်ပြီး သူက ပြုံးပြုံးရွှင်ရွှင်နေတတ်တာ ကွာခြားမှုပါ။

"တို့နာမည် ဆက်မော်...မင်းတို့ကိုကြီးနဲ့အလုပ်တူတူလုပ်ဘက်တွေ။ မှတ်ထားနော်...နောက်ဆို ခဏခဏလာလည်မှာ"

ခေါင်းမညိတ်လိုက်ပေမယ့် ဟင့်အင်းငြင်းရအောင် နှယ်လေးအိမ်မှမဟုတ်တာ၊ ကိုကြီးရဲ့သူငယ်ချင်းဆိုတော့ နှယ်လေး ဘာမှပြောပိုင်ခွင့်ရှိမည်မထင်။

"သံပရာရည်ရပြီဟော့"

ကြည်နူးပြုံးပျော်မှုကိုမြိုသိပ်ရင်း၊ လင်ဗန်းမရင်း ရှေ့မှ ဝင်လာသည့်ဆက်မော်ကို ယောက်ျားလေးတိုင်းက အားကျသော မျက်ဝန်းများနှင့်ကြည့်ပြီး နှောင်ရဲကိုလှမ်းကြည့်၏။

ရဲခနဲဖြစ်သွားသောမျက်နှာကိုပြင်ရင်း ဘာမှမဖြစ်သလို ထိုင်နေရပေမယ့် နှယ်လေးကိုစိတ်တိုတာ အရမ်းပါပဲ။

"ကိုကြီး...သံပရာရည်"

"မသောက်ချင်ဘူး၊ ပြန်ယူသွားကွာ"

ကမ်းလာသည့်လက်တို့ကို တုန်ယင်စွာပြန်ဆုတ်ရင်း ခေါင်းငုံ့လိုက်သောအခါ မျက်ရည်တွေဝဲလာ၏။ လူတွေမမြင် ခင် အမြန်ထွက်ခဲ့ရပေမယ့် တစ်ယောက်တလေတော့ မြင်ကြမှာ ပါ။

နွယ်လေးမှာ ဘာအပြစ်ရှိလို့လဲ ကိုကြီးရယ်။ နွယ်လေး ဒီအိမ်ရောက်စကလို မျက်နှာကြီး တင်းထားလိုက်တာ၊ ကိုကြီး သိပ်ကြိုက်တဲ့သံပရာရည်တောင် မသောက်ဘူးတဲ့လား။

ခပ်တင်းတင်းကြည့်ရင်း သံပရာရည်ခွက်ကိုလှမ်းယူရန် ငြင်းလိုက်သည့်ကိုကြီးကို မကျေနပ် မချင့်ရဲစွာ မျက်ရည်ကျမိ တာ။ အကြည့်စူးစူးအပြုံးချိုချိုမျက်နှာတွေကို ကြောက်ရွံ့တာတွေ ကြောင့် နွယ်လေး မီးဖိုထဲကထွက်ဖို့ စိတ်မကူးတော့ပါ။

ခုနေ ထွေးထွေးရှိရင် သိပ်ကောင်းမှာပဲဟုလည်းတမ်းတ ခြင်းဖြစ်မိ၏။ ဒေါ်စုက လူတွေက သိပ်များတာပဲကွယ်၊ ဘေးက လာကူတဲ့ကောင်လေးတွေ ရှိပေလို့ပေါ့။ တို့နှစ်ယောက်တည်း သာဆို, သေမယ်"ဟု ညည်းရှာသည်။

"ပြန်မယ် နွယ်လေး၊ နောက်လည်း လာလည်မှာနော်"

ထမင်းစားခန်းဝမှာရပ်ရင်း ပြန်ရန်နှုတ်ဆက်နေသည့် ဆက်မော်မျက်နှာကို တစ်ချက်မော့ကြည့်ရင်း"ဟုတ်ကဲ့"ဟု တိုး တိုးဖြေမိ၏။

"စိတ်ညစ်ဖို့ကောင်းလိုက်တာဒေါ်စုရယ်။ တစ်မျိုးကြီးပဲ





ကိုကြီးကလည်း ဘာစိတ်တိုမှန်းမသိဘူး"

"မောင်ရဲစိတ်က...တွေးရခက်တယ် နွယ်လေးရဲ့။ ဒါ ကြောင့်လည်း စပယ်ဖြူနဲ့လွဲခဲ့တာပေါ့"

"ဟင်! စပယ်ဖြူ၊ ဘယ်က စပယ်ဖြူလဲ။ နွယ်လေးတစ် ခါမှမကြားဖူးပါလား။ ပြောပြစမ်းပါဒေါ်စုရယ်"

အံ့ဩသိလိုစိတ်ပြင်းစွာ အလျင်စလိုမေးပြီးခါမှ ကိုကြီး ဝင်လာရင်ဆိုသည့်အသိကြောင့် လက်ကာပြမိ၏။

"စပယ်ဖြူဆိုတာ ဆက်မော်ညီမလေးလေ။ ကိုရဲ ငယ် ရည်းစား, သိပ်ချစ်ခဲ့တာပါ။ ဒါပေမဲ့...ကလေးမလေးက ကိုရဲ ဆရာဝန်မဖြစ်ခင် နိုင်ငံခြားပြန်ဆရာဝန်နဲ့ယူသွားတယ်"

"သြော်"

သနားတာလား မနာလိုတာလား မခွဲခြားနိုင်ဘဲ ရင်ထဲ မှာ တင်းကြပ်မွန်းနစ်စွာခံစားရ၏။

ညပိုင်းရောက်တော့ ကိုကြီးကို အိမ်ထဲမှာမတွေ့ရဘဲ ဖွန်ပန်းရုံလေးက ဒန်းလေးပေါ်မှာ ထိုင်နေတာမြင်တော့ နွယ် လေး ထမင်းစားခေါ်ရန် ဆင်းခဲ့၏။

ဒန်းလေးပေါ်မှာ အိပ်ပျော်နေသည်လား ငြိမ်သက်တိတ် ဆိတ်စွာရှိသည်။

"ကိုကြီး"

ရုတ်တရက်ခေါ်သံကြောင့် အတွေးရပ်ကာ"ဘာလဲ"ဆို သည့်သဘော လှမ်းကြည့်သည်။

"ထမင်းစားရအောင်တဲ့"

မေမေကြီးအခေါ်လွှတ်တာ သိပေမယ့် နှောင်ရဲ ဘာမှ ပြန်မပြော။

"သံပရာရည်ဖျော်ခဲ့စမ်းပါ နွယ်လေး၊ ထမင်းမစားချင်သေးဘူး"

"ဟုတ်ကဲ့"

စောစောက ငြင်းဆန်ထားခဲ့သောသံပရာရည်ကို အချိန်တန်တော့လည်း တမ်းတမိသည်။ နှောင်ရဲ, သံပုရာရည်ကို နေ့တိုင်းလိုလိုသောက်တတ်သည်။ သံပရာသီးရှားသောအခါမှာပင် ဈေးကြီးပေး၍ဝယ်ပြီး ရေခဲသေတ္တာမှာ သိမ်းထားတတ်သည်။

သံပရာရည်လာပို့သော နွယ်လေးကို တစ်ချက်မော့၍ ကြည့်ပြီး......

"မိန်းကလေးဆိုတာ အိန္ဒြေရှိရတယ်၊ သိက္ခာရှိရှိလေးနေတတ်စမ်းပါ နွယ်လေး"

"ကိုကြီးသူငယ်ချင်းတွေမို့ နွယ်လေး ဖျော်ပေးရတာပါ"

"မလိုဘူး, မင်းနေတတ်သလိုနေပါလား။ အနေမတတ်ရင် မင်း တန်ဖိုးမဲ့မယ်"

တုန်လှုပ်အံ့သြစွာ ေးကြည့်မိရင်း မျက်ရည်တွေစီးကျလာ၏။

"ဒီလောက်တောင် အပြောမရက်စက်ပါနဲ့ကိုကြီး။ ထားပါတော့...နွယ်လေး တန်ဖိုးမရှိဘူးလို့ဘဲ။ ဒီအနေအထားကို နွယ်လေး အမြဲမှတ်မိနေမှာပါ"

ရုတ်တရက်ကျောခိုင်းထွက်လာသည့်နောက် ကိုကြီးထံမှ "ငါကွာ......တောက်"ဆိုသည့် ပေါက်ကွဲသံကိုကြားရ၏။

နှောင်ရဲ သူ့ကိုယ်သူပင် နားမလည်နိုင်တော့။ စောစောပိုင်းက ဆက်မော်တို့တစ်စုကို သံပရာရည်ဖျော်ပေးတာလည်း သဘောမကျ၊ ပြီးတော့ နွယ်လေးနောက်က သံပရာရည်ဗန်းကိုင်ပြီး ပြုံးချိုသောမျက်နှာနှင့် လှမ်းကြည့်သည့်ဆက်မော်ကိုလည်း ကြည့်မရသည်မို့ ခြံထဲ အစောကြီးဆင်းထိုင်နေမိ၏။

နွယ်လေးကို ဆက်မော်တို့နှင့် မပြောမဆိုရန်တားမြစ်ပိတ်ပင်ဖို့ကျတော့လည်း သဘောထားသေးရာကျမည်။ ပြီးတော့သည်လိုပြောပိုင်ခွင့်လည်းသူ့မှာမရှိ၊ ပွင့်လင်းစွာတားရမှာလည်းရှက်နေမိသည်။

ထိုတစ်ညလုံး နှောင်ရဲ တော်တော်နှင့်အိပ်မပျော်။ ကြာမြင့်စွာ သိမ်းဆည်းထားခဲ့သောဒိုင်ယာရီဟောင်းကို ပြန်ဖွင့်ဖတ်မိ၏။ စာအုပ်ကြားထဲက မေစပယ်ဖြူ၏ လှောင်ပြုံး ပြုံးသလိုရှိနေသည့်ဓာတ်ပုံလေးကိုကြည့်မိ၏။

"ကိုကိုရဲထက်, မေက သာတဲ့လူကိုယူသွားတယ်ဆိုပြီး စိတ်ဆိုးသွားမှာလား။ တစ်နေ့ မေ့ထက်သာတာတွေ့တဲ့နေ့ ကိုကိုရဲလည်း မေ့ကိုကျေးဇူးတင်မှာပါ"

"တော်စမ်းမေ...မင်းထက်သာတာလည်းမရှာဘူး၊ တွေ့လည်း မတွေ့ဘူး...တွေ့သည့်တိုင် မချစ်ရဲတော့ဘူးကွာ။ ဒါပဲ..ဒါပဲ"

ဒေါသတကြီး ဖုန်းခွက်ကိုပစ်ချခဲ့တာ ဟိုး...လွန်ခဲ့တဲ့ခြောက်နှစ်လောက်ကတည်းက။

ခုပြန်တွေးရင် ခုပဲ ရင်မှာ နာကျင်စူးရှစွာခံစားရ၏။ စာရွက်သားတို့က ဝါကျင်ကျင်ရှိနေ၏။

သစ္စာမဲ့စွာ စွန့်ခွာထားခဲ့သောမေစပယ်ကို အတတ်နိုင်ဆုံးမေ့ထားပါလျက် ရုတ်တရက်ကြီးဘာဖြစ်လို့ သတိရသွားတာလဲ။ လရောင်ကိုမော့ကြည့်ရင်း အထီးကျန်စွာရှိနေသော နွယ်လေးကိုမြင်ရတော့ ညဦးပိုင်းကပြောခဲ့မိသည့်စကားတွေအတွက် စိတ်မကောင်းဖြစ်ရပြန်သည်။

"သိပ်ရှုပ်တဲ့ကောင်မလေးတွေပါပဲလား။ အိပ်မရဘူးကွာ စိတ်ညစ်တယ်"

◙◙◙



## အခန်း (၉)

ညနေပိုင်း ဆေးရုံက ပြန်လာချိန် သံပရာရည်ကို ဒေါ်စုလာပို့သည်မို့ အံ့သြသလိုကြည့်ရင်း "နွယ်လေးကော"ဟု မထိန်းသိမ်းနိုင်စွာမေးမိ၏။

"ကျောင်းက ပြန်မရောက်သေးတာ။ အားကစားပြိုင်ပွဲရှိတယ်လေ"

"ဪ" လက်မှနာရီကို အမှတ်မထင်ကြည့်လိုက်တော့ ငါးနာရီထိုးတော့မည်။ တော်ကြာ မှောင်တော့မှာ။ သွားကြိုပေးရင် ကောင်းမလား၊ တစ်ယောက်တည်း အတွေးတွေရှုပ်နေခိုက် လမ်းဘက်ချိုးဝင်လာသော စက်ဘီးနီနီလေးကိုတွေ့လိုက်ရ၏။

"နီမင်း,တော်တော့။ ဒီကပဲ ဆင်းလျှောက်မယ်"

“ဖြစ်ပါ့မလား၊ နင့်ခြေထောက်အနာကြီးနဲ့။ အထဲထိ လိုက်ပို့မယ်လေ”

“ရပါတယ်ဟာ…ဆင်းမယ်”

နွယ်လေး စိတ်မရှည်စွာအော်ရင်း ဆင်းလိုက်စဉ်…..

“အို! ”

“ဟာ…နွယ်လေး၊ သတိထားထောက်လေဟာ”

နွယ်လေးလက်မောင်းကို တင်းကြပ်စွာ ဆုပ်ကိုင်ထားသည့်နီမင်းကို မော့မကြည့်ဖြစ်ဘဲ “လွှတ်ဟာ”ဟု တိုးတိုးပြောမှ “ဆောရီး…တို့သိပ်စိုးရိမ်သွားလို့”ဆိုကာ နွယ်လေးလက်မောင်းကို လွှတ်ပေးလိုက်သည်။

“ဖြည်းဖြည်းလျှောက်နော်…ငါတွဲပို့ပေးရမလား”

“ဟင့်အင်း…ပြန်တော့…ရပြီ”

အားတင်းလျှောက်ပေမယ့် ခြေထောက်က တအားနာနေတာ သတိထားမိ၏။

“ဒါဘယ်လိုဖြစ်လာတာလဲ”

“ဟင်”

နွယ်လေးရှေ့မှာ ရပ်မေးလာသောကိုကြီးကို ဘာဖြေရမှန်းမသိ။

“ဟို…ခြေထောက်နာလာတာ၊ ကြက်တောင်ရိုက်ရင်းနဲ့ ခြေခေါက်သွားလို့”

“ငါမေးတာ ဒါတွေမဟုတ်ဘူး။ မင်း ဘာလို့ ဒီကောင်နဲ့ စက်ဘီးအတူစီးလာရတာလဲ။ ပြီးတော့ လူမြင်ကွင်းကြီးမှာ လက်





ဆွဲ ပခုံးကိုင်နဲ့ မရှက်ဘူးလား။ မိန်းကလေးဆိုတာ…သိက္ခာရှိရှိ ကျနေ့ရရနေတတ်ရမယ်ဆိုတာ မသိဘူးလား။ အင်းလေ…မင်း သိမှာလည်းမဟုတ်ပါဘူး၊ ငါပြောတာ မောရုံပါပဲ”

ရက်စက်စွာပြောတတ်သည့်ကိုကြီးစကားတွေကို နားထောင်ရင်း ဝမ်းနည်းကြေကွဲမှုက ဘယ်လိုမှဖြေသိမ့်မရသလို ရင်ထဲမှာဒေါသတွေ အပြင်းထန်ဆုံးပေါက်ကွဲနေ၏။

ကုတ်ဖဲ့ထုရိုက်ပစ်ချင်လိုက်တာ…. အသက်ခြင်းကွာခြားနေတယ်မဟုတ်လား၊ မုန်းစရာသိပ်ကောင်းတဲ့လူကြီး။ ချစ်ခင်လက်စတွေတောင် ဘယ်မှာမှ အစရှာစရာမရတော့သလို မုန်းတယ်…မုန်းတယ် ဟုအော်ပစ်ချင်၏။

ခေါင်းထဲမှာ တရိပ်ရိပ်မူးလာသည်။ ညကလည်း တစ်ညလုံးလိုလို အိပ်မပျော်ခဲ့၊ မနက်ကျောင်းမှာ ပြိုင်ပွဲစတော့ ခေါင်းထဲမှာ သိပ်မကြည်လင်ပေမယ့် ဆက်တိုက်ကစားပစ်ခဲ့၏။

ခြေခေါက်ကာ အဆစ်လွဲသွားသည်မို့ ဆရာမနားခိုင်းမှ နွယ်လေးရင်ထဲမှာ ခါတိုင်းထက်မောနေတာ သတိထားမိသည်။

သွားပါရစေ…မာန်တင်း ရန်လိုနေတဲ့ကိုကြီးရဲ့ရှေ့က ထွက်သွားပါရစေ…ခြေထောက်ကအနာကို သတိမရတော့ဘဲ ချာခနဲထွက်ပြေးလိုက်ပေမယ့် “အို” နွယ်လေးတစ်ကိုယ်လုံး တဆတ်ဆတ်တုန်ကာ အုတ်ပုံဘေးမှ ခွေခနဲလဲကျသွားသည်။

“နွယ်လေး”

မှားပြီဆိုသောအသိနှင့် အပြေးတစ်ပိုင်း ကောက်ယူပွေ့လိုက်တော့ မေ့နေသောနွယ်လေးနဖူးစွန်းမှာ သွေးတွေစီးကျလာ

သည်။ အုတ်ခဲကျိုးအမှုန်တွေ မျက်နှာမှာ ပေလူးကုန်၏။

"ဒေါ်စု.....ဒေါ်စု နွယ်လေးအခန်းမြန်မြန်ဖွင့်ပေးပါဗျာ"

နှောင်ရဲလက်ပေါ်မှာ ပျော့ခွေ မေ့မျောလာသောနွယ်လေးကို စိုးရိမ်ကြီးစွာကြည့်ရင်း......

"အမယ်လေး မောင်ရဲရေ...သွေးတွေနဲ့ပါလား"

"ဟာဗျာ အရေးထဲ....ကျွန်တော်က ပိုစိတ်ပူရတာပါ။ ရေနွေးမြန်မြန်ယူလာပေး...ဆေးအိတ်ကော"

ခုတင်ပေါ် အသာအယာတင်လိုက်ပြီး ရင်ခုန်စိတ်မောစွာ ဘာလုပ်ရမှန်းမသိသလို ရှိနေရာမှ ဒေါ်စုယူလာသည့်ရေနွေးနှင့် နဖူးမှအနာ ဆေးကြောပြီးမှ ဆေးထဲ့ကာ ပတ်တီးစည်းပေးထားသည်။

သွေးပေါင်ချိန်ကြည့်မှ အတော်လေးအားနည်းနေတာသိရ၏။ နွယ်လေးအသားတွေ ဖြူရော်လွန်းနေတာ ဘာလို့သတိမထားမိပါလိမ့်။ အရင်ရက်ပိုင်းတွေက ဒီလောက်မဟုတ်ပါဘူး။ ဆေးထိုးပေးပြီးမှ သက်ပြင်းချမိသည်။

ငါ ဘာဖြစ်လို့ နွယ်လေးအပေါ်မှာ ဒီလောက်တင်းမာသွားရတာလဲ... ဆက်မော်တို့နှင့် ရယ်မောစကားပြောနေကတည်းက ငါ့ရင်မှာတင်းကြပ်ပြီး ဒေါသဖြစ်နေတာ....မုန်းနေတာလား၊ ဟာ မဟုတ်ဘူး...၊ ဟုတ်ဘူး.....နွယ်လေးက မုန်းစရာမှမဟုတ်ဘဲ၊ စီးကရက်ခိုးတွေကြားမှ ပြုံးလျက် လှောင်ပြောင်နေသော စပယ်ဖြူမျက်နှာကိုမြင်မိ၏။

"ဟင်း.ဟင်း...ဘယ်လိုလဲ ကိုရဲ။ စပယ့်ထက်ချစ်ရမယ့်





သူတွေ့ပြီလား...စပယ့်ကိုကျေးဇူးတင်မှာပါနော်။ ဝန်ခံစမ်းပါ"

'သွားကွာ' စီးကရက်တိုကိုလွှင့်ပေါက်ပစ်၏။ ပြီးတော့မှ စိတ်တွေကိုငြိမ်အောင်စုစည်းပြီး ဒေါ်စုလာချပေးသော သံပရာရည်ကိုကောက်သောက်လိုက်သည်။

ဖျပ်ခနဲမျက်လုံးအကြည့်က စားပွဲပေါ်က တစ်ပိုင်းတစ်စ ဒိုင်ယာရီစာအုပ်လေးပွင့်နေတာ မြင်မိသည်။ ဘာတွေများလဲဆိုသည့်သိချင်စိတ်က မျက်လုံးတို့ကိုလွှဲမဖယ်ဖြစ်ခဲ့ပါ။

နွယ်လေးဘဝက အထီးကျန်ပါတယ်မေမေရယ်....

တမလွန်ဘဝကမေမေသိရင် လာခေါ်လှည့်ပါ...

နွယ်လေး မပျော်ဘူးမေမေ...

နှောင်ရဲရင်မှာ နင့်ခနဲခံစားလိုက်ရသည်မို့ "နွယ်လေးရယ်" ဟုအသံထွက်သည်ထိ သတိလက်လွတ်ဖြစ်သွားရ၏။

အမိမဲ့သား ရေနည်းငါးတဲ့မေမေ....

နွယ်လေးနားခိုစရာ မေမေ့ရင်ခွင်ပျောက်ခဲ့သလို...

ဖေဖေ့ရင်ခွင်မှာလည်း နားခိုလို့မရတော့ပါဘူး။

ခုနွယ်လေး...သူစိမ်းအိမ်မှာ အိမ်ဖော်လိုဘဝမျိုးနဲ့ ခိုကပ်နေရပါပြီ...

"ဟာ, နွယ်လေးရယ်" နှုတ်ခမ်းတွေကိုက်ရင်း အိပ်မောကျနေသော နွယ်လေးကို သနားကြင်နာစွာ ငေးကြည့်နေမိ၏။ မင်းကို ငါသနားကြင်နာမှုကင်းစွာ ရက်စက်ခဲ့တယ်နော်...ငါ့ကိုယ်ငါ ဒေါသဖြစ်လို့မဆုံးပါဘူးကွာ။

တင်းမာခက်ထန်တဲ့လူတစ်ယောက်ကို...

နှယ်လေး မတွယ်တာချင်ပါဘူး မေမေရယ်...
သမီးဘယ်ပြေးရမှာလဲ...နှယ်လေးအတွက်
ဒီကမ္ဘာကြီးက ကျဉ်းမြောင်းလွန်းပါတယ်...

နောင်ရဲ့ စာအုပ်ကို ရုတ်တရက်ပိတ်ပစ်ကာ ပြတင်းတံခါးမှာရပ်ရင်း အပြင်ကိုငေးနေမိ၏။

ထွက်ပေါက်ပိတ်ကာ စိတ်ဆင်းရဲမှုကို ကြိတ်မှိတ်ခံစားနေရသလား နှယ်လေးရယ်....မင်းကိုသနားရတာနဲ့အမျှ ကိုယ့်ကိုယ်ကို ဒေါသဖြစ်ရပါတယ်။ ပတ်တီးဖြူဖြူပေါ်မှာ စွန်းထင်းနေသည့်သွေးစတွေက သူနှင့်နှယ်လေးကို ပိုမိုစိမ်းကားစေမှာလား။

သောက်လက်စစီးကရက်တိုကိုပစ်ပေါက်ရင်း နှယ်လေးခုတင်ရှိရာလျှောက်လာခဲ့၏။

စိမ်းကားစွာ တည်ငြိမ်သောမျက်ဝန်းများနှင့် နှယ်လေးရဲ့နောင်ကို ရဲဝံ့စွာကြည့်နေသည်နှင့် တန်းတိုးနေ၏။

"နှယ်လေး"

(--------)

"တို့မှားသွားတယ်....စိတ်ဆိုးလား"

မျက်နှာမှာ ပကတိတည်ငြိမ်နေသကဲ့သို့ မျက်ဝန်းအရိပ်မှာလည်း ပြောင်းလဲခြင်းမရှိသည်မို့ နောင်ရဲ့စိုးရိမ်စွာ ပခုံးနှစ်ဖက်မှ ပွေ့ထူကိုင်လှုပ်ခေါ်မိသည်။

နောင်ရဲ့လက်တွေကိုဆွဲဖယ်ပစ်ရင်း သည်းသည်းထန်ထန်ငိုကြွေးလိုက်တဲ့နှယ်လေးကို ဘယ်လိုချော့ရမှန်းပင်မသိ။





"ကိုကြီးသိပ်ကိုမှားပါတယ်ကွာ၊ တိတ်ပါနှယ်လေးရယ်၊ ကိုကြီးကို မင်းကျေနပ်တဲ့အထိ ဘာပဲလုပ်လုပ်၊ ဘာပဲပြောပြော တစ်ခုခုတုံ့ပြန်လိုက်စမ်းပါကွာ။ ဟုတ်လား"

ဆံပင်တွေကိုသပ်တင်ရင်း၊ မျက်ရည်တွေကိုညင်သာစွာ သုတ်ပေးရင်း ထိုင်ရာမှထလိုက်ပြီး...

ကျေနပ်ကွာ နှယ်လေး...ကိုကြီးစိတ်တွေကို တဖြည်းဖြည်းနားလည်လာပါပြီ။ တင်းမာခက်ထန်တဲ့မျက်နှာကိုဖြစ်စေ၊ ချိုကြည်နေတဲ့မျက်နှာကိုဖြစ်စေ...ကိုကြီးစွဲလန်းမြတ်နိုးနေပြီဆိုတာ ကိုယ့်ကိုယ်ကိုနားမလည်ပေမယ့် မင်းနားလည်အောင်မပြောရက်ဘူး။ မင်းက သိပ်ကိုနုနယ်သေးတဲ့အရွယ်...ပြီးတော့ တို့အိမ်မှာ ဆွေရင်းမျိုးရင်းလိုအားကိုးပြီးလာနေတာ...

တစ်ချိန်က တို့ရင်ကိုထိခတ်စူးရှစေတဲ့ စပယ်နှင့်ယှဉ်ပြီးတော့လည်း မတွေးရက်ဘူး...

စပယ်ဆိုတာက တို့ရဲ့တည်ငြိမ်သိမ်မွေ့တဲ့နှလုံးသားကို ကျွမ်းထိုးမှောက်ခုံဖြစ်အောင် လုပ်နိုင်စွမ်းတဲ့မိန်းကလေး။

သူ့အပေါ်နာကြည်းခံပြင်းစိတ်တွေဟာ တို့ရဲ့တည်ငြိမ်သိမ်မွေ့တဲ့နှလုံးသားကို ခက်ထန်မာကျောစေတာပဲ။

"ကိုရဲ့, စွပ်ပြုတ်ရပြီ"

ဒေါ်စုက စားပွဲပေါ် ပန်းကန်တင်ရင်း ပြတင်းပေါက်က အဝေးကိုငေးနေသည့်နောင်ရဲ့ကို လှမ်းခေါ်လိုက်၏။

"ပြီးတော့ ရတနာက ဖုန်းဆက်တယ်"

"ဘာတဲ့လဲ"

"ဘာမှမပြောဘူး၊ ခဏနေပြန်ဆက်ပါမယ်တဲ့"

ဒေါ်စုကိုခေါင်းညိတ်ပြရင်း နှယ်လေးပါးစပ်ထဲ သာမိုမီတာထည့်ရင်း လက်ကောက်ဝတ်၏သွေးတိုးနှုန်းကိုစမ်းသည်။

နှယ်လေးမျက်ဝန်းတို့ကိုမှိတ်ထားသည်မို့ မြတ်နိုးတွယ်တာစွာ အတန်ကြာငေးကြည့်နေမိ၏။

"စွပ်သောက်ရအောင်နော်.....ကိုကြီးတိုက်မယ်နော်"

"နှယ်လေး မသောက်ချင်ဘူး"

"မဟုတ်တာကွာ...အားပြတ်သွားမယ်၊ ထထိုင်လိုက်ပါ"

တကယ်တမ်း ကြင်နာစွာ ပွေ့ထူတော့လည်း နှယ်လေးတင်းမခံနိုင်တော့ပါ။ ကိုကြီးအပေါ်မှာတိတ်တခိုးတွယ်တာခဲ့တာ မိန်းကလေးမပီသတာဘဲပေါ့နော်။

ကိုကြီးတို့အရိပ်ခိုဖို့လာခဲ့တာ အခက်ချိုးဖို့မှမဟုတ်ဘဲ။ ဘဝအခြေအနေ အဆင့်အတန်းခြင်းက သိပ်ကိုကွာခြားခဲ့ပါပြီ။ ဒီလိုဘဝမျိုးမှာ ကိုကြီးအချစ်ကိုမျှော်လင့်ဖို့၊ ကိုကြီးဘဝထဲကိုတိုးဝင်ဖို့ဆိုတာ ဘယ်ခါမှမမျှော်လင့်ရဲတဲ့ အခြေအနေပါကွယ်။

ငြူစူ စိတ်ကောက် နွဲ့ဆိုးဖို့ကို မတွေးတော့ပါဘူး၊ တည်ငြိမ်ဖြူစင်စွာ ဆက်ဆံဖို့ဆုံးဖြတ်လိုက်ပါပြီ ကိုကြီး။

လှပသေသပ်သည့်နှုတ်ခမ်းတို့နှင့် တိုက်လာသည့်စွပ်ကိုသောက်ရင်း မျက်ဝန်းတို့ကိုမရွှေ့လျားမိအောင် သတိထားလျက် နှယ်လေးရင်မှာ နွေးထွေးလှိုက်ခုန်စွာခံစားရ၏။

မတန်မရာကြင်နာမှုမှာ ပျော်မွေ့နေမိတာ ဘာကြောင့်ဆိုတာ နှယ်လေး မတွေးတတ်တော့ပါ။ စိတ်ထဲ နောက်ကျိရှုပ်





ထွေးစွာ ခေါင်းခါပြရင်း ခုတင်ဘောင်စွန်းမှာ မှီလိုက်မိ၏။

"နှယ်လေး"

(-------)

"နေသာလို့လား၊ မင်းဘယ်လိုနေသလဲဆိုတာ ကိုကြီးကိုပြော...ဆေးထိုးဆေးတိုက်မယ်"

နှယ်လေးလက်တွေကို ကြင်နာစွာဆုပ်ကိုင်ရင်း မေးလာသည့်ကိုကြီးကိုမော့မကြည့်ဘဲ ခေါင်းခါပြမိ၏။

"ကိုရဲရေ့၊ ဖုန်းခေါ်နေတယ်"

"ဟာ ရှုပ်လိုက်တာ....ကျွန်တော်အပြင်ထွက်သွားတယ်ပြောလိုက်ပါ"

"ရမှာမဟုတ်ဘူးကိုရဲ။ ရတနာဆက်နေတာ"

ခဏလေး...ပြန်လာတော့ ဆေးတိုက်မယ်ဟု နှယ်လေးကိုနှစ်သိမ့်ရင်း အပေါ်ထပ်မြန်မြန်သွက်သွက်တက်သွား၏။

"ရတနာလား...ကိုရဲပါ"

"ကိုရဲ၊ ရတနာ့ကိုဈေးပို့ပေးစမ်းပါ၊ အိမ်ကကား ဝပ်ရှော့ခဏရောက်နေလို့"

"နှယ်လေးနေမကောင်းဘူး...ရတနာ"

"ဟာ! ဘာဆိုင်လို့လဲကွာ...ကိုရဲ ဈေးလိုက်ပို့ခိုင်းတာ နှယ်လေးပို့ခိုင်းတာမဟုတ်ဘူး"

"ကိုရဲပြောတာ မရှင်းဘူးလား ရတနာ။ နှယ်လေး နေမကောင်းတာ ကိုရဲစောင့်နေရတာကိုပြောတာကွ"

"သား...ဘယ်ကဆက်တာလဲ"

"ရတနာပါမေမေ"

ဖုန်းကိုလက်ဖြင့်အုပ်ရင်း ဘုရားခန်းထဲက ရေချမ်းကပ်လာသည့်မေမေ့ကိုပြောပြရင်း "ဈေးလိုက်ပို့ပါတဲ့" ဟု အလိုမကျစွာဖြေမိ၏။

"လိုက်ပို့လိုက်ပါသားရယ်...နွယ်လေးကို ဆေးတိုက်ခဲ့ မေမေစောင့်ပေးမယ်...ဟုတ်လား"

ကိုရဲခေါင်းညိတ်ပြရင်း "အခုလာခဲ့မယ်ရတနာ... စောင့်နေ" ဟုပြောပြီး ဖုန်းချပစ်လိုက်သည်။

စိတ်မပါပေမယ့် မေမေ့ဆန္ဒကိုငြင်းပယ်ဖို့ဆိုတာ စိတ်ကူးတောင်မထည့်ဖူးတာမို့ အခန်းထဲဝင် သော့ယူပြီး ရှပ်အဖြူစင်းကို ဝတ်လိုက်သည်။ အောက်ထပ် နွယ်လေးအခန်းထဲဝင် ဆေးတိုက်တော့ ခုတင်ပေါ်မှာ မေမေထိုင်နေတာမို့ နှုတ်မဆက်ဘဲ တန်းထွက်ခဲ့ရတာ စိတ်မကောင်းသလိုရှိနေ၏။

"ဆေးပေးခဲ့ပါကိုကြီး...ပြီးမှသောက်လိုက်မယ်"

တိုးတိတ်စွာပြောပြီး မျက်လုံးတွေမှိတ်ထားသည့်နွယ်လေးကို မချင့်ရဲစွာကြည့်ရင်း သက်ပြင်းရှိုက်မိသည်။

ဘာကြောင့် စိတ်တွေလှုပ်ရှားနေမှန်း ကိုရဲ မတွေးတတ်၊ ရတနာ့ကို ဈေးရောက်တော့ ကားပေါ်မှာထိုင်စောင့်ရင်း ကားရှေ့ခန်းက စပယ်ပွင့်ခြောက်လေးတွေကို ဖြုတ်ပြီးသိမ်းလိုက်သည်။

နွယ်လေးနေကောင်းရင် စပယ်ပန်းတွေ ခုလိုခြောက်သွေ့အောင်မရှိစေဘဲ အမြဲ လန်းဆန်း မွှေးပျံ့နေသည့် ပန်းသစ်တွေသာ ချိတ်တတ်သည်။





နွယ်လေးရောက်လာပြီး မကြာခင် ကိုရဲ့ကားရှေ့ခန်းမှာ နွယ်လေးကိုယ်တိုင်သီကုံးထားသည့် စပယ်၊ ဇွန်၊ ခရေ တစ်မျိုးမျိုး ရှိတတ်သည်။

တစ်ခါတလေ နှင်းဆီပွင့်ဝါဝါ၊ ဖြူဖြူလေးတွေကိုထိုးပေးတတ်သည်။ ပန်းကြိုက်တတ်သလို ပန်းပင်တွေကြားမှာ နွယ်လေးအားတိုင်း ရှိနေတတ်တာ ကိုရဲသတိထားမိသည်။

"ကိုရဲ ပြန်ချင်ပြီလား"

ပစ္စည်းတွေပြန်ပို့ရင်း ရတနာ့အားနာစွာမေးတာကို "ရပါတယ် ပြီးအောင်ဝယ်ပါ၊ ကို့စောင့်နေမယ်" ဟု တည်ငြိမ်စွာ ပြောပြီး ကက်ဆက်ခလုတ်နှိပ်ပြီး သီချင်းနားထောင်နေမိသည်။

ရတနာ့ကိုအားနာတာကလွဲရင် ဘာတစ်ခုမှခံစားမရပါဘဲလျက် တစ်နေ့နေ့မှာ သူ့ရင်ခွင်မှာ နားခိုမည့်သူဟာ ရတနာဆိုသောအသိကြောင့် စိတ်မှာ နောက်ကျိရှုပ်ထွေးသွားသည်။

"ရတနာ့မှာ ပညာကော ရုပ်ရည်ရူပကာကော ပြောစရာမရှိဘူး။ တစ်ဦးတည်းသောသမီး၊ မိဘတွေက အရမ်းချမ်းသာတာ"

ရတနာနှင့်ပတ်သက်တာတွေကို မေမေပြောပြပေမယ့် နောင်ရဲ စိတ်ဝင်စားမှုမရှိခဲ့ပါ။ အားနာသည့်မို့လည်း ပွင့်လင်းစွာ မပြောဖြစ်ခဲ့။

"ကိုရဲ"

"ပြီးပြီလား...ပြန်ကြမယ်လေ"

"ဈေးဝယ်ပြီးပြီ၊ ဒါပေမဲ့ ကားကိုတစ်လမ်းကျော်မှာ ရပ်

ပေးပါနော်၊ ရတနာ ခေါက်ဆွဲသုပ်စားချင်လို့"

"တို့ကားထဲကစောင့်မယ်"

"ဒီတစ်ခါတော့ ကိုရဲလိုက်ရမယ်၊ ရတနာတစ်ယောက်တည်း မဝင်ရဲဘူး"

"ခေါက်ဆွဲသုပ်မကြိုက်ဘူးကွ"

"လက်ဖက်ရည်မှာပေးမှာပေါ့...လိုက်ပို့ပေး"

ဆိုင်ထဲကို လိုက်ဝင်ရပေမယ့် စိတ်ထဲမှာ မကြည်လင်။ ခပ်တည်တည် ခပ်တင်းတင်းဖြစ်နေသော နောင်ရဲကို ရတနာသဘောပေါက်စွာကြည့်ရင်း အသံထွက်အောင်ရယ်မိသည်။

▣▣▣



## အခန်း (၁၀)

"ယောက်ဖ, ညနေပြန်ရင် ကိုယ်လည်းလိုက်ခဲ့မယ်"

ဂျူတီမလဲခင် တပြင်ပြင်ဖြစ်နေသည့်နောင်ရဲကို လက်ဆေးရင်း ဆက်မော်က လှမ်းစသည်။

"နောက်မှလိုက်ကွာ၊ နွယ်လေးနေမကောင်းဘူး"

"မဖြစ်ဘူးကွ၊ နေမကောင်းတဲ့လူကို လိုက်မေးချင်တာ၊ ကိုယ့်နှမအလှည့်ကျတော့ တွန့်တိုလိုက်တာကွာ။ လိုက်ခဲ့ရမှုဖြစ်မယ်။ စောင့်ဦးကွာ"

နောင်ရဲစိတ်မကြည်လင်ပေမယ့် မျက်နှာပြင်ကိုအတည်ငြိမ်ဆုံးဖြစ်အောင် တည်ထားရ၏။

နွယ်လေးနှင့်ပတ်သက်လာလျှင် ဆက်မော်သည်းသည်း

လှုပ်တတ်မှန်းသိပါလျက် သူ ဘာဖြစ်လို့ နေမကောင်းတာ ဖွင့်ပြောမိပါလိမ့်။

"မင်းလိုက်ကြည့်မှမဟုတ်ဘူး။ ငါ ဆေးထိုးဆေးတိုက်ထားသားပဲ"

"ခက်တာပဲ ကိုရဲရာ၊ ငါလိုက်ကြည့်မှာ နွယ်လေးကို။ ဆေးထိုးဖို့မှမဟုတ်တာ"

ပြောလည်းမောရုံပဲရှိတော့မည်မို့ ကားပေါ်က စောင့်နေလိုက်သည်။ တစ်လမ်းလုံးနှုတ်ဆိတ်နေပေမယ့် ဆက်မော်လိုနှုတ်သွက်တဲ့ကောင်ကို နွယ်လေးနှင့် နှစ်ယောက်တည်းပေးမတွေ့ချင်တာတော့အမှန်။

ကားလေး ခြံထဲဝင်ဝင်ခြင်း နွယ်လေးကို ပိတောက်ပင်အောက်က ဒန်းလေးပေါ်မှာ ထိုင်နေတာတွေ့ရသည်။

"ငါစကားပြောရင်း...ခဏထိုင်ဦးမယ်၊ ကိုရဲ နားချင်နားလေ"

ကားတံခါးပိတ်ရင်း ခေါင်းငုံ့ပြုံးကာ ပြောလိုက်သည့် ဆက်မော်မျက်နှာကို လက်သီးနှင့်အားကုန်ထိုးချင်စိတ်ကို ထိန်းထားလိုက်ရ၏။

နွယ်လေးဆိုတဲ့ကောင်မလေးကလည်း ဘာကြောင့်များ အပြင်ထွက်ထိုင်နေတာလဲ။ တော်တော်အသုံးမကျတဲ့ကောင်မလေး။

"ဒေါ်စု...ဒေါ်စု"

ကားတံခါးဆောင့်ပိတ်ရင်း ဧည့်ခန်းထဲမှာကပင် လှမ်း





ခေါ်နေသောကိုရဲကြောင့် ဒေါ်စုပြူးပြူးပြာပြာထွက်လာ၏။

"ကိုရဲ ဘာဖြစ်..."

"ကျွန်တော်ဘာမှမဖြစ်ဘူး၊ နွယ်လေးနေမကောင်းဘဲနဲ့ ဘာဖြစ်လို့အပြင်ထွက်ထိုင်နေတာလဲ။ မပြောဘူးလား"

နွယ်လေးအပေါ် မကျေနပ်တာတွေ ဒေါ်စုကို အော်လိုက်ပြီးမှ မှားသွားပြီဟုတွေးမိသည်။

"နေမကောင်းဖြစ်နေတာ အပြင်မထွက်စေနဲ့ပေါ့ဗျာ"

စိုးရိမ်စိတ်ကိုလည်း မသိသာအောင် ထိန်းပြောရသည်။

"ခုလေးတင်မှ အပြင်ထွက်သွားတာ၊ အသက်ရှူရတာ မွန်းကြပ်သလိုကြီးတဲ့။ အပြင်ခဏထိုင်ချင်တယ်ဆိုလို့ မပြောတာပါ"

အသက်ရှူမဝဘူး၊ မွန်းကြပ်သလိုကြီးဆိုတော့ စိုးရိမ်စွာ နွယ်လေးရှိရာသွားမည်ရှယ်ပြီးမှ ဆက်မော် ထိုင်နေတာမြင်ပြီး စိတ်ထဲမကြည်လင်စွာ အပေါ်ထပ်တက်ခဲ့၏။

ဒီလောက်တောင် ကိုကြီးစိတ်တွေ လှုပ်ရှားနေဖို့မလိုဘူး နွယ်လေး။ ဒါပေမဲ့ သတိမထားလိုက်တဲ့အချိန်လေးအတွင်းမှာ မင်းနဲ့ပတ်သက်ပြီး ရင်ခုန်ရတာ၊ စိုးရိမ်ရတာ၊ ဒေါသထွက်ရတာတွေ များလွန်းနေပြီ။

လူကြီးဆိုတဲ့အသိ၊ ကိုယ့်အရိပ်ခိုနေတဲ့ နုနယ်လွန်းတဲ့ မိန်းကလေးအဖြစ် အတင်းတားမြစ်ပိတ်ပင်ပြီး ကိုယ့်ကိုယ်ကို သော့ခတ်ထားရတာ ပင်ပန်းတယ်ကွာ။

တစ်ယောက်တည်း အတွေးတွေရှုပ်ရင်း ပြတင်းတံခါး

မှာရပ်ကာ ခြံထဲလှမ်းကြည့်ခိုက် နွယ်လေးနဖူးကို ဖျတ်ခနဲစမ်းလိုက်သည့်ဆက်မော်ကြောင့် တံခါးကိုကျောခိုင်းပစ်မိ၏။

"ကိုရဲ....သံပရာရည်ရပြီ"

"ထားခဲ့ပါဗျာ...ဆက်မော်အတွက် ပို့ပေးလိုက်ပါ။ ကျွန်တော်ခဏလှဲနေတယ်လို့လည်း ပြောပေးပါ"

"ကိုရဲ, နွယ်လေးကိုယ်တွေပြန်ပူနေတယ်။ ငါဆေးထိုးပေးခဲ့မယ်ပြောတာ...မရဘူး"

အပေါ်ထပ်တက်လာရင်း ခွေအိပ်နေသောနောင်ရဲဘေးထိုင်ကာ ဆက်မော်, နွယ်လေးအကြောင်းပြောတော့ သိပ်စိုးရိမ်ပေမယ့် ဟန်မပျက်ဆက်အိပ်နေ၏။

"ဟော့ကောင်...အိပ်ရမယ့်အချိန်မဟုတ်ဘူး။ ငါပြောတာကြားရဲ့လားကိုရဲ"

"မင်းပြန်တော့မလား...ကားယူသွားပြီးမှ တစ်ယောက်ယောက်နဲ့ ပြန်ပို့ပေးလိုက်၊ နွယ်လေးနေမကောင်းတာ ငါရှိနေရက်နဲ့ မင်းလျှာမရှည်နဲ့။ သူများပြောစရာဖြစ်မယ်"

"ဟာကွာ...စိုးရိမ်တာပေါ့။ မင်းသာ ဘာမှမသိသလိုနေတတ်တာ"

"ဆက်ပြောရင် ထိုးမိလိမ့်မယ်"ဆိုသည့်စကားကို မပြောမိစေရန် မျိုသိပ်ရင်း ကားသော့လှမ်းယူလိုက်ပြီး ဆက်မော်လက်ထဲထည့်ပေးလိုက်သည်။

အတော်ရင်းနှီးခဲ့တဲ့သူငယ်ချင်းတွေ၊ ပြီးတော့ စပယ်နှင့်သူ ချစ်သူဘဝရောက်တော့လည်း သိတတ်စွာ၊ ကြည်ဖြူစွာ အမြဲ





လိုက်လျောခဲ့တာမို့ သူ့အဖြစ်တွေ ဆက်မော်သိလျှင် စိတ်ဆိုးမှာသေချာသည်။

သဘောထားသေးသိမ်စွာ တည်တင်းနေပြန်လို့လည်း မဖြစ်တာမို့ နွယ်လေးကိုနှုတ်ဆက်ဖို့ ထွက်သွားသည့် ဆက်မော်ကို မမြင်ဟန်ဆောင်နေလိုက်သည်။

"ကိုမော်ပြန်မယ်"

"ဟုတ်ကဲ့"

"အထဲဝင်ဖို့ကောင်းနေပြီ၊ လေတိုက်တယ်။ ဖြစ်နိုင်ရင် ဆေးထိုးပေးခဲ့ချင်တာ"

"ဟင့်အင်း...နွယ်လေး ဆေးထိုးရမှာကြောက်တယ်။ ခုလိုလာမေးတာ ကျေးဇူးတင်ပါတယ်"

"ကျေးဇူးတင်မခံချင်ပါဘူး၊ သူစိမ်းဆန်တယ်။ ကိုမော်က နွယ်လေးရဲ့အရင်းနှီးဆုံးလူပဲ ဖြစ်ချင်တာ၊ ကိုမော့်ဘဝမှာလည်း နွယ်လေးဟာ ပထမဆုံးရင်းနှီးတဲ့လူစိမ်းလေ"

"တီ....တီ.....တီ"

ကားဘေးမှာရပ်ရင်း ဟွန်းကို သုံးလေးခါဆက်တီးနေသည့်နောင်ရဲကိုကြည့်ရင်း သဘောပေါက်စွာ နှစ်ယောက်လုံးပြုံးမိသည်။

"သွားတော့ကိုမော်.....ကိုကြီးစောင့်နေပြီ"

"နားကွဲပါ့မယ်ကိုရဲရာ၊ ပေး,သော့....မောင်ထွေးနဲ့ပြန်ပို့ပေးလိုက်မယ်။ ဒီလိုမှန်းသိ...အိမ်ကကားလာအောင် စောင့်ပြီးမှလိုက်ခဲ့ပါတယ်"

"ဆောရီးကွာ...နှယ်လေးကိုယ်ပူနေတယ်ဆိုတော့ ဆေးတိုက်ရအောင်လို့ပါ။ မင်းတို့ကလည်း စကားပြောမပြီးတော့ဘူး"

"ဟာ...ရီးရီးပါကွာ၊ ဒါပေမဲ့ ငါ့ဘက်ကတော့ လုံးဝမရိုးတော့ဘူးသူငယ်ချင်း"

စကားဆုံးဆုံးခြင်း ကားလေး လျှောခနဲထွက်သွား၏။ ကိုရဲ့ရင်ထဲမှာ စိုးရိမ်မှုတွေ အစိုင်အခဲဖြစ်အောင် လုပ်သွားခဲ့တဲ့ ဆက်မော်....

အဓိပ္ပာယ်မဲ့စွာ ခဲလုံးကို အဝေးကန်ပစ်လိုက်ပြီးမှ နှယ်လေးရှိရာထွက်ခဲ့သည်။

"နေသာရဲ့လား နှယ်လေး...ကိုယ့်နွေးနေတာ ဘာလို့ အပြင်ထွက်နေတာလဲ"

ကိုကြီးအမေးကိုမဖြေသေးဘဲ ခေါင်းငုံ့ပစ်မိသည်။ တစ်ခါတစ်ခါ ကိုကြီးရဲ့အသံကိုက ကြင်နာသနားတတ်သူမှန်း သိပါလျက် နှယ်လေးသိပ်မယုံကြည်ချင်တော့ပါ။

အရာခပ်သိမ်း အမြဲပြောင်းလဲနေတတ်ကာ နှယ်လေးယုံကြည်လက်ခံထားတာပဲ။ နံဘေးမှာဝင်ထိုင်ရင်း ဖျပ်ခနဲ နဖူးပြင်မှာ လက်တင်စမ်းလိုက်တာ ဘာကြောင့်များ ရင်ခုန်သွားရတာလဲ။ စောစောက ကိုဆက်မော်လည်း ဒီလိုပဲစမ်းကြည့်သွားတာလေ...ဘယ်လိုမှမခံစားမိဘူး...

မနေ့က ကိုကြီး ရတနာ့ကိုဈေးလိုက်ပို့တော့ နှယ်လေး ခုတင်မှာထိုင်ရင်း...

"သားက ရတနာ့ဆို ခုကတည်းက ဆိုးချင်နေတယ်။





မိန်းကလေးကသနားစရာ...မေမေကြီးသဘောကို မလွန်ဆန်တတ်တဲ့သားမို့ စိတ်အေးနေရတာ"

မေမေကြီးစကားကို ပြန်ကြားယောင်ရင်း ကိုကြီးနဲ့နည်းနည်းပဲဖြစ်ဖြစ် ဝေးပါစေတော့လို့ မသိမသာ ဟိုဘက်စွန်းကိုတိုးထိုင်မိသည်။

"ဟာ...ဘယ်လိုလဲ ကိုကြီးကိုစိတ်ဆိုးနေတုန်းပဲလား။ ကိုက်စားမှာကျနေတာပဲ...အဲဒီလိုကဲရင် တို့ကလည်း အတင်းတိုးထိုင်ချင်တာ"

"အို....ဒီလိုမထင်ပါနဲ့။ နှယ်လေးအိပ်ချင်ပြီ၊ သွားတော့မယ်"

"နေပါဦးကွာ"

နှယ်လေးလက်ကိုလှမ်းဆွဲတော့ ယိုင်လဲတော့မလိုပါဘဲ။ ကိုကြီးမျက်နှာပြင်မှာ စောစောက မကျေနပ်ရိပ်တွေ၊ မာနတရားတွေစွန်းထင်းမနေတော့ဘဲ ကြည်လင်နေတာ နှယ်လေးအံ့သြစွာတွေ့ရ၏။

"ကိုကြီး တောင်းပန်ချင်လို့"

"ကိုကြီးမှားတာ မဟုတ်ပါဘူး၊ စိုးရိမ်ဒေါသဖြစ်သွားတာလို့ နှယ်လေးထင်ပါတယ်"

ဘာပြောရမှန်းမသိတဲ့သူ့စကားကို နှယ်လေးဆက်ပြောပေးမိသည်။

"နှယ်လေး နားလည်တယ်နော်။ တကယ်တော့ ကိုကြီးက နှယ်လေးကို တန်ဖိုးရှိ၊ အပြစ်ကင်းစင်တဲ့ ပန်းလေးတစ်ပွင့်

ဖြစ်စေချင်တာ...နားလည်လား”

ခေါင်းညိတ်ပြရင်းက ရစ်ဝဲလာသည့်မျက်ရည်စတွေကို မမြင်အောင်ငုံ့လိုက်ပေမယ့် ကိုကြီးမြင်သွားသည်။

“မငိုပါနဲ့နွယ်လေးရယ်...ကိုကြီးတို့အိမ်လာနေရင်း စိတ်သောကဆင်းရဲဖြစ်ရတာမျိုး ဘယ်ခါမှမရှိစေချင်ဘူး...ကိုကြီးမျက်ရည်သုတ်ပေးမယ်”

ပါးပြင်မှာလာထိတဲ့ နူးညံ့တဲ့လက်နွေးနွေးရဲ့ ထိတွေ့ခြင်းဟာ နွယ်လေးရင်ကိုခုန်စေပြီလား။

နက်မှောင်လွန်းတဲ့မျက်ခုံးထူထူအောက်က ကြည်လင်တဲ့မျက်ဝန်းတွေကို ရင်မဆိုင်ရဲဘူးကွယ်...သွားတော့မယ်လို့ တီးတိုးပြောရင်း အခန်းရှိရာ သွက်သွက်လျှောက်သွားတဲ့နွယ်လေးကိုငေးရင်း နှောင်ရဲရင်မှာ နွယ်လေးကိုမခွဲချင်တာ၊ သံယောဇဉ်တွယ်မိတာ ဝန်ခံချင်သည်။

ခေါင်းမော့သက်ပြင်းရှိုက်ရင်း ကိုယ့်အရိပ်လာခိုတဲ့ မိန်းကလေးတစ်ယောက်ကို အခွင့်အရေးယူသလိုဖြစ်သွားရင် ဆိုတဲ့ အတွေးက တစ်စုံတစ်ခုကိုဟန့်တားလိုက်သလိုပါပဲ။

“သားက မေမေ့စကားကို ပယ်ရှားတတ်တာမှမဟုတ်ဘဲ။ သားသဘော မမေးရသေးပေမယ့် မေမေသဘောကျတာလို့ ဖြေလိုက်တယ်၊ ရတနာမှာ အပြစ်ဆိုစရာမှမရှိဘဲနော်...သား”

ရတနာ့ကိုဈေးလိုက်ပို့ပြီး စိတ်ပျက်သလိုခြေပစ်လက်ပစ်ထိုင်နေသည့်ကိုရဲဘေး လာထိုင်ရင်း မေမေပြောတာ ဇွတ်ကြီးငြင်းပစ်ချင်ပေမယ့် တည်ငြိမ်သိမ်မွေ့လွန်းသည့်မေမေ့ကို ရုတ်





တရက်စိတ်သောက မပေးရက်တာမို့ ငြိမ်နေမိတာ သူ့ နှလုံးသားကို ညာနေတာပဲဟုတွေးမိသည်။

“စိတ်ညစ်တယ်ကွာ...ဘာတွေမှန်းလဲမသိဘူး။ လူကြီးဖြစ်ရတာကို စိတ်ပျက်သလိုပဲ နွယ်လေးရာ”




## အခန်း (၁၁)

နွယ်လေး ဆယ်တန်းကို ဂုဏ်ထူးနှစ်ဘာသာနှင့်အောင်တော့ "ဘာလိုချင်သလဲ ကိုကြီး ဆုချမယ်" ပြောပြီး ကားနှင့်အနံ့လည်ဖြစ်ကြ၏။ နွယ်လေး အိပ်မက်မျှပင် မမက်ဖူးသော အကြင်နာမျက်ဝန်းတွေ ယုယမှုတွေ ကိုကြီးဆီမှာ ရှိနေပါရော့လား။

ကြာဇံကြော်ထဲက အသည်းဖတ်လေးတွေရွေးပြီး နွယ်လေးပန်းကန်ထဲထည့်ပေးတော့ ရှက်တာနဲ့ မျက်နှာကိုမမော့ရဲတော့။

"နွယ်လေးက အသည်းမကြိုက်ဘူး…ခါးသက်သက်နဲ့"

"အရင်က မစားပေမယ့် ခုဟာက ကိုကြီးကျွေးတာလေ။ စေတနာနဲ့ရောလိုက်ရင် မခါးစေရဘူး"

"ဟာ…ကိုကြီး အပိုတွေပြောတတ်လာပြီ"

နွယ်လေးကို ကြည်နူးစွာကြည့်ရင်း အားပါးတရရယ်လိုက်စဉ် နုပျိုသောအသွင်ကို အထင်းသားမြင်ရ၏။

"ဒီလိုတော့လည်း ကိုကြီးက ပြောတတ်တယ်နော်၊ နွယ်လေးနဲ့တွေ့စက ကိုကြီးမျက်နှာကြီး တည်တင်းထားလိုက်တာများ…ခုတွေးရင် ခုကြောက်တယ်…ဟွန်း"

နှုတ်ခမ်းစူ မျက်စောင်းထိုးပြီး ရန်လုပ်တော့ နွယ်လေးကို ရွှန်းရွှန်းစားစားကြည့်ကာ "ခင်ဗျားလေးကျတော့ကော အိမ်ရောက်စက မျက်နှာကြီးတည်တင်းထားလိုက်တာ သူ့လုပ်စာထိုင်စားနေတဲ့အတိုင်း…ဟင်း"

"ကျေပြီနော်…နောက် မျက်နှာထားကြီး တင်းမနေနဲ့ နွယ်လေးသိပ်စိတ်ညစ်တယ်"

စားသောက်ဆိုင်ထဲက နှစ်ယောက်သားပြန်ထွက်တော့ ပျော်ရွှင်ကြည်နူးမှုနှင့်အတူ အဆီးအတားတစ်ခုကိုတွန်းဖယ်ပစ်သလို လွတ်လပ်ပေါ့ပါးမှုတွေရှိနေသည်။

နွယ်လေးပိုက်ဆံအိတ် ကြိုးရှည်ရှည်လေးကို ကိုကြီးက လှမ်းယူရင်း "လွယ်ခဲ့ရမလား" ဟု စသည်။

"မလုပ်နဲ့…ကိုကြီးပုံစံနဲ့ ရယ်စရာကြီးဖြစ်နေမှာပေါ့"

"ဘယ်သွားချင်သေးလဲ။ ဒီတစ်နေ့ပဲ အားမှာ၊ သွားစရာရှိရင်ပြောကွာ"

ကားတံခါးဖွင့်ပြီး သူထိုင်ဖို့ပြန်ကွေ့မသွားခင် တံခါးကိုသေချာပိတ်ပေးပြီး မေးလာသည့်ကိုကြီးကိုကျေးဇူးတင်စွာနှင့်….





"ဒီတစ်ညဟာ…နွယ်လေးဘဝမှာ အပျော်ရွှင်ဆုံးပါပဲ။ ကျေးဇူးတင်ပါတယ်"

"မင်းသိပ်တတ်တယ်"

နွယ်လေးကို ချစ်စနိုးထုဖို့ ရည်ရွယ်ပြီးမှ စိတ်ထိန်းလိုက်ရင်း ကားမောင်းထွက်ခဲ့သည်။

◘◘◘




## အခန်း (၁၂)

"နှယ်လေး.....နှယ်လေး"

နေ့လယ်ဘက်ဖြစ်ပေမယ့် စာဖတ်ရင်း ရုတ်တရက်အိပ်ပျော်သွားသည်မို့ တံခါးထုနှိုးနေသောကိုကြီးသံကြောင့် အံသြ ထိတ်လန့်စွာ အိပ်ရာထက်မှ ခုန်ဆင်းလိုက်မိ၏။

"လာပြီကိုကြီး...ခဏလေး"

အသံနှင့်အတူ တံခါးဖွင့်ပြီး "စာဖတ်ရင်း အိပ်ပျော်သွားလို့" ဟု ရှက်ရဲရဲနှင့်ဖြေရင်း ရှေ့မှာရပ်လာ၏။ နောင်ရဲ ပြုံးနေသောနှယ်လေးမျက်နှာကို ရုတ်တရက်ကြီးပြောင်းလဲသွားစေမည့် သတင်းကို ပြောမထွက်ရက်ပါ။ သို့ပေမဲ့ အချိန်ဆွဲထားလို့ကော ဖြစ်မှာတဲ့လား။

"ဘာခိုင်းမှာလဲဟင်…သံပရာရည်လား"

ခေါ်လိုက်တိုင်း သံပရာရည်ဖျော်တိုက်ဖို့ ပြင်နေသည့် မိန်းကလေးကို သနားကြင်နာစွာကြည့်လျက်…

"သံပရာရည်က အရေးမကြီးဘူး။ သတင်းအရေးကြီးတာပြောမလို့။ စိတ်ခိုင်မှာလား"

"ဟင်…ဘာယ်လို"

ထိတ်လန့်မှုကြောင့် နွယ်လေးကိုယ်လေး တုန်ရီသွားသည်။ ဘာသတင်းလဲ…ဘုရား…ဘုရား…ဖေဖေများတစ်ခုခုဖြစ်အိုမဟုတ်ဘူး၊ ဖေဖေနေကောင်းနေတာပါ။ နွယ်လေးကို စာမေးပွဲအတွင်းကတောင် လာတွေ့သေးတယ်။ သမီးကို အိမ်ပြန်လာနေစေချင်တာ၊ ဒီမှာအဆင်မပြေရင် အဆောင်နေချင်လားဆိုပြီးမေးတော့ နွယ်လေး ဒီအိမ်ကနေ အဝေးမသွားချင်တာမို့ အဆင်ပြေပါတယ်လို့ ဖြေခဲ့သေးတာပဲ။

"နွယ်လေး"

အတွေးတွေနှင့်ငြိမ်နေသည့် နွယ်လေးပခုံးစွန်းကို ဖွဖွကိုင်ရင်း ခေါ်လိုက်တဲ့ကိုကြီးအသံက အဖျားခတ်သွားလေရဲ့။ ဘာမှမပြောခင်က မျက်ရည်ဝဲစွာ၊ စိတ်အားငယ်စွာ မော့ကြည့်လာသောနွယ်လေးကို ဘာပြောရမှန်းမသိအောင်ပါဘဲ။

"ဟာ…မျက်ရည်ကကျတော့မယ်။ ကိုကြီး ဘာပြောရမှန်းမသိတော့ဘူး၊ မပြောရင်လည်းမဖြစ်ဘူး။ ကိုကြီး စိတ်ညစ်လိုက်တာကွာ"

"ဟင့်အင်း…နွယ်လေးစိတ်တင်းထားမယ်။ ပြောပါ"





တကယ်ပြောဆိုတော့လည်း သတင်းဆိုးကိုပြောမထွက်ပြန်။ စောစောက နွယ်လေးမိထွေး ဖုန်းလှမ်းဆက်သည်။ သည်မနက်အစောကြီး နွယ်လေးဖေဖေ ခရီးထွက်က ပြန်လာတာတဲ့၊ မနက်ပိုင်းစားသောက်ပြီး ခေါင်းမူးတယ်ဆိုပြီး အိပ်ရာထဲလှဲနေတာ နိုးမရတော့ဘူးတဲ့။ ဆရာဝန်ခေါ်တော့ ဦးနှောက်သွေးကြောပြတ်သွားတာတဲ့။ နွယ်လေးကိုပြောပေးပါဦးဆိုပြီး ငိုသံနှင့်ပြောလာတာ။ နှောင်ရဲ့စိတ်တွေ ရှုပ်ထွေးသွားမိသည်။

ပြောလာမယ့်သတင်းကို ကြားချင်ပါလျက် ထိတ်လန့်စွာကြည့်နေသည့်နွယ်လေးကိုမျက်နှာလွှဲရင်း…

"စိတ်မကောင်းပါဘူး နွယ်လေးရယ်…ဒါပေမဲ့ မင်းမသိလို့လည်းမဖြစ်ဘူး။ ဦးလေး ဒီမနက်ပဲပြန်လာတယ်၊ ခဏနားပြီးလှဲနေတုန်း ဆုံးသွားတာတဲ့"

"အို!"

မယုံကြည်နိုင်စွာ မော့ကြည့်ရင်းက မျက်ဝန်းလေးတွေ တည်ငြိမ်နေသည်။ ဒါပေမဲ့ ဘာတစ်ခုမှ သဲကွဲစွာမမြင်တာတော့ သေချာသည်။

"နွယ်လေး စိတ်တင်းထားမယ်ဆို…ငိုချင်လည်းငိုကွာ"

မလှုပ်မယှက်ငြိမ်နေသည့်နွယ်လေးကို သနားကြင်နာစွာ ဆံပင်တွေသပ်တင်ပြီး…

"ငိုလိုက်ပါကလေးရယ်။ စိတ်တွေကို တအားထိန်းချုပ်မထားပါနဲ့၊ အားလုံး…သင်္ခါရတွေလို့ နားလည်ထားစမ်းပါ။ အဝတ်လဲလိုက်…ကိုကြီးလိုက်ပို့ပေးမယ်"

အသံထွက်ငိုရှိုက်ရင်း.......

"နွယ်လေး...သိပ်ကံဆိုးပါတယ် ကိုကြီးရယ်။ မေမေက လည်း အစောကြီးခွဲသွားတယ်။ ဖေဖေ့ကိုလည်း အပြည့်အဝချစ် ရတာမဟုတ်ဘူး။ အန်တီခိုင့်ကိုမချစ်တာနဲ့ နွယ်လေးဒီလိုနေရ တာ။ ဖေဖေရှိတယ်ဆိုရင် ဝေးနေရပေမယ့် အားရှိတာပေါ့။ ခု နွယ်လေးမှာ အားကိုးတွယ်တာစရာမရှိတော့ဘူး"

မျက်ရည်တွေသုတ်ရင်း ကြေကွဲစွာပြောလာသည့် မျက် နှာလေးက နောင်ရဲရင်ကို လှုပ်ရှားပူနွေးစေသည်။ သနားစရာ လည်းကောင်း၊ ချစ်ဖို့လည်းကောင်းတာ သတိပြုမိတဲ့ခဏ သူ့ ခေါင်းလေးကို ရင်ခွင်ထဲထွေးပွေ့ထားမိ၏။

ရင်ခွင်မှာ မျက်ရည်တွေ စိုရွှဲနေပြီးတဲ့နောက် နွယ်လေး ကို သူ့နှလုံးသားက ချစ်ခင်တွယ်မက်စွာ ချစ်မိပြီဆိုတာ နားလည် လိုက်၏။

နှုတ်ကဖွင့်ပြောဖို့မသင့်ပေမယ့် အားငယ်နေရှာမယ့်နွယ် လေးကို အရိပ်တကြည့်ကြည့်နှင့် အကြင်နာတွေပိုမိတာ ကြာ တော့ နွယ်လေးတောင် အံ့သြသလိုနားမလည်သလို မော့ကြည့် နေပြီ။

ဖခင်ရဲ့အလောင်းဘေးမှာခေါင်းမှီပြီး ဘာတစ်ခွန်းမှ မပြောဘဲ မျက်ရည်တွေသာ အဆက်မပြတ်စီးဆင်းလျက် ကြိတ် ငိုနေတာကိုမြင်ရတော့ ရင်ထဲမှာ တင်းကြပ်ဆို့နင့်လာသည်။

"ကိုကြီးစကားနားထောင်ပါနွယ်လေးရယ်။ သိပ်ပင်ပန်း ပြီ ခဏဖြစ်ဖြစ်နားလိုက်ဦး။ တစ်ယောက်တည်း အထီးကျန်ဆို





တာမျိုးတွေ မတွေးနဲ့။ ကိုကိုကြီးတို့မေမေတို့ကို နွယ်လေးဘဝထဲ ထည့်မတွက်ဘူးလား"

ဘေးနားမှာ တယုတယ ကြင်နာတတ်လွန်းစွာ ရှိနေ သောကိုကြီးကြောင့် စိတ်ဆင်းရဲတာတွေမေ့လျော့ပြီး ရှက်စိတ် ကြောင့် မျက်နှာပင် မဖော်ရဲအောင်ပါဘဲ။

ဖြူနှင်းက "နင့်ကိုကြီးက သိပ်ဂရုစိုက်တာပဲနော်။ နင် ကံကောင်းတာပေါ့"ဟု အဆက်အစပ်မရှိပြောတာ ကြားသွား သည့်နီမင်းက "ငါကတော့ မကျေနပ်ပါဘူး"ဟု ပွင့်လင်းစွာပြော သည်။

ပန်းခွေပန်းခြင်းလုပ်၊ ဖိတ်စာရိုက်ကအစ နီမင်းတာဝန် ကျေပွန်စွာလုပ်ကိုင်ပေးလျက်က မကျေနပ်စွာပြောလိုက်မိပြီးမှ အားနာသွားသည်။ ဖွင့်မပြောရက်ပေမယ့် ရင်မှာစွဲနစ်စွာချစ်နေ တာ နွယ်လေးသိစေချင်ပြီ။

ရက်လည်ဆွမ်းကျွေးသည်ထိ အရိပ်တကြည့်ကြည့် နှင့် အနားက မခွာရှိနေသည့်နောင်ရဲကို အားလုံးက ဝေဖန်ကြမှာဖြစ် ပေမယ့် နွယ်လေးဘဝလေးမှာ ကြင်နာစွာထွေးပိုက်ခွင့် တွယ်တာ စွာမြတ်နိုးခွင့် ရှိစေချင်တာပါပဲ။

နွမ်းနယ်နေတဲ့မျက်နှာလေးနှင့် အားကိုးစွာလှမ်းလှမ်း ကြည့်လိုက်တိုင်း နောင်ရဲရင်ခုန်ကျေနပ်ရပေမယ့်.....သူ့ဘေးမှာ တကပ်ကပ်လုပ်နေတဲ့ နီမင်းဆိုတဲ့ကောင်လေးကိုတော့ ကြည့်မရ ချင်။ သူ့လိုပဲ နွယ်လေးကိုချစ်နေတာလား၊ နွယ်လေးတို့ပြုံးရယ် စကားပြောတိုင်း သူ့မျက်နှာတင်းထားမိသလား...မလုံမလဲ။

အားလုံးက စောင့်ကြည့်နေတတ်တာမို့ သူမကြာခဏ အပြင်ထွက်သွားပြီး ညနေပိုင်းမှပြန်ဆုံဖြစ်သည်။

"နွယ်လေးကို အန်တီခိုင်က ဒီမှာတစ်လလောက်နေပေးဖို့ပြောနေတယ်"

"ဟာကွာ"လို့တိုးတိုးညည်းမိပြီးမှ အန်တီခိုင်ကိုအားနာသွားမိသည်။ ဟုတ်ပေသားပဲ။ သူလည်း နေသားမကျသေးတာ။ နွယ်လေးတို့ အရင်က မတည့်တာအမှန်ပေမယ့် ခုလိုနှစ်ယောက်စလုံးနှင့်ပတ်သက်နေတဲ့လူတစ်ဦး မမျှော်လင့်ဘဲ ထွက်ခွာသွားချိန်မှာ တစ်ယောက်နှင့်တစ်ယောက် သံယောဇဉ်မပြတ်ချင်တာလည်းရှိမည်။ ပြီးတော့ သူတို့နှစ်ဦး လေးငါးလကြာထိ ခွဲနေခဲ့တော့ တကျက်ကျက်ဖြစ်ဖို့ရန် မရှိတော့ပြီ။

ခက်နေတာက နောင်ရဲ့။ နွယ်လေးမရှိတဲ့တစ်ပတ်လုံးလုံး ဘယ်လိုမှနေမရပါ။ အိပ်လို့မပျော်တာကြောင့် ခြံထဲခဏခဏ ဆင်းထိုင်ဖြစ်သည်။

ထမင်းစားတော့လည်း ခါတိုင်းလို ဖွယ်ဖွယ်ရာရာချက်ပေမယ့် စားလို့ကောင်းတယ်လို့မရှိတော့ပေ။ "ခက်လိုက်တာနွယ်လေးရယ်"လို့ ညည်းရင်း လသာတဲ့ကောင်းကင်ကို ငေးကြည့်ပြန်တော့လည်း နွယ်လေးမျက်နှာ။ အပြစ်ကင်းစင်ပြီး အားငယ်သိမ်မွေ့လွန်းတာကိုက ရင်ထဲမှာ တွယ်ငြိစေတာလား။

မဟုတ်သေးပါဘူး...ရောက်စက ခပ်စွာစွာပုံစံလေးကလည်း ချစ်ဖို့ကောင်းတယ်။

"ဖြစ်တယ်မဟုတ်လားကိုကြီးရဲ့။ မီးပူတိုက်ဖို့၊ အဝတ်





လျှော်ဖို့တွေအတွက် စိတ်ညစ်နေတာလား"

"မဟုတ်ပါဘူး"လို့ဖြေပြီး နွယ်လေးဖျော်ပေးလာတဲ့ သံပရာရည်ခွက်ကို ငေးနေမိသည်။

"အဝတ်တွေက အရေးမကြီးဘူး။ ကိုကြီးလွမ်းနေတာ တစ်ယောက်တည်းနေရတာ ပျင်းတယ်။ မေမေကလည်း နေ့တိုင်း...ဘုရားသွားနေတာ"

ဆတ်ခနဲမော့ကြည့်ပြီး ပါးပြင်ပန်းရောင်ပြေးကာခေါင်းငုံ့ပစ်၏။ သိပ်ဆိုးတဲ့ကိုကြီးပဲ။ ရည်းစားထားဖူးပြီးတော့ စကားပြော ခွကျလိုက်တာ၊ ဘာမှမပတ်သက်တဲ့ မိန်းကလေးတစ်ယောက်ကိုလွမ်းနေတာတဲ့။

တကယ်တမ်းဝန်ခံရရင်လည်း နွယ်လေးလည်း ကိုကြီးကို အတိုင်းအဆမဲ့ တွယ်တာနေရတာပါ။ စဉ်းစားကြည့်နော်၊ နွယ်လေးဘဝမှာ မေမေရောဖေဖေပါ ကျောခိုင်းလိုက်တဲ့နောက် အထီးကျန်အားငယ်ခြင်းတွေနှင့် လုံးထွေးရစ်ပတ်နေတာပါ။ ဒီအချိန်မျိုးမှာ ကိုကြီးဆိုတဲ့လူတစ်ယောက်သာ နွယ်လေးဘဝထဲ မရှိခဲ့ရင် ဘယ်လောက် စိတ်ပျက်ငြီးငွေ့စရာကောင်းလိုက်မလဲ။

"အကြာကြီးနေမှာလား"

"တစ်လလောက်ပါ။ အန်တီခိုင်တစ်ယောက်တည်းမို့"

"နှစ်ပတ်လောက်ပဲနေပါကွာ။ သူ့တူလည်း ပြန်လာမှာပဲမဟုတ်လား"

"အင်း...ဟုတ်ပါရဲ့။ သူလာရင် နွယ်လေးနဲ့ဘယ်လိုမှ မဖြစ်ဘူး။ တန်းပြန်ခဲ့မှာ"

ထွက်ပေါက်တွေ့သွားတဲ့လူလို ကိုကြီးပြုံးသွားပြီး "ဟုတ်တယ်...ညနေပိုင်း ဖုန်းဆက်ပြောလိုက်မယ်။ လုပ်ငန်းပြီးပြီးခြင်း လာခဲ့ဖို့၊ နွယ်လေး, သူပြန်လာရင် ကိုကြီးကိုဖုန်းဆက်၊ ညဖြစ်ဖြစ်...လာခေါ်မယ်"

ပြောချင်ရာပြောကာ နှုတ်ဆက်ပြီး ပြန်ဖို့ပြင်တဲ့ကိုကြီးကို နွယ်လေး ရှက်စနိုးဖြစ်ရင်း ကားရပ်ထားရာထိလိုက်ပို့ဖို့ လှေကားမှအတူဆင်းခဲ့၏။ ရေချိုးပြီးစ ခပ်သင်းသင်းလေးရှိနေသည့် ဆပ်ပြာနံ့လေးကို နွယ်လေး ဘယ်ခါမှမေ့လို့မရပါ။ ရင်ထဲမှာ အတွေးနှင့် နွေးထွေးလှိုက်ခုန်မှုဖြစ်စေ၏။

ကားတံခါးကို နွယ်လေး သေချာ တွန်းပိတ်ပေးရင်း နောက်ဆုတ်ရပ်ပေးတော့ ကိုကြီး ဖြည်းညင်းစွာမောင်းထွက်သွားတာကြည့်ရင်း ရင်ထဲမှာ ဘယ်လိုလွမ်းမှန်းမသိ၊ မျက်ရည်ပင်ရစ်ဝဲမိ၏။

နောက်ကြည့်ကားမှန်ထဲက နွယ်လေးပုံရိပ်က နောင်ရဲ့မျက်ဝန်းထဲမှာ စွဲငြိပါလာ၏။ "နွယ်လေးရေ"လို့ တိုးတိုးခေါ်ညည်းရင်း ကိုယ့်ကိုယ်ကိုလည်း အံ့ဩချင်သည်။

စပယ်ဖြူနှင့်ဖြစ်ပြီးတဲ့နောက်ပိုင်း ဘယ်မိန်းကလေးတစ်ယောက်ကိုမှ စေ့စေ့မကြည့်၊ အရောမဝင်ဘဲ တည်တင်းစွာနေနိုင်ပါလျက် နွယ်လေးကို ဟန်ဆောင်မရအောင် ချစ်မိတာဝန်ခံပါရစေနွယ်လေးရာ။

မေမေ့စိတ်ကြိုက် ရတနာနှင့် ရင်းနှီးစွာနေမိတဲ့အချိန်လေးတွေမှာတောင် နွယ်လေးမျက်နှာကို အရိပ်တကြည့်ကြည့်





လုပ်မိတာ မင်းရိပ်မိစမ်းပါတော့။ ဒေါ်စုပြင်ပေးတဲ့ထမင်းပွဲမှာဝင်ထိုင်ရင်း ရောက်ခါစက ပေါင်မုန့်မီးကင်တာ အဆင်မပြေလို့ခေါ်မေးတော့ ဒီစားပွဲရှေ့လာရပ်တာ သတိရမိ၏။

မင်း,တို့ဘဝမှာ အရာရာကို စိုးမိုးနိုင်စွမ်းရှိပါလားကွာ။ ဒီညလည်း အရင်ညတွေလို အိပ်ပျော်ဖို့ နာရီပေါင်းများစွာ ကြိုးစားရဦးမှာ။ အခန်းထောင့်မှာ နှစ်ပေါင်းအတော်ကြာ ငြိမ်သက်နေရတဲ့ဂီတာလေးကို လှမ်းယူ ဖုန်သုတ်ရင်း သီချင်းတစ်စွန်းတစ်စကို ရင်ဖွင့်ဆိုဖို့ ဆုံးဖြတ်လိုက်၏။

"သိပ်လွမ်းနေတာ မင်းသိရင်ကောင်းမယ် နွယ်လေးရာ"




## အခန်း (၁၃)

"ဟယ်လို"

နံနက်စောစောမြည်လာတဲ့ဖုန်းသံကြောင့် ကောက်ကိုင်ရင်း ငြိမ်သက်နေတဲ့တစ်ဖက်ကို စိတ်မရှည်စွာ နွယ်လေးပြန်ချထားဖြစ်သည်။ တစ်ခဏခြင်းဖုန်းသံက ဆက်မြည်လာပြန်၏။

"ဟယ်လို"

နွယ်လေး ရုတ်တရက် အတွေးပေါက်စွာ "ကိုကြီး" ဟု ပျော်ရွှင်စွာခေါ်တော့ "နွယ်လေးဆီကို တခြားဘယ်သူဖုန်းဆက်စရာရှိလို့လဲ" ဟု မေး၏။ လူကိုမမြင်ရပေမယ့် မျက်နှာကြီးတင်းနေမှာ နွယ်လေးသိပါတယ်နော်။

"မနက်အစောကြီးဆက်တာဆိုတော့ မထင်ဘူး ကိုကြီး

ဆေးရုံသွားတော့မှာပေါ့နော်"

"ဟုတ်ပါ့ဗျာ...ကျုပ် နေ့ဂျူတီပြန်ဝင်ရမှာ။ စောစော ထွက်ရမယ်။ ခါတိုင်းလို နေ့ဘက်ရောက်လာမှာမဟုတ်ဘူး၊ နွယ် လေး ဘာလုပ်နေလဲ"

"ကော်ဖီဖျော်နေတာ"ဟု တိုးတိုးဖြေအဆုံးမှာ...

"ကိုကြီး ဒေါ်စုဖျော်ပေးတဲ့ကော်ဖီသောက်ရတာ အဆင် မပြေဘူး။ အကြာကြီးမနေနဲ့နွယ်လေးရာ။ အရမ်းသတိရတယ်"

ကိုကြီးရယ်၊ ပြောတတ်သည်းတတ်လာပြီကွာ။ ချစ် တယ်လို့မပြောခင် သိပ်ကိုချွဲတတ်နေရင်...နောက်ပိုင်းကျ နွယ် လေး အရည်ပျော်တတ်မှာပါ။ နွယ်လေးလည်း ကိုကြီးကိုအရမ်း တွယ်တာရတာပါ။ အန်တီခိုင်နှင့်စိတ်ဆိုးပြီး အဆောင်သွားနေဖို့ အပူတပြင်းစီစဉ်တုန်း ဖေဖေက သိပ်ရင်းနှီးတဲ့ကိုကြီးတို့အိမ် ခဏ ပို့ထားတာလေ။

ရုပ်လေးက သန့်သလောက် မျက်နှာကြီးတင်းထားတာ မကျေနပ်ပေမယ့် နွယ်လေး တိတ်တခိုး သံယောဇဉ်ဖြစ်ရတာ ကိုကြီး။ ဒါပေမဲ့ ကိုကြီးတွေးကြည့်စမ်း၊ နွယ်လေးကို ထွေးထွေး နဲ့ တစ်တန်းတည်းထား ဆက်ဆံတာ ရင်ထဲမှာ အရမ်းအောင့် တယ်။ ဒါပေမဲ့ နွယ်လေးပညာ၊ အသက်အရွယ်အရ ကိုကြီးကိုရို သေရမှာ သိပါတယ်၊ နွယ်လေးအပေါ် ဆူတိုင်းငေါက်တိုင်း ဝမ်း နည်းစိတ်နဲ့အတူ မုန်းဖို့ကြိုးစားနေတာ...

"ဟော့...ဖုန်းကိုင်ရင်း အိပ်ပျော်သွားပြီလား"

"ဟာ...မဟုတ်ဘူး၊ နွယ်လေးတွေးနေတာ။ ကိုကြီးကို





ကော်ဖီလာဖျော်ပေးရင် ကောင်းမလားလို့ပါ"

"မိချွဲလေး"လို့ တိုးတိုးဆိုရင်း ဖုန်းချသွားတဲ့ကိုကြီးကို ကျေနပ်စွာပြုံးရင်း နွယ်လေး မီးဖိုထဲပြန်ဝင်ခဲ့၏။

တကယ့်စေတနာတွေနဲ့ပါ...သူကတော့ မချွဲတတ်တာ ကျနေတာဘဲ။ တစ်ယောက်တည်းပြုံးရင်း မုန့်ပြင်နေတာ အန်တီ ခိုင်က နားမလည်စွာ မျက်မှောင်တွန့်ထားမိ၏။

ဒါပေမဲ့ အန်တီခိုင်, နွယ်လေးကို ကျေနပ်ကျေးဇူးတင် ရမှာလေ။ အိမ်ကခွဲခွာသွားတဲ့ လေးငါးခြောက်လအတွင်းမှာ ပြောင်းလဲတည်ငြိမ်သွားသလို၊ သူ့မေမေလက်ထက်တုန်းက မြင် ခဲ့ရတဲ့ သိမ်မွေ့ချိုပြုံးမှုတွေ၊ နားလည်သိတတ်မှုတွေ နွယ်လေးဆီ မှာပြန်တွေ့ရတာ အန်တီခိုင်တွက်ဝမ်းသာစရာ။ ဒါပေမဲ့ သူ့ဖေ ဖေ သိမသွားတာကိုဖြင့် စိတ်မကောင်းဖြစ်မိ၏။

မီးကင်ထားတဲ့ပေါင်မုန့်ကျွတ်ကျွတ်လေးကို ယိုသုတ်ပြီး အန်တီခိုင့်ရှေ့ချပေးရင်း ကိုကြီးကိုအမှတ်ရစေ၏။ နီရဲကျွတ်ရွ နေတာမျိုးမဟုတ်ဘဲ ကင်ထားသည်ဆိုရုံလေးကို ထောပတ်ပါး ပါးလေးသုတ်ပေးမှ ကြိုက်တတ်တာလေ။

"နွယ်လေး, အန်တီခိုင်နဲ့ပြန်နေဖို့ စိတ်ကူးပြီးပြီလား။ ဒါမှမဟုတ် အဆောင်တစ်ခုခုမှာနေချင်ရင် နေဖို့စီစဉ်ပေးချင် တယ်၊ ဒါက အစ်ကိုကြီးမသေခင် မနက်ပိုင်းကပြောခဲ့တဲ့စကား"

အန်တီခိုင့်ကိုကျေးဇူးတင်စွာ မော့ကြည့်ရင်း ဘာပြော ရမှန်းမသိသည့်မို့ ကော်ဖီတစ်ခွက်ကို စိတ်တိုင်းကျဖျော်လိုက် သည်။

"ကိုကြီးက ကော်ဖီဆို ခါးခါးမှကြိုက်တယ်၊ ချိုချိုစိမ့်စိမ့်ကြီးသောက်မိရင် တစ်နေ့လုံး နေရတာတစ်မျိုးကြီး"

သိပ်ခက်တာပဲကွာ။ နေရာတကာ ကိုကြီးက သိပ်စိုးမိုးတတ်တာပဲ၊ အဝေးကြီးမှာနေတဲ့အခါ တစ်ခါတလေမေ့ထားပါရစေ။ ဒီလိုအစစ အမြဲအမှတ်ရနေတာ နွယ်လေးရှက်တယ်။

"နွယ်လေး ဟိုမှာအဆင်ပြေပါတယ်။ တစ်ခါတလေကျ အန်တီခိုင်နဲ့လာနေမယ်လေ....နော်,အန်တီခိုင်"

ဒါနွယ်လေးအတွက် အဆင်ပြေစရာစကားပဲ။ ဒီအစီအစဉ်ကို ကိုကြီးလည်းသဘောကျမှာပါ။

နားလည်သလိုကြည့်ရင်း ခေါင်းရမ်းပြတဲ့အန်တီခိုင့်ကို စိတ်ဆိုးချင်ပေမယ့် နွယ်လေး အရင်တုန်းကလို စွာလန်အောင် ပြန်မပြောဖြစ်။ မိန်းကလေးပီသစေချင်တဲ့အသိုက်အဝန်းမှာ မိန်းကလေးပီသစွာ နေချင်မိသည်။ ဒါဟာ တစ်ဦးတစ်ယောက်အတွက် အဓိကဆိုတာ နွယ်လေးဝန်ခံပါရစေ။

"နွယ်လေး, အန်တီခိုင်ပြောမယ် သမီး။ ပြီးမှစဉ်းစားပေါ့။ နွယ်လေး အန်တီခိုင့်အပေါ် စိတ်တွေအရမ်းဆိုးပြီး အိမ်ပေါ်ကဆင်းမယ်လုပ်တော့ သူနဲ့အရင်းနှီးဆုံးဖြစ်ခဲ့ဖူးတဲ့ ဒေါက်တာနောင်ရဲတို့အိမ် ပို့ပေးထားခဲ့တာလေ။ တကယ်ဆို သမီးပျိုလေးမို့ သူစိတ်မကောင်းဘူး။ ဒါပေမဲ့ နွယ်လေးလိမ္မာစေချင်တာရယ်၊ လောလောဆယ် စိတ်ချမ်းသာစေချင်တာရယ် သူ အဲဒီအိမ်မှာ အပ်ထားခဲ့တာပါ"

နွားနို့ပူတွေ အေးအောင်စောင့်ရင်းက မျက်လွှာချ နား





ထောင်နေတဲ့နွယ်လေးကို အန်တီခိုင်သံယောဇဉ်ရှိပါသည်။ သူ့တူလေးက "အန်တီခိုင့်သမီးလေး သိပ်ချစ်ဖို့ကောင်းတယ်။ ပြောပေးစမ်းပါဗျာ"လို့ပြောပေမယ့် အန်တီခိုင် စိတ်ဆိုးစွာ မာန်ပစ်ဖူးသည်။

သို့ပေမယ့် ဒီကောင်လေးက လူပါး။ ရဲတင်းဖျတ်လတ်စွာ နွယ်လေးရှိရာ စကားသွားပြော၊ စာကြည့်ခန်းထဲဝင်၊ ကြာတော့ နွယ်လေးနှင့်ပြဿနာဖြစ်ကာ အိမ်ကထွက်သွားသည်အထိပါပဲ။

ဘာပဲပြောပြော၊ အန်တီခိုင် နွယ်လေးမကြိုက်တာတော့ ဇွတ်ကြီးမလုပ်ချင်၊ မိထွေးဆိုတဲ့အမြင်နှင့် တစ်သက်လုံးမုန်းတီးနာကြည်းနေမှာလည်း မဖြစ်စေချင်။ နှစ်ဖက်စလုံးပြေလည်မှုဝေးသထက်ဝေးသွားမှာ မလိုလားပါ။

"ဒါဆို နွယ်လေး, ကိုကြီးတို့အိမ်ပြန်မသွားသင့်ဘူးပေါ့ ဟုတ်လား"

"ဒီလိုလည်းမဟုတ်သေးပါဘူးကွယ်၊ အန်တီခိုင်, နောင်ရဲအမေနဲ့ တိုင်ပင်ကြည့်ပါဦးမယ်"

"ဒါပေမဲ့ အန်တီခိုင့်တူပြန်လာရင်တော့ နွယ်လေး လုံးဝမနေနိုင်ဘူးဆိုတာ အားနာနာနဲ့ပြောထားပါရစေ။ ခုချိန်မှာ နွယ်လေး, အန်တီခိုင့်ကိုစိတ်မချမ်းမသာ မလုပ်ချင်ပါဘူး။ ဒါပေမဲ့ နွယ်လေး တွေဝေမနေချင်တာ"

ပြတ်သားစွာပြောမိပြီးမှ အားနာစိတ်ဝင်မိသည်။ မေမေရှိစဉ်ကတည်းက အန်တီခိုင်နှင့် ရင်းနှီးခင်မင်မှုရှိပြီးသား။ ဖေဖေ

ကိုယ်တိုင်က နွယ်လေးကိုအသိမပေးဘဲ ရုတ်တရက်ကြီးလက်တွဲခေါ်လာတာမို့ ဘယ်လိုမှဘဝင်မကျဘဲ ကန့်လန့်လုပ်ပြီး စွာတေးလန်ခဲ့မိခြင်းပါ။

"ဟာ...နီမင်း၊ လာလေ"

ရုတ်တရက် တံခါးဝမှာထင်လာသောအရိပ်ကြောင့် နွယ်လေးမော့ကြည့်ရင်း လှမ်းခေါ်လိုက်သည်။

"နင်တစ်ယောက်တည်းဖြစ်နေမှာစိုးလို့။ ဖြူနှင်းတို့လည်း ပါတယ်"

နောက်ဘက်သို့ လက်မနှင့်ညွှန်ရင်း နွယ်လေးရှေ့က စားပွဲမှာဝင်လိုက်၏။ ဒီတစ်ခါ စိတ်လွတ်လပ်လို့ထင်ရဲ့။ နီမင်းမျက်နှာမှာ ကျေနပ်ပြုံးပျော်မှုတွေ။ ခပ်တိုတိုညှပ်ထားတဲ့ခေတ်ဆံပင်ပုံကို သပ်ရပ်စွာဖြီးပြီး စပို့ရှပ်အနက်နှင့် ဂျင်းပင်အဖြူကလိုက်ဖက်စွာ ရှိနေပေမယ့် နွယ်လေးမျက်ဝန်းမှာ ဆံပင်နက်နက်တွေ ကုတ်ထိရှည်လျက်ရှိနေတတ်သည့်ကိုကြီးကို သတိရ မြင်ယောင်မိ၏။

"ကိုကြီးဆံပင်တွေရှည်နေပြီ"ဟု ရင်းနှီးခင်မင်ပြီးနောက် မဝံ့မရဲ နွယ်လေးပြောမိတော့ ဆံပင်တွေဖွဖွသပ်တင်ရင်း "ဆံပင်တိုရင်မနေတတ်ဘူး....ကျောင်းမှာတည်းက ဒီလိုပဲထားနေကျ" ဆိုကာ"လမ်းသရဲပုံပေါက်နေလား"လို့မေးခဲ့သည်။

နွယ်လေး အလျင်အမြန်ခေါင်းခါပစ်သည်။ ဆံပင်ရှည်တာနဲ့ လမ်းသရဲပုံ ဘယ်လိုမှမပေါက်ပါဘူးလေ။ တည်ကြည်ခန့်ထည်တဲ့ကိုကြီးမျက်နှာကို ဘယ်အရာနှင့်မှ ဖုံးကွယ်လို့မရ





ဘူးဆိုတာ နွယ်လေးမပြောဖြစ်ပေမယ့်၊ ခဏတာငေးကြည့်နေမိတာကို ရှက်ရွံ့စွာ မျက်လွှာချခဲ့တာ.....

"ဘာစားစရာရှိလဲ၊ အိမ်ကဘာမှမစားရသေးဘူး။ နီမင်းကို ပိုမကျွေးရဘူးနော်"

အလိုက်မသိစွာ မေသန္တာက, စရင်း ခုံဆွဲထိုင်၏။ နီမင်းရှက်နေပေမယ့် ကျေနပ်နေတာ သိသာသည်။ သူငယ်ချင်းအဖြစ်ကထက် ပိုမခင်နိုင်ဘူးနီမင်းရယ်။ အားလုံးကို မစရန် ခပ်တည်တည် နှုတ်ခမ်းဆူပြရင်း" ဘယ်သူမှမပိုပါဘူးနော်။ သူငယ်ချင်းတွေ တစ်ပြေးတည်း"ဟု ရှင်းရှင်းဖွင့်ပြောဖြစ်၏။

နွယ်လေးကင်ပေးသော ပေါင်မုန့်တွေကို ယိုသုတ်ပေးစဉ် ဖြူနှင်းက သူဝယ်လာသည့်ကိတ်မုန့်ကိုလှီးသည်။

"ဒီမနက်တော့ ထမင်း ကော်တော်နဲ့စားနိုင်မှာမဟုတ်ဘူး။ မေသန္တာကလည်း ပလာတာဝယ်ခဲ့တယ်"

"နီမင်းကော" ဟု ဖြူနှင်းအမေးကို...

"ငါက နင်တို့ဘာကြိုက်တတ်မှန်းမှမသိတာ။ နွယ်လေးကြိုက်တဲ့ပေါက်စီ"

"အောင်မယ်...ငါတို့လည်းကြိုက်ပါတယ်နော်။ မပိုပါနဲ့ ကောင်စုတ်ရဲ့"

"မကုန်ပါဘူးဟာ...အများကြီးပဲ စားကြစမ်းပါ"

နွယ်လေး စိတ်ညစ်အားငယ်နေမှာစိုးရိမ်လျက် ဆွမ်းကျွေးပြီးနောက်ပိုင်းရက်များမှာ သူတို့တစ်စုတစ်ဝေးလာရောက်နေတတ်သည်။ ဆယ်တန်းကို အကုန်လုံးအောင်သူတွေမို့ အမှတ်

စာရင်းတောင်းကြည့်ဖို့၊ ကျောင်းဆက်တက်ဖို့ စီစဉ်ရေးဆွဲကာ ပျော်ရွှင်ကျေနပ်နေသူတွေပါပဲ။

နေ့လယ်ပိုင်းနားနေခိုက် စာအုပ်ကိုယ်စီဖတ်နေဆဲ ဖုန်းသံကြောင့် နွယ်လေး ထပြေးသည်။

ဘယ်လိုလဲကိုကြီးရာ.... ဒီတခါတော့ နွယ်လေး"ကိုကြီးရေ"လို့ စစခြင်းခေါ်လိုက်တာနော်...

"ထမင်းစားပြီး အချိန်ပိုနေလို့ဆက်တာ နွယ်လေး...ဘာလုပ်နေလဲ။ အန်တီခိုင့်တူ ပြန်လာပြီလား"

"မပြန်လာသေးဘူးကိုကြီး။ ခုသူငယ်ချင်းတွေလာနေပေးကြတယ်၊ ကိုကြီးလာခဲ့ဦးမလား"

"ဘယ်သူတွေရှိလဲ"

"မေသန္တာ၊ ဖြူနှင်းနဲ့ နီမင်းတို့ပါ"

"တော်ပြီကွာ...မလာတော့ပါဘူး၊ ဒါပါပဲ။ နွယ်လေး အဆင်ပြေရင်ပြီးတာပါပဲ...စိတ်ချမ်းသာတယ်မဟုတ်လား"

ဖုန်းကိုဦးအောင်ချလိုက်စဉ် "ကိုကြီး"လို့ခေါ်သံက နားထဲ တိုးဝင်လာသည်။ နွယ်လေး ဖြေရှင်းချင်တာလား။ ပြဿနာမရှိဘဲနဲ့ ဖြေရှင်းရတာ ရှက်စရာကောင်းပါတယ်။ တကယ်ဆို တို့လူကြီးဆန်ဖို့ကောင်းတာပေါ့။ ဒါပေမဲ့ တို့စိတ်ကို တို့မနိုင်ဘူး။ ဖြစ်ချင်ရာဖြစ်လို့ လွှတ်မပေးတာဘဲ ကျေးဇူးတင်ရမလိုလိုဘဲ။

နွယ်လေးအနေခက်နေပြီလားလို့တော့ တွေးမိသည်။ နီမင်းဆိုတဲ့ ဖြတ်လက်ငယ်ရွယ်တဲ့ကောင်လေးရဲ့ မျက်ဝန်းတွေ





ဟာ နွယ်လေးရှိရာမှာပဲ။ ပြီးတော့ တို့နားလည်သလောက် ရှိတာက အချစ်တို့ပြည့်လျှံနေတဲ့တို့ရင်ထဲကို နွယ်လေးသိဖို့ ကြိုးစားမယ်မဟုတ်ဘူးဆိုတာ။ စိတ်မောနွမ်းလျစွာ နှောင်ရဲ ဆိုဖာနောက်ကျောမှာ ခေါင်းမှီပြီး မျက်လုံးတွေကိုမှိတ်ထားဆဲ မေမေ ဧည့်ခန်းထဲဝင်လာသည်။

"သားက အိပ်ချင်လည်း အခန်းထဲဝင်အိပ်လိုက်ပါလား။ အပြင်ဘက်ကြီးမှာ လေတိုက်နေတယ်။ ညနေဘက် ဆေးရုံက အပြန် ရတနာတို့ ဘုရားကိုးဆူသွားရမယ်"

သားမျက်နှာတစ်ချက်ကြည့်ရင်း ဘုရားသောက်တော်ရေ လဲဖို့ပြင်နေတဲ့မေမေ့ကို စိတ်မပါသော်လည်း ခေါင်းညိတ်ပြမိသည်။ ငြင်းနေလျှင် ရမှာလည်းမဟုတ်ဘဲနှင့် စိတ်ညစ်ခံပြီး မငြင်းချင်တော့ပါ။

နွယ်လေးရှိရင်ကောင်းမယ်။ နွယ်လေးပါခေါ်သွားတော့ စိတ်ကျဉ်းကြပ်မနေဘူးပေါ့။ မပြောချင်ဘဲ မေးသမျှဖြေပေးနေရတဲ့လူစုတွေနှင့် ဘယ်လောက်ကြာကြာ ထိုင်ပေးရမယ် မပြောတတ်ပါ။

နေ့ခင်းပိုင်း ဆေးရုံပြန်သွားဖို့ ရေချိုးခန်းထဲဝင်ပြီး ရေတစ်ဝကြီးချိုးပစ်လိုက်သည်။ ဘာပဲပြောပြော စောစောက ရှုပ်ထွေးနေတဲ့စိတ်တွေ ခဏတော့ရှင်းသွားသည်။

◘◘◘




## အခန်း (၁၄)

အဆက်မပြတ်မြည်လာတဲ့ လူခေါ်ခေါင်းလောင်းသံကြောင့်"ကိုကြီးများလား"ဆိုသည့်အတွေးနှင့် တံခါးရှိရာအပြေးရောက်ခဲ့သည်။

မိန်းကလေးမပီသလွန်းရာရောက်ရင်လည်း ခွင့်လွှတ်တော့။ နွယ်လေး အရမ်းကိုလွမ်းနေမိတာ၊ ရှက်ရှက်နှင့်အိပ်မက်ထဲမှာ ဝန်ခံမိသည်။

ကြည်နူးကျေနပ်သွားတဲ့ ကိုကြီးမျက်နှာကို နွယ်လေးအကြာကြီးငေးနေမိတာ။ သိပ်ကိုမြတ်နိုးတွယ်တာစရာကောင်းပါတယ် ကိုကြီးရယ်။

"ဟင်! "

"နွယ်လေး"

တံခါးဖွင့်ပေးဖို့ ပြေးလာတဲ့နွယ်လေး ကိုမော့်ကိုမြင်တော့ ရပ်လျက်ဘာလုပ်ရမှန်းမသိ။

"ဟိတ်! တံခါးဖွင့်လေ၊ ဟာကွာ…အဝေးကြီးကရောက်ရောက်ခြင်း အပြေးလာရတာ မသိသလိုကြီးပါလား။ ကိုမော်ပြန်ရမှာလား"

စိတ်ထဲမှာ ဘဝင်မကျစွာပြောရင်း နောက်တစ်လှမ်းပြင်လိုက်သည့်ကိုမော့်ကို အားနာစွာပြုံးပြရင်း…..

"အရမ်းအံ့ဩသွားလို့ပါ။ ကိုမော် ခရီးထွက်နေတယ်လို့ ကိုကြီးက ပြောထားတာလေ"

လက်ထဲကအထုပ်တွေလှမ်းပေးတော့ ယောင်ကမ်းကမ်းနှင့်လှမ်းယူရင်း စားပွဲရှိရာလျှောက်ခဲ့သည်။

တံခါးဝမှာ ဖိနပ်ကြိုးဖြည်ရင်း ကျန်နေခဲ့သည့် ကိုမော့်အတွက် ကော်ဖီဖျော်ရင်း ကိတ်မုန့်လှီးလိုက်သည်။

"နွယ်လေးက အရမ်းစိမ်းတာ"

"ဟင်…ဘာလုပ်လို့လဲ ကိုမော်"

"တံခါးဖွင့်ဖို့ အကြာကြီးစဉ်းစားနေတယ်"

ရှက်စိတ်နှင့် ခေါင်းငုံ့လိုက်ရင်း စားပွဲပေါ်ကအသင့်ရှိတဲ့ကော်ဖီတွေကို အသင့်စပ်မွှေပေးလိုက်သည်။

ကိုကြီးထင်လို့ပြေးထွက်လာတာပါ။ မဟုတ်တော့ ဘာလုပ်ရမှန်းမသိလို့ပါလို့ပြောချင်ပေမယ့် မသင့်တော်။ နွယ်လေးကို ခပ်ရဲရဲကြည့်နေတဲ့ကိုမော့်ကို ရင်မဆိုင်ရဲစွာရှိသည်။





"နွယ်လေး"

ဘာလို့ခေါ်နေရတာလဲ ကိုမော်ရယ်။ နွယ်လေးတို့နှစ်ယောက်တည်း ရှိနေတာ စိတ်ရှုပ်တယ်။ ကိုကြီးများ ခုနေရောက်လာရင် ဘယ်လိုထင်သွားမှာပါလိမ့်။ အန်တီခိုင် မြန်မြန်ပြန်ရောက်လာပါစေ။

"မော့ကြည့်စမ်းပါ နွယ်လေးရာ။ ကိုက်မစားပါဘူး"

အားနာစွာမော့ကြည့်ပြုံးပြရင်း

"ကော်ဖီတွေအေးကုန်ပြီကိုမော်ရဲ့။ နွယ်လေးက အရမ်းအံ့ဩနေတော့ ဘာပြောရမှန်းမသိတာပါ"

"ခရီးက ပြန်ရောက်ရောက်ခြင်း နွယ်လေးတို့သတင်းကြားလို့ တန်းထွက်လာတာ။ စိတ်မကောင်းပါဘူးနွယ်လေးရယ်၊ ကိုယ်သိထားတာ နှောင်ရဲညီမလေးအဖြစ်နဲ့သိထားတာလေ"

နွယ်လေးကမ်းပေးလာတဲ့မုန့်ကိုလှမ်းယူရင်း ဘာပြောရမလဲဆိုတာ အလျင်အမြန်တွေးမိသည်။

နွယ်လေးကို တွယ်တာမြတ်နိုးစွာဖြင့် လက်ထပ်ဖို့ ခွင့်တောင်းရုံပဲပေါ့။ သူ့အကြည့်စူးစူးတွေအောက်မှာ နွယ်လေးအနေခက်နေတာကို သနားသလို တစ်မျိုးချစ်စရာကောင်းနေသည်။

"နွယ်လေး"

"ရှင်"

"ကိုယ်စကားတစ်ခွန်းလောက်ပြောပါရစေကွာ၊ အလေးအနက်ထား နားထောင်ပေးပါ။ ခုချိန်မှာ မပြောသင့်ဘူးနော်။

နွယ်လေး စိတ်သောကရောက်နေတဲ့အချိန်မဟုတ်လား။ ဒါပေမဲ့ ကိုယ့်စိတ်တွေသိပ်လှုပ်ရှားနေတယ်။ တစ်ခုခုကို စိုးရိမ်နေတာ လည်းရှိမှာပေါ့"

အံ့ဩထိတ်လန့်စွာ မော့ကြည့်တဲ့နွယ်လေးရဲ့မျက်ဝန်း လက်လက်ကလေးတွေက သိပ်ကိုလှပနေသည်။ နက်မှောင်တဲ့ ဆံနွယ်ရှည်ကြီးကို ကလစ်ဖြူလေးနှင့်ထိန်းထားကာ မျက်ခုံး နက်နက်ကလေးတွေက ဘယ်ခါကြည့်ကြည့် ချစ်စရာကောင်း လွန်းသည်။

"နွယ်လေး"

"-----"

တိတ်ဆိတ်နေတဲ့နွယ်လေး အနေခက်စွာ စားပွဲခင်းပေါ်က လိပ်ပြာရုပ်လေးတွေကို လက်နှင့်ပွတ်နေမိသည်။

"သိပ်ကိုစိတ်ရှုပ်နေမလားကွာ။ ကိုယ် မင်းကိုလက်ထပ် ချင်တယ်"

"အို! "

ရုတ်တရက် ထိတ်လန့်တကြား ထရပ်လိုက်မိ၏။ နွယ် လေးစိတ်တွေ သိပ်လှုပ်ရှားနေတယ်။ ဒီအထိအောင်မှ မမျှော်လင့် ထားဘဲ ဘယ်လိုရင်ဆိုင်မော်ကြည့်ရမှာလဲ ကိုမော်။

"နေဦး...နွယ်လေး"

"ဟင့်အင်း...နွယ်လေးနားမထောင်ရဲသေးလို့ပါ ကိုမော်၊ သွားပါရစေ"

"နွယ်လေး ဘယ်သွားမှာလဲ၊ ကိုမော်ပြန်ပေးပါ့မယ်၊





နုနယ်တဲ့နှလုံးသားကို အရောင်ဆိုးလိုက်မိတာ စိတ်မကောင်းပေ မယ့် သူများထက်နောက်ကျမှာစိုးတာ"

ဖြည်းဖြည်းညင်သာ ထရပ်လိုက်ရင်း မျက်နှာချင်းဆိုင် ဖြစ်သွားသည်။ နွယ်လေးကို မချိပြုံးပြုံးပြမိသည်။

"စိတ်သိပ်ရှုပ်နေတာပါ နွယ်လေးရာ။ မင်းနဲ့ နောင်ရဲတို့ ဘာမှမတော်ဘူးဆိုကတည်းက ကိုယ်ရင်ပူသွားတယ်။ ကိုယ် စိတ်ညစ်သွားတယ်ကွာ။ မြတ်နိုးကြင်နာတဲ့နောင်ရဲမျက်လုံးတွေ၊ ဝန်တိုတတ်တာတွေကို ဘာကြောင့်သတိမထားမိခဲ့တာလဲ"ဆို သည့်စကားများစွာကို ရင်ထဲမှာမြိုသိပ်ရင်း"ပြန်မယ်နွယ်လေး" ဟုနှုတ်ဆက်ပြီး လှေခါးမှ ခပ်သွက်သွက်ဆင်းခဲ့သည်။

ကားကိုဖြည်းဖြည်းမောင်းရင်း နောက်ကြည့်မှန်ထဲက နေ နွယ်လေးကိုကြည့်သော်လည်း အရိပ်အရောင်မျှပင် မတွေ့ရ တော့။

ကိုမော့်ရင်ထဲမှာ မွန်းကြပ်လိုက်တာကွာ။

▣▣▣




## အခန်း (၁၅)

အန်တီခိုင့်တူတော်မောင် ပြန်လာပြီဆိုကတည်းက နွယ်လေး ပြန်ချင်စိတ်က ထိန်းမရ။ မနက်မှသွားပါကွယ်လို့ ချော့မော့ပြောတော့လည်း ငြင်းရခက်သားလေ။ အဝတ်တွေ ခေါက်သိမ်းရင်း လက်ဆွဲအိတ်ထဲထည့်နေတော့ အန်တီခိုင် အခန်းထဲရောက်လာသည်။

"မပြန်ဘဲနေပါလား...နွယ်လေး"

"------"

"အန်တီခိုင်က မိထွေးဆိုပေမယ့် ငယ်ကတည်းက ရင်းနှီးခဲ့ကြတာပါကွယ်။ မောင်ရဲနောင်တို့က ကြီးမှရင်းနှီးရတာ"

"အန်တီခိုင်"

စိတ်ဆိုးတာမဟုတ်ပေမယ့် စကားဆက်လာမှာ နွယ်လေး ကြောက်သည်။

"နွယ်လေး တစ်ခုတောင်းဆိုပါရစေနော်၊ စိတ်ညစ်ပြီး ရှုပ်ထွေးနေလို့ပါ။ ကိုကြီးတို့အိမ်မှာ တစ်ပတ်လောက်ပဲသွားနေမှာပါ။ ကိုကြီးမေမေကလည်း ပြန်လာခဲ့စေချင်တယ်၊ ကျောင်းတွေဖွင့်ရင်တော့ အဆောင်မှာပဲနေဖို့ ဆုံးဖြတ်ထားပြီးပြီ"

ရှည်လျားတဲ့ဆံပင်တွေကို သပ်ရပ်အောင်ဖြီးရင်း အန်တီခိုင့်ကို ကျေနပ်အောင်ရှင်းပြမိ၏။ မျက်ခုံးနက်နက်တွေအောက်က မျက်ဝန်းလက်လက်တွေကို ဗိုလ်ဗိုလ် ခဏခဏချီးကျူးခဲ့ဖူးတာ "သိပ်ချစ်ဖို့ကောင်းတာပဲ အန်တီခိုင်ရယ်။ ကျွန်တော့်ကိုသိပ်မုန်းသလောက် နည်းနည်းလောက် သံယောဇဉ်ရှိရင် ကျေနပ်ပါတယ်" ဟု ဆိုဖူးသည်။

တကယ်လို့များ နွယ်လေးက သူ့ရဲ့မိဘမဲ့တူလေးကို နည်းနည်းလေးဖြစ်ဖြစ် ကြည်ဖြူရင် ဇွတ်ခေါ်ထားမှာ။ ခုတော့ ဗိုလ်ဗိုလ့်ဆို နွယ်လေးက မုန်းမှမုန်း၊ ဗိုလ်ဗိုလ်က အစသိပ်သန်တာမို့ နွယ်လေးကြည့်မရတာလည်း ရှိသည်။

ပြီးတော့ မိထွေးက တော်စပ်ရတဲ့တူဆိုတော့ နွယ်လေး အပြစ်မဟုတ်ပါ။

"အန်တီခိုင်အတွေးလွန်သွားတာပါကွယ်။ မောင်နောင်ရဲ့ဟာ လူတော်လူကောင်းတစ်ယောက်ပါပဲ။ နွယ်လေး စိတ်ချမ်းသာအောင်နေပေါ့"

ခေါင်းညိတ်နှုတ်ဆက်ပြီး ကားဂိတ်ကို တန်းမသွားဖြစ်။





ကိုကြီးကြိုက်တတ်သော နာနတ်သီးစိမ်းစိမ်းကြီးတွေ အလှဆုံးရွေးပြီး ငါးလုံးစုစည်းခိုင်းကာ မနိုင်မနင်းဆွဲခဲ့၏။

ကိုကြီး သံပရာရည်ကြိုက်တတ်တာ၊ နာနတ်သီးနှင့် လိမ္မော်သီးကြိုက်တတ်တာ၊ ပန်းပင်တွေမြတ်နိုးတတ်တာ၊ အရာရာကို နွယ်လေး မှတ်မိသိထားနေတယ်လေ။

တရိပ်ရိပ်ပြေးနေတဲ့ လမ်းဘေးကလယ်ကွင်းတွေကြည့်ရင်း နွယ်လေး ဖေဖေ့ကိုသတိရ မျက်ရည်ကျမိသည်။ ဖေဖေမရှိတဲ့နောက်မှာ အေးရိပ်တစ်ခုလိုနားခိုဖို့ ကိုကြီးတို့မိသားစုထဲကို အားကိုးတကြီးလာခဲ့ပြီကွာ။

အန်တီခိုင့်ကို ခါတိုင်းလို အမုန်းသို အမျက်မထားတော့တာ မှန်ပေမယ့် နွယ်လေးအတူမနေချင်ပါ။ အန်တီခိုင့်ဆီမှာ ဖေဖေ့မေတ္တာတွေ မျှဝေပေးလိုက်ရချိန် အမုန်းတွေဖြေဖျောက်ရနိုင်ချင် ရနိုင်မှာဖြစ်ပေမယ့် ချစ်ခင်တွယ်တာစွာနေထိုင်ဖို့ဆိုတာ နွယ်လေး ဘယ်တော့မှ စဉ်းစားလိမ့်မည်မထင်။ တစ်ယူသန်တဇွတ်ထိုးမဟုတ်ပေမယ့် နွယ်လေးဆုံးဖြတ်ချက်ကို မပြင်တော့တာ မှားတယ်ဆိုလည်း ဒီအမှားကို ခါးစည်းခံဖို့ သတ္တိရှိပြီးသားပါ။

လက်တစ်ဖက်က အိတ်ဆွဲ၊ တစ်ဖက်က နာနတ်သီးတွေ မနိုင်မနင်းဆွဲရင်း လျှောက်ရတာမောပေမယ့် ပျော်နေတာလေ။ ကိုကြီး သိပ်အံ့သြသွားမလား၊ ဝမ်းသာသွားမလား။ ကိုကြီးဘာလုပ်နေသလဲ။ သိချင်တာတွေလည်း ရင်ထဲမှာအပြည့်။

လူခေါ်ခေါင်းလောင်းသံဆူဆူကြောင့် အထိတ်တလန့်

လှမ်းကြည့်လိုက်တဲ့ကိုကြီး၊ အံ့သြတကြီးမျက်နှာနှင့် အပြေးအလွှားရောက်လာ၏။

"ကြည့်စမ်းကွာ...ဖုန်းဆက်လိုက်ပါဆို ကိုကြီးလာခေါ်မှာပေါ့။ မနိုင်မနင်းနဲ့ ဘာတွေသယ်လာရတာလဲ"

"ကိုကြီးကြိုက်တတ်တဲ့နာနတ်သီးလေ။ ညက ဖုန်းဆက်ဖို့ သတိရသား။ ကိုကြီး မနက်အစောကြီးထ လာခေါ်ရမှာ ပင်ပန်းသွားမှာစိုးလို့ပါ"

"တတ်တယ်...ခုတော့ ခင်ဗျားလေး မပင်ပန်းဘူးလား။ လိုင်းကားတွေက ကြပ်ကြပ်နဲ့၊ ကိုကြီးလာကြိုမယ်ပြောထားသားနဲ့။ ကဲ...ပေးပါ၊ ကိုကြီးကိုင်လာမယ်"

မဝေးလှတဲ့ထမင်းစားခန်းလေးကိုလျှောက်ဖို့ သိပ်မလိုတော့ပေမယ့် နွယ်လေးပင်ပန်းမှာပဲစိုးရိမ်စွာ အိတ်ကော၊ နာနတ်သီးတွေပါ တစ်ဖက်စီဆွဲသွား၏။

ဟွန်း! သိပ်ပိုတယ်။ နွယ်လေး ပင်ပန်းရကြိုးနပ်ပါပြီ။ နာနတ်သီးတွေတွဲချည်ထားတဲ့ကြိုးကို အကြာကြီးဆွဲလာရတာကြောင့် နွယ်လေးလက်ဖဝါးနုနုတွေမှာ အနီစင်းကြီးထင်လို့၊ အမှတ်မထင်ငုံ့ကြည့်ပြီး လက်တွေပြန်ဆုပ်ထားမိသည်။

"ဟာ...လက်တွေမှာ အစင်းတွေတောင် ထင်နေတယ်။ နွယ်လေးရာ...ကိုကြီး စားတောင်မစားချင်တော့ဘူး၊ ပြစမ်း"

လက်ကိုဖြန့်ကြည့်ရင်း ကြင်နာစွာဆုပ်ကိုင်လိုက်တော့ ရင်တွေခုန်နေလိုက်တာ။

"မနာပါဘူးကိုကြီး...လက်ဖက်ရည် ကိုယ်တိုင်ဖျော်နေ





တာလား။ နွယ်လေးဖျော်ပေးမယ်"

"နေ...တစ်ခါတလေ ကိုယ်တိုင်ဖျော်သောက်ချင်လို့ကွာ၊ နွယ်လေးကိုလည်း ကိုကြီးဖျော်တိုက်မယ်။ ချိုခါးလား၊ချိုပေါ့လား"

နွယ်လေးခေါင်းခါပြုံးပြရင်း 'နွယ်လေးလက်ဖက်ရည်မကြိုက်ဘူးကိုကြီး' ဟု တိုးတိုးဖြေလိုက်သည်။

"ဒီတစ်ခါတော့ သောက်ဖြစ်အောင်သောက်၊ ချိုစိမ့်လေးဖျော်ထားပေးတယ်"

လက်ဖက်ရည်ခွက်ကိုကောက်ကိုင်ရင်း ကိုကြီးကင်ထားတဲ့ပေါင်မုန့်ဖျော့ဖျော့လေးကိုမြင်တော့ ပေါင်မုန့်ကင် မီးတူးလို့စိတ်ဆိုးဖူးတာ သတိရသွားလျက်...

"နွယ်လေး ပေါင်မုန့်မီးကင်ပေးရမလား"ဟု ရယ်လျက်စဖြစ်သည်။

"ကိုကြီးကို လူဆိုးကြီးလို့အမြဲအမှတ်ရနေတာပဲလား"

"ဟင့်အင်း, သတိမရပါဘူး...မမေ့တာ"

နှစ်ယောက်သား လွတ်လပ်စွာရယ်လိုက်မိသည်။ ထိုနေ့က ဒေါ်စုခွင့်ယူသွားသည်မို့ နွယ်လေးမီးဖိုထဲရှိတာတွေကိုအဆင်ပြေအောင် ချက်ပေးသည်။

"နွယ်လေးမလာရင် ဆိုင်မှာစားဖြစ်မှာ။ မေမေက သိပ်စားနိုင်တာမှမဟုတ်တာ၊ နွယ်လေးရောက်လာတာ သိပ်အဆင်ပြေသွားတယ်"

သားအမိနှစ်ယောက်တည်းဖြစ်နေတဲ့အချိန် နွယ်လေး

ကို ဂရုတစိုက်မျှော်လင့်နေတာ။ မနက်က မေမေကြီးက "သားကြီးနဲ့တစ်ခါတည်းလိုက်နိုင်ပြီး ထပ်မလာနိုင်ဘူး၊ စိတ်မကောင်းဖြစ်နေတာ။ ကိုရဲက ဒီနေ့ကိုသွားဖို့ပြောသေးတယ်၊ နားလိုက်ဦးနော် နွယ်လေး၊ သမီးမရှိတော့ ဘာလိုမှန်းမသိဘူး၊ ရင်ထဲမှာဟာတာတာနဲ့။ ကိုရဲ ဒီနေ့ ဆိုင်မှာဝယ်စားမယ်ပြောနေတာ။ နွယ်လေးရောက်လာတော့ အဆင်ပြေသွားပြီ"

မနက်ပိုင်း ဘုရားဝတ်ပြု ပုတီးစိပ်ပြီး နွယ်လေးချက်ပြုတ်နေရာ ခဏထိုင် စကားပြောပြီး အပေါ်ပြန်တက်သွား၏။

နွယ်လေးဘဝ ပြည့်စုံလုံခြုံလာသလိုပါပဲ။ ထမင်းဝိုင်းမှာလည်း သုံးယောက်သား ထိုင်စားဖြစ်သည်။ အရင်ကထက်ပိုရင်းနှီးလာသည်။

"ထွေးထွေးကို ပြန်ခေါ်ရအောင်မေမေ...ဒေါ်စုတစ်ယောက်တည်း နိုင်မှာမဟုတ်ဘူး။ နွယ်လေးလည်း ကျောင်းတက်ရတော့မှာ"

"အန်တီခိုင့်ကိုပြောခဲ့တယ်ကိုကြီး။ နွယ်လေး အဆောင်မှာနေမယ်လို့"

နွယ်လေးစကားကြောင့် ကိုကြီးမျက်မှောင်တွန့်ရင်း...

"ခင်ဗျားလေးကလည်း ထွင်ဦးမှာလား။ အန်တီခိုင်နဲ့နေချင်နေ...မနေချင်, ဒီမှာပဲနေရမယ်။ ဒီ့ထက်ပိုတွေးမထားနဲ့"

နောက်ရဲကို မေမေပင်အံ့သြစွာ လှမ်းကြည့်ပြီး...

"ဟုတ်သားပဲနွယ်လေးရဲ့...မေမေကြီးတို့ကိုယုံကြည်အားကိုးပြီး သမီးဖေဖေက အပ်ခဲ့ရှာတယ်။ သူ့အသက်ရှင်လျက်





ရှိသေးတယ်ဆိုရင်တော့ နွယ်လေးသဘောပေါ့။ ခုမေမေကြီးတို့မခိုင်တို့ တာဝန်ရှိလာပြီပေါ့၊ သမီးမပျော်ဘူးလား၊ မေမေကြီးတို့ကိုမခင်ဘူးလား...ပြော"

"ပျော်ပါတယ်မေမေကြီး။ မေမေကြီးတို့ကိုခင်လည်းခင်ပါတယ်။ ဒါပေမဲ့ အန်တီခိုင်က နွယ်လေးဆက်နေရင် ပတ်ဝန်းကျင်က ပြောမယ်တဲ့"

"ဒါတွေထည့်တွက်မနေပါနဲ့ နွယ်လေးရယ်။ သားကလည်း နွယ်လေးကို ညီမလေးလိုစောင့်ရှောက်သွားမှာပါ...နော်သား။ ဟင်...ထမင်းတော်ပြီလား...စားပါဦးသားရယ်...မဆာဘူးလား"

တစ်ဝက်တစ်ပျက်နဲ့ ထမင်းဝိုင်းက ထသွားသည့် ကိုကြီးကို စိတ်မကောင်းစွာငေးရင်း နွယ်လေးနောင်တရမိသည်။ ထမင်းစားတဲ့အချိန်မှာ အနှောက်အယှက်စကားပြောမိလိုက်ပြီပဲ။

ကိုကြီးကြိုက်တတ်သည့် အစိမ်းကြော်ပန်းကန်က တစ်ဇွန်းမှပင် ယူစားခဲ့ဟန်မတူ။ နွယ်လေးမျက်ရည်ဝဲလာသည်။ မျက်တောင်တို့ကိုပုတ်ခတ်ရင်း ခေါင်းငုံ့ထားလိုက်၏။

တစ်အောင့်ကြာတော့ မေမေကြီးလည်း စားပြီးသွားပြီမို့ လက်ဆေးပြီးထရပ်သည်။

"တစ်ယောက်တည်းကျန်တာနဲ့ မဝဘဲနဲ့ မရပ်လိုက်နဲ့နော်။ ဝအောင်စား,နွယ်လေး။ ပြီးမှ ကိုရဲအတွက် သံပရာရည်ပို့ပေးလိုက်ပေါ့"

ခေါင်းညိတ်ပြရင်း မေမေကြီးကျောခိုင်းတာနဲ့ စားလက်

စထမင်းကို ရပ်လိုက်၏။ ဘယ်လိုလုပ် မြိုကျတော့မှာလည်း ကိုကြီးရာ...နွယ်လေးစကားကြောင့် ကိုကြီးထိခိုက်စိတ်မကောင်း ဖြစ်သွားတယ်ဆိုရင် ပြောမိတဲ့လူက ပိုခံစားရပါတယ်။

မီးဖိုထဲလုပ်စရာရှိတာတွေလုပ်ရင်း လှုပ်ရှားနေတဲ့စိတ် တွေငြိမ်အောင်ထိန်းထားရ၏။ သံပရာရည်သွားပို့တော့ ကိုကြီး မျက်နှာ သိပ်ကြည်လင်မနေပေမယ့် "နွယ်လေးထိုင်ဦး" ဆိုကာ တင်ထားတဲ့စာအုပ်တွေ ဘေးဖယ်ပေးလိုက်သည်။

တစ်ယောက်နှင့်တစ်ယောက် စကားပြောစရာရှာမရ သည်မို့ ငြိမ်သက်တိတ်ဆိတ်နေတာ နွယ်လေးမနေတတ်။ ကို ကြီး စီးကရက်တွေဖွာရှိုက်ရင်း အဝေးကိုလှမ်းကြည့်နေတာများ အကြာကြီး။ အနေခက်လိုက်တာကိုကြီးရာ...ထပြန်ဖို့ ဟန်ပြင် လိုက်တော့မှ....

"ခဏနေဦး နွယ်လေး....ကိုကြီးပြောစရာရှိနေတယ်"

အံ့သြစွာမော့ကြည့်လိုက်တဲ့မျက်ဝန်းတွေကို လွှဲဖယ် မပစ်ဘဲ အတန်ကြာငေးကြည့်နေမိတာ တည်ကြည်တဲ့မျက်လုံး တွေ၊ မျက်ခုံးနက်နက်တွေ၊ နှုတ်ခမ်းရဲရဲမှာ ဖိညှပ်ထားတဲ့စီး ကရက်လေးကအစ မြတ်နိုးစရာကောင်းတာ။ ရှက်ရှက်နဲ့ ရင်ထဲ မှာ အသိအမှတ်ပြုထားမိသည်။

"နွယ်လေးဖေဖေဆုံးလို့...အိမ်ပြန်သွားခဲ့တဲ့ နှစ်ပတ် အတွင်းမှာ ကိုကြီး ညတိုင်းကောင်းကောင်းအိပ်မပျော်ဘူး။ စား တော့သောက်တော့ကော နွယ်လေးမရှိတော့ ရင်ထဲမှာ တစ်ခုခု လိုနေသလိုပဲ။ ဒါတွေကို နွယ်လေး အလေးအနက်ထားပါ၊ ကို





ကြီး...နှစ်ပတ်လေးတောင် ဒီလောက်လွမ်းနေရရင် အမြဲတမ်း ဝေးဝေးမှာ နေသွားဖို့ဆိုတာ စဉ်းစားကြည့်ဦးကွာ"

နွယ်လေးရင်တွေ တအားခုန်နေတယ်လေ။ ဘာလို့ပွင့် ပွင့်လင်းလင်းကြီးပြောရနေရတာလဲကိုကြီး။ အန်တီခိုင်က မသွား ပါနဲ့လို့တားနေလျက်နဲ့ နွယ်လေးပြန်လာခဲ့တာ ဘာကြောင့်လဲ ဆိုတာ ပြောမပြချင်ဘူးကွယ်၊ ဘာပြောရမှန်းမသိအောင် နွယ် လေး ရင်ခုန်စိတ်မောနေပါတယ်။

"ဒီလိုပြန်လာတာ...အပြီးတိုင်နေဖို့ ဆုံးဖြတ်လာတာ မဟုတ်လား"

"ဟင့်အင်း"

ခေါင်းရမ်းပြလိုက်တာကို အံ့သြစွာ...

"ဟင်! ဒါဖြင့် အဆောင်နေဖို့ဆုံးဖြတ်ထားပြီပေါ့ ဟုတ် လား"

နွယ်လေးမဖြေတတ်စွာ ကိုကြီးကိုမော့ကြည့်ရင်း မျက် လွှာချကာ ငြိမ်နေမိသည်။ ဘာဖြေရမှာလဲကိုကြီး။ အမှန်အတိုင်း ဖြေရမှာလား.....ဖွတ်မိုက်ညာပြောရမှာလား။

"ပြောလေနွယ်လေး၊ ဒါဖြင့်ဘာလို့ပြန်လာတာလဲ"

"နွယ်လေး....လွမ်း.....လွမ်းလို့ပါကိုကြီး"

ပြောပြီး သုတ်ခနဲထပြေးလာခဲ့၏။

"ဟိတ်! နွယ်လေး...နေဦး" ဆိုသည့် ကိုကြီးစကားကို လှည့်ကြည့်ဖို့မှစိတ်မထားတာ။

"ဟာကွာ, သိပ်ရှုပ်တဲ့ကောင်မလေး၊ စကားကိုရှင်းရှင်း

မပြောခဲ့ဘူး။ ဘာကိုလွမ်းတာလဲ...ဘယ်သူ့ကိုလွမ်းတာလဲ"

နောင်ရဲ့ ကျေနပ်ပျော်ရွှင်စွာ ဆံပင်ရှည်တို့ဝဲခါလျက် ပြေးထွက်သွားသောနွယ်လေးကို မျက်စိတစ်ဆုံး လိုက်ကြည့်နေဆဲပါ။

လွမ်းလို့တဲ့လားကွာ...ဒီစကားတစ်ခွန်းတည်းနဲ့ပဲ ကိုကြီးဘဝကို စိုးမိုးပိုင်စိုးမယ့်သူဆိုတာ သိပ်ကိုသေချာသွားပြီ။ မင်းလေးကို ပန်းလေးတစ်ပွင့်လို တမြတ်တနိုး တန်ဖိုးထားချစ်နေရတာပါ။

ကိုကြီးဘဝထဲကို ထာဝရခိုဝင်ဖို့ မင်းငြင်းလိုက်မှာကို တွေးလိုက်တာနဲ့တောင် ရင်ထဲပူလောင်လိုက်ဖိုလို့ အိပ်ပျက်ညတွေ ရှိခဲ့ပါတယ်ကွယ်။

◘◘◘



## အခန်း (၁၆)

အစဉ်တည်တည်ကြီးထားတတ်သော မျက်နှာတစ်ခုက မယုံနိုင်စရာ ပြောင်းလဲ ချိုကြည်စေခဲ့တာ အချစ်ကြောင့်လား။

နွယ်လေးအပေါ် အစစကြင်နာ ဂရုစိုက်ပေးတတ်လွန်းတော့လည်း နွယ်လေးအနေခက်သည်။

"ဟော! "

ကျောင်းရှေ့မှာ ထိုးရပ်ထားတဲ့ကိုကြီးကားကိုကြည့်ရင်း သူငယ်ချင်းတွေ နွယ်လေးကို တစ်ပြိုင်တည်းလှည့်ကြည့်၏။

"ဘာလဲဟ...အလန့်တကြား"

"နင့်ကိုကြီး လာကြိုတယ်၊ ငါတို့တွေက...ကောင်လေးတွေနဲ့ဝိုင်းထိုင်နေတာ။ ကြိုက်ပါ့မလား"

"ရပါတယ်...မိုးရွာနေလို့ မပြန်သေးဘဲ စကားပြောနေတာပဲ"

နွယ်လေးလွယ်အိတ်နှင့် ထမင်းဘူးပြင်ပြီး ထရပ်လိုက်သည်။

"နေဦး...ငါ့မှာ ထီးပါတယ်၊ ငါလိုက်ပို့မယ်"

ဘယ်လိုမှမတားနိုင်ခင် ထီးဖွင့်ပြီး နွယ်လေးဘေးက ကပ်လိုက်လာသည့်နီမင်းကို စိတ်တိုလိုက်ပေမယ့် တစ်ယောက်တစ်ခွန်းမငြင်းဖြစ်ပါ။

ပြီးတော့ ကားပေါ်က လှမ်းကြည့်နေသည့်ကိုကြီးရှိရာ အမြန်ရောက်ဖို့ စိတ်က လောနေသည်။

ကားဘေးရပ်ကြည့်နေသည့်နီမင်းကို "ကျေးဇူးတင်တယ်" လို့ပြောရင်း ဝူးခနဲ ဆောင့်မောင်းသွားတဲ့ကားကြောင့် "အမေ့" ဟု အလန့်တကြားအော်မိသည်။

"မိုးတွင်းမှာ ထီးမပါဘဲ ကျောင်းသွားရသလား"

"နွယ်လေး မေ့..မေ့သွားလို့ပါကိုကြီး"

"မေ့စရာကိစ္စမှမဟုတ်ဘဲ...ပြီးတော့ တက္ကသိုလ်ကျောင်းသူဆိုပေမယ့် စည်းကမ်းတကျရှိစေချင်တယ်၊ ယောကျ်ားလေးတွေနဲ့ရင်းနှီးကျွမ်းဝင်မှုတွေလည်းမလွန်သင့်ဘူး။ ထီးတစ်ချောင်းတည်း နှစ်ယောက် ဆောင်းသင့်သလား။ နီမင်းက နွယ်လေးကိုသူများတွေထက် ပိုသံယောဇဉ်ရှိပုံရတယ်"

"ကိုကြီး"

နွယ်လေး အံ့ဩစွာမော့ကြည့်ရင်း.....





"နွယ်လေးက စည်းကမ်းဘောင် ကျော်နေပြီလား။ နွယ်လေးမှာ ဆုံးမပြုပြင်သူမရှိလို့ ပျက်စီးနေတယ်ထင်သလား။ ကိုကြီး သက်သက်အထင်သေးတာ၊ နွယ်လေးကို ယုံကြည်မှုမရှိတာ"

ပြန်မပြောပါဘူးလို့ဆုံးဖြတ်ချက်တွေပျက်စီးကာ ရင်ထဲရှိသမျှ တစ်ခွန်းမကျန်ပြောဖြစ်၏။

စီးကျလာတဲ့မျက်ရည်တွေ လက်ခုံနှင့်အသာသုတ်ရင်းက....

"နွယ်လေးမှာ မိဘတွေမရှိတော့ပေမယ့် နွယ်လေးဟာဘယ်တော့မှ အပျက်စီးခံမယ့်မိန်းကလေးမဟုတ်ဘူး။ ကိုကြီးတို့အိမ်မှာ အရိပ်ခိုနေတုန်း မျက်နှာပျက်ရမယ့်အဖြစ်မျိုးကြုံမှာကြောက်တာလား"

"နွယ်လေး...တော်တော့"

ကားလက်ကိုင်ကိုလက်သီးနှင့်ထုရင်း ကားကိုလမ်းဘေးထိုးရပ်ပစ်၏။ စေတနာတွေ နားမလည်တဲ့နွယ်လေး၊ အချစ်တွေရှာမတွေ့တဲ့နွယ်လေး။ ကိုကြီးရင်ထဲက ခံစားချက်တွေကို နည်းနည်းမှမရိပ်မိတာလား။

"နွယ်လေး"

ခေါင်းငုံ့ မျက်ရည်ကျရင်း ရင်ခုန်စွာမော့ကြည့်ဖြစ်၏။

ကိုကြီးမျက်ဝန်းလက်လက်တွေက သိမ်မွေ့လွန်းသည်။ မော့ကြည့်လာတဲ့မျက်ဝန်းညိုတစ်စုံကို မြတ်နိုးစွာရင်ဆိုင်ရင်း...

"နားလည်ပေးပါညီမလေးရယ်။ ဘယ်သူ့ခံစားချက်နဲ့မှ

နိုင်းမရအောင် မြတ်နိုးမှုတွေနဲ့ သိပ်ချစ်တယ်။ နားလည်စမ်းပါကွာ"

"မဖြစ်နိုင်ပါဘူးကိုကြီးရယ်။ နွယ်လေး ရင်ကွဲအောင် မဖန်တီးပါနဲ့။ ကိုကြီးတို့အရိပ်မှာ အပြစ်ကင်းစွာ နားခိုပါရစေ။ မမရတနာဟာ တစ်ချိန်ချိန်မှာ ကိုကြီးနဲ့လက်တွဲဖို့ အားလုံးသိထားကြတာပါ"

"အချစ်ဆိုတာ ပြုပြင်ဖန်တီးလို့မှ မရဘဲ။ ညက တစ်ညလုံး ကိုကြီးစဉ်းစားပြီးမှပြောတာ။ နွယ်လေးကလွဲပြီး ဘဝဖော်အဖြစ် ဘယ်သူ့မှလက်တွဲဖို့မစဉ်းစားတော့ဘူး။ ယုံစမ်းပါကွာ"

ကားစက်နှိုးပြီး လမ်းမတည့်တည့်သို့တက်လိုက်သည်။ စောစောကလို မိုးမသဲတော့။ ဘေးကထိုင်ရင်း ကိုကြီးမျက်နှာကို တိတ်တခိုးကြည့်ပြီး သက်ပြင်းရှိုက်မိသည်။

ရင်ခုန်လိုက်တာကိုကြီးရယ်...နှလုံးသားနုနုမှာ ပထမဦးဆုံး တွယ်တာမြတ်နိုးခဲ့ရတာ ကိုကြီး၊ တစ်ဘဝလုံးအတွက် မျှော်လင့်ခဲ့ရတာလည်းကိုကြီး၊ ဒါပေမဲ့ တစ်ချိန်ချိန်မှာအကြောင်းကြောင်းကြောင့် ဝေးရမယ်ဆိုရင် နွယ်လေးဖြေသိမ့်နိုင်မှာလား။

"နွယ်လေး"

ကားကိုရပ်လိုက်ပေမယ့် ခြံထဲကွေ့မဝင်သေးဘဲ တစ်ချိန်လုံး ခေါင်းငုံ့နေတဲ့နွယ်လေးကိုမော့ကြည့်စေရင်း...

"မရေရာတဲ့မျှော်လင့်ချက်ကြီးနဲ့ စိတ်မောရမယ့်ဘဝကို မလိုချင်ဘူး။ ယုံကြည်စိတ်ချပါရစေ။ နွယ်လေးကိုကြင်နာယုယမှုနဲ့ချစ်တဲ့သူကို မြတ်နိုးအားကိုးစွာ မချစ်နိုင်ဘူးလား"





"နွယ်လေးအဖြေဟာ အရေးတကြီးမလိုအပ်သေးဘူး ကိုကြီးရယ်။ စဉ်းစားပါရစေနော်"

"ရတဲ့အဖြေဟာ အချစ်ပဲ"

"ဟင်! ဇွတ်ကြီးပါလား"

ရယ်ချင်စိတ်ကို အတင်းမျိုသိပ်ရင်း နှုတ်ခမ်းကိုကိုက်ပစ်မိသည်။ ကိုကြီးမျက်နှာကလည်း စောစောကထက်ပိုကြည်လင်ကာ....

"ဒါပေါ့ကွ၊ ကလေးကိုချစ်မိတာဆိုတော့ ကလေးဆန်ဆန်ပူဆာရမှာပဲ...ကျုပ်က အဘိုးကြီးပေါက်စမှ မဟုတ်သေးတာ"

နွယ်လေးအသံထွက်ရယ်လိုက်သည်။ ကားတံခါးဆွဲဖွင့်ရင်း...

"ကိုကြီးရဲ့စိတ်ကူးအိပ်မက်ထဲက မဟေသီလေးဟာ မင်းတစ်ယောက်ကလွဲပြီး ဘယ်သူမှမဖြစ်နိုင်ဘူး"

"အာ...ဘာတွေလဲကိုကြီးရယ်။ နွယ်လေးသွားပြီ"

ခေါင်းငုံ့ပြေးထွက်သွားတဲ့ နွယ်လေးကို ငေးကြည့်ရင်း ပျော်ရွှင်စွာလေချွန်ရင်း ကားသွင်းလိုက်ပြီး 'သံပရာရည်'ဟုလှမ်းအော်တော့.....နွယ်လေး သံပရာရည်ခွက်ကိုလှမ်းရင်း ပြန်မသွားမီ 'ခဏနေဦး'ဟု လက်ကာပြသည်။

"ဘာလိုသေးလဲကိုကြီး"

"ကိုကြီးမသေမချင်း ဒါမှမဟုတ် အဘိုးကြီးဖြစ်တဲ့အထိ အလုပ်ကပြန်လာတိုင်း နွယ်လေးတိုက်တဲ့သံပရာရည်ပဲ သောက်

ပါရစေ…နားလည်ပေးပါကွာ"

◙◙◙



## အခန်း (၁၇)

"ကိုယ့်ကိုလေ× × စိုးမိုးနိုင်တဲ့အင်အား… ဘယ်ကများရ ရှိထားသလဲ× × ပြောကြားလှည့်ပါ။

နေရာတိုင်းမှာ× × သူ့မျက်နှာ… နေရာတိုင်းမှာ× × သူ့ မျက်နှာ…နေရာတိုင်းမှာ× × သူ့မျက်နှာ…."

တိုးတိတ်ညင်သာတဲ့ဂီတာသံနှင့်သီချင်းကြောင့် စာ ကျက်နေရာမှ ပြတင်းပေါက်ဘေးရပ်ရင်း ခြံထဲလှမ်းကြည့်မိ၏။

စပါယ်ရုံဘေးကခုံတန်းရှည်လေးမှာ ကိုကြီးဂီတာတီး ရင်း သီချင်းဆိုနေတာ နှယ်လေးနှစ်သက်စွဲလန်းဖူးတဲ့ "နေရာ တိုင်းမှာ သူ့မျက်နှာ"သီချင်းလေးပါလား။

လူက တည်ငြိမ်စွာရပ်နေရပေမယ့် နှယ်လေးစိတ်တွေ

က သီချင်းသံထဲမှာ နစ်မျောနေလေရဲ့။

ကိုကြီးရဲ့အချစ်တွေကို ရဲဝံ့စွာလက်ကမ်းဖို့ မဝံ့မရဲသလို ပြတ်သားစွာငြင်းလိုက်ဖို့ကလည်း စိတ်ကူးနဲ့တောင် ကြောက်ခဲ့အား ငယ်လိုက်ပါဘိ။

နေ့ခင်းကအဖြစ်ကိုသာကြည့်။ မမရတနာတို့သားအမိ ထမင်းဖိတ်ကျွေးချင်တယ်ဆိုပြီး မေမေကြီးက နှယ်လေးနဲ့ဒေါ်စု ကိုပြောတော့.....

"ကျောင်းပိတ်ရက်လေး နားပါစေမေမေရယ်၊ နှယ်လေး အိမ်စာတွေလုပ်နေတာမဟုတ်လား"

"ရပါတယ်ကိုကြီး၊ နှယ်လေးခဏရပ်ထားမှာပေါ့၊ ဖိတ် လိုက်ပါမေမေကြီး။ နှယ်လေး အစဉ်ပြေအောင် လုပ်ပေးနိုင်ပါ တယ်"

"အေးအေး...သားတို့အရေးကိစ္စအတွက်လည်း ပြော စရာရှိသေးတယ်။ ထမင်းစားဖိတ်မယ်နော်"

တားရမှာမဟုတ်ပေမယ့် ရင်ထဲမှာမကျေနပ်စွာ မျက် မှောင်တွန့်ထားသည့်ကိုကြီးကို တစ်ချက်ခိုးကြည့်ရင်း ချက်ဖို့ပြုပ် ဖို့ မီးဖိုထဲဝင်လိုက်ရသည်။

"နှယ်လေး"

"ရှင်"

"ဘယ်သူဈေးသွားမှာလဲ"

"နှယ်လေးသွားမလို့ ဘာဟင်းချက်ကျွေးစေချင်သလဲ၊ နှယ်လေးကိုမှာလိုက်ပါ"





"ဟာကွာ...ဟင်းအတွက်မဟုတ်ဘူး၊ ဈေးလိုက်ပို့မလို့ အဝတ်လဲခဲ့။ စောင့်နေမယ်"

ပြောရင်း ကားဂိုဒေါင်ရှိရာ လျှောက်သွားသည့်ကိုကြီးကို ဘာမှဆင်ခြေတက်ရမှာမဟုတ်သည်မို့ အဝတ်လဲရန် အခန်းထဲ ဝင်ခဲ့သည်။

ဈေးရောက်တော့'ကားထဲကစောင့်မှာလား ကိုကြီး' ဆို တဲ့အမေးကို ခေါင်းခါပြရင်း ပလတ်စတစ်ဆွဲခြင်းကို ကားထဲက ဆွဲထုတ်သည်။

"နှယ်လေးကိုင်ခဲ့မယ်..ပေးပါ"

"ဝယ်ဖို့သာစဉ်းစား...ကိုကြီးကိုင်မှာပေါ့။ သိပ်ပင်ပန်း တကြီးချက်ရမယ့်ဟင်းလျာမျိုး မဝယ်နဲ့ကွာ"

"မမရတနာစားမှာ...ကိုကြီးရဲ့။ ထမင်းဝိုင်းကျမှ ဟင်း မကောင်းလို့အပြစ်မတင်နဲ့"

"ရတနာစားတာမစားတာမသိဘူး။ နှယ်လေးမပင်ပန်း ဖို့ဘဲသိတယ်။ တရားဝင်စေ့စပ်ကြောင်းလမ်းဖို့ လုံးဝသဘော မတူဘူး"

"မဖြစ်နိုင်တာတွေဘဲကိုကြီးရယ်၊ မေမေကြီးစိတ်ဆင်းရဲ အောင် မပြောပါနဲ့။ မမရတနာနဲ့ကိုကြီးဆိုတာ နေနဲ့လ ရွှေနဲ့မြ လို လိုက်ဖက်ပါတယ်"

"ခင်ဗျားလေးကို တရားဟောခိုင်းတာမဟုတ်ဘူးဗျ။ ခု ကျုပ်ဈေးလိုက်ပို့တာ ပြတ်ပြတ်သားသားမေးမလို့၊ အစကတော့ နှယ်လေးကျောင်းစာ အနှောင့်အယှက်ဖြစ်မှာစိုးလို့ မျိုသိပ်နေ

တာ၊ ခုတော့မဖြစ်တော့ဘူး…နွယ်လေးဆီက အဖြေတစ်ခုပဲ လိုချင်တယ်။ အဲဒါဟာ 'ချစ်တယ်' ဆိုတာပဲ"

"ဟင်"

ရှက်ရဲသောမျက်နှာနှင့် တစ်ခဏသာ မော့ကြည့်လိုက်ရင်း ခေါင်းငုံ့ပစ်လိုက်၏။

ဘာစကားမှဆက်မပြောဖြစ်ပေမယ့် အတူလျှောက်ကြရင်း….နွယ်လေးရင်မှာ အားငယ်ရှုပ်ထွေးလာသည်။

မမရတနာနှင့်စေ့စပ်ဖို့ ပြောကြမယ်တဲ့၊ နွယ်လေးဆီက အဖြေတစ်ခုလိုချင်တယ်တဲ့။ အဲဒီအဖြေက 'အချစ်'တဲ့၊ ဖြစ်နိုင်မှာတဲ့လား ဝေးကွာဖို့ဆိုတာကော အို…တွေးတာနှင့်တောင် ရင်ထဲမှာ မောလိုက်တာ။ ဖွယ်ဖွယ်ရာရာဖြစ်အောင် စဉ်းစားဝယ်ရင်း ဈေးကအပြန်ကားပေါ်မှာ ထိုင်မိတော့ ကိုကြီးကိုခိုးကြည့်မိသည်။

တစ်ခုခုကိုသေချာစွာစဉ်းစားနေတဲ့မျက်နှာ၊ ပြတ်သားမယ့်မျက်နှာ၊ ခုနေများ နွေးထွေးလှိုက်ခုန်နေတဲ့နှလုံးသားကို လှပ်ခါနိုးမယ်ဆိုရင် အချစ်ဆိုတာကိုတွေ့မှာပဲ။

နွယ်လေး ခေါင်းငုံ့ငြိမ်သက်နေခြင်းဟာ အချစ်တွေ နိုးလာမှာစိုးလို့လေ။

ကားကိုခြံထဲကွေ့ဝင်ခါနီး "ကိုကြီး မေးလာတဲ့အချိန်မှာ ပြတ်ပြတ်သားသားဖြေနိုင်ဖို့ စဉ်းစားထားဦး"ဟု မှာရင်း ကွေ့ဝင်ခဲ့သည်။

"နွယ်လေး…..ကိုကြီးတို့နဲ့ထမင်းဝင်စားမှာလား"

"ဘယ်ဖြစ်မှာလဲ။ ဧည့်သည်တွေနဲ့မစားချင်ပါဘူး"





"ဒါဆို ထမင်းဝိုင်းဘေးမှာလာရပ်ပြီး လိုအပ်တာဖြည့်ဖို့ စောင့်စရာမလိုဘူး"

"မမရတနာနဲ့စကားပြောစရာရှိလို့လား"

"အင်းပေါ့"

"ဟွန်း"ဟုအသံထွက်သည်ထိ နှုတ်ခမ်းဆူပြရင်း တစ်ဖက်လှည့်ပစ်မိ၏။ လွတ်လွတ်လပ်လပ်ဆွေးနွေးချင်တယ်ဆိုလည်း ဖြစ်တာများ၊ ခုထဲက နွယ်လေးကို စည်းကမ်းအမိန့်တွေ ထုတ်ထားလိုက်တာ။

"စိတ်တိုမသွားနဲ့ကောင်မလေး…ပင်ပန်းမှာစိုးလို့။ ပြီးတော့ နွယ်လေးက အိမ်ဖော်မှမဟုတ်ဘဲ၊ ထမင်းစားပွဲမှာရပ်ပြီး ဘာမှဖြည့်ဆည်းပေးစရာမလိုဘူး"

"မေမေကြီးစိတ်ဆိုးလိမ့်မယ်"

"မေမေက နားလည်ပါတယ်… ချက်ပြုတ်ဖို့ ကူခိုင်းတာတောင် ဒေါ်စုတစ်ယောက်တည်း မနိုင်မှာစိုးလို့"

ကိုကြီးစေတနာကိုလေးစားရင်း ထမင်းပွဲပြင်ပြီးတာနဲ့ ရေချိုးပြီး အခန်းထဲဝင်၊ စာကြည့်ဖြစ်သည်။ နွယ်လေးထမင်းစားဖို့ထွက်လာတော့ ဒေါ်စုက ခူးခပ်ကျွေးဖို့ပြင်သည်။

"နေပါစေဒေါ်စုရယ်၊ နားစမ်းပါ။ နွယ်လေးကိုယ်တိုင်ခူးစားမှာပေါ့။ ဧည့်သည်တွေပြန်သွားပြီလား"

"ဟုတ်ပါ့…ကိုရဲလိုက်ပို့တယ်။ ထမင်းပွဲမှာ မိန်းကလေးက ခူးခပ်ဦးချတာတောင် ကိုရဲက ဝတ္တရားကျေ တစ်ခါလောက် ခပ်ထည့်မပေးဘူး"

ကိုကြီးက တစ်ခါတစ်ခါသိပ်ခက်တာပဲ။ ဘာပဲဖြစ်ဖြစ် အရင်တုန်းက ရင်းနှီးခင်မင်ခဲ့ကြတာကို စေ့စပ်မယ်ဆိုကာမှ ခပ်တည်တည်ကြီးနေပြတော့ မမရတနာရှက်ချင်ရှက်မှာဟု မိန်းကလေးချင်း စာနာစွာတွေးမိ၏။

ဘာပဲပြောပြော မမရတနာဆိုတာ ကိုကြီးနဲ့လိုက်ဖက်တင့်တယ်တဲ့မိန်းကလေးပါ။ နွယ်လေးနားလည်လက်ခံစွာ ကိုကြီးကို တတ်နိုင်သမျှရှောင်ဖို့ စိတ်ကူးထားသည်။

ကိုကြီးပြန်လာချိန် "ခေါင်းကိုက်လိုက်တာ ဒေါ်စုရယ်၊ ဆေးသောက်ပြီးအိပ်မယ်နော်" ဟုညာရင်း အခန်းတံခါးပိတ်နေလိုက်၏။ ကိုကြီးပြန်လာတော့ ဒေါ်စုက "နေမကောင်းလို့ အိပ်နေတယ်" ဆိုသည့်အပြေကြောင့် ထိတ်ထိတ်ပြာပြာဖြစ်ကာ...

"အသျှော်တွေမိပြီး ပင်ပန်းသွားတာများလား၊ ဟင်းတွေကလည်း အရမ်းစုံနေတာကိုး...နိုးနေပြီလား၊ သက်သာရဲ့လားမေးကြည့်စမ်းပါဦး"

"တံခါးပိတ်ပြီးအိပ်နေတာကွယ့်။ ဆေးသောက်မယ်လို့ပြောပါတယ်"

"နေဦး...ကျွန်တော် တံခါးခေါက်ပြီးခေါ်ကြည့်ဦးမယ်။ နွယ်လေး...နွယ်လေး"

တံခါးတဒေါက်ဒေါက်သံကို ဥပေက္ခာပြုရင်း နွယ်လေး မျက်လုံးတွေ ဇွတ်မှိတ်ထားလိုက်၏။

စိတ်ရှုပ် ရင်မောနေတာပါကိုကြီးရယ်။ ခုချိန်ထိတိုင် နွယ်လေး ဘယ်လိုဆုံးဖြတ်ရမှန်းမသိသေးတာ၊ မပြတ်သားရဲ့





တာ ဆင်ခြင်ရမယ့်အခြေအနေရယ်၊ မေမေကြီးရဲ့ကျေးဇူးတရားဆိုတဲ့အသိ။ ကိုကြီးဘဝပိုပြီးပြည့်စုံကြွယ်ဝဖို့...

"ဟဲ့!သား...နွယ်လေးဘာဖြစ်လို့လဲ"

"ဒေါ်စုက နေမကောင်းဘူးပြောလို့ပါ မေမေ။ ညကလည်း ညဥ့်နက်အောင် စာကြည့်တယ်။ တစ်မနက်လုံးချက်ပြုတ်ချော့်နေတော့ နေမကောင်းတော့တာပေါ့"

"မေမေခေါ်ကြည့်ပါဦးမယ် သားရယ်။ မင်းညီမ အိပ်ပျော်နေတာဖြစ်မှာပါ။ နွယ်လေးရေ...သမီး"

မေမေကြီးခေါ်သံနှင့်အတူတံခါးခေါက်သံကြောင့် နွယ်လေး ဆက်မအိပ်နေတော့ဘဲ တံခါးထဖွင့်ပေးလိုက်သည်။

"ကြည့်စမ်း! ကောင်မလေး နိုးနေသားနဲ့ ကိုကြီးခေါ်တာငြိမ်နေတယ်"

"မဟုတ်ပါဘူး...အိပ်ပျော်နေတာပါ"

ဖြောင်လိမ်မှန်းသိတာမို့ ကိုကြီးမျက်မှောင်တွန့်ကာ...

"မေမေပဲကြည့်ပြောဦး။ နေမကောင်းရင် ဆေးသောက်ရမယ်"

ညင်သာစွာ နဖူးပြင်မှာလာစမ်းတဲ့ မေမေကြီးလက်တွေကို ပြန်လည်ဆုပ်ကိုင်ရင်း...

"နွယ်လေးဆေးသောက်ပြီးမှ အိပ်တာပါ။ နိုးနေပေမယ့်နှံးနေတာနဲ့ မထသေးတာ။ နေကောင်းပါတယ်၊ ဘာခိုင်းဦးမလဲ မေမေကြီး"

"မေမေကြီးက ဘာမှခိုင်းစရာမရှိဘူး။ သားအတွက်သာ

သံပရာရည်ဖျော်ပို့ပေးလိုက်ပါကွယ်။ သားက အနေကြာတော့လည်း သမီးကို သံယောဇဉ်ဖြစ်ရှာတယ်။ အစကတော့ စိတ်တိုတတ်လွန်းလို့ သမီးကိုတောင် သနားအားနာနေရတာ"

ခေါင်းညိတ်ပြရင်း...

"မေမေကြီးတို့သားအမိဘဝထဲမှာ နားခိုခွင့်ပေးတာ သိပ်ကိုကျေးဇူးတင်ပါတယ်ရှင်။ ကိုကြီး...မိန်းမယူပြီးရင်တော့ နှယ်လေး အဆောင်မှာပဲနေပါရစေ"

"အို...မဟုတ်တာသမီးရယ်၊ မေမေကြီးက သားကိုမိန်းမပေးစားပြီးတာနဲ့ သမီးကိုအမွေစားအမွေခံနဲ့မွေးစားမှာ။ ပြီးတော့ အိမ်ထောင်ဖက်ကောင်းကောင်းရှာပေးရမှာပဲ"

မဖြစ်နိုင်တာဘဲမေမေကြီးရယ်လို့ ရင်ထဲမှာအကြိမ်ကြိမ်မြည်တမ်းရင်း ခေါင်းငုံ့ထားလိုက်ခြင်းက စကားဝိုင်းကို အေးငြိမ်းစွာ ပျက်သွားစေတာပဲပေါ့။

ကောင်းကင်က လမင်းကြီးလည်း ပြည့်ပြည့်ဝဝသာနေတယ်၊ ချစ်တဲ့သူရဲ့သီချင်းသံကလည်း သာယာနေပါတယ်။

ဒါပေမဲ့ နှယ်လေးမပျော်ဘူး။ ထိန်းသိမ်းမျိုသိပ်ထားတဲ့ဝေဒနာတွေကြောင့် အရမ်းကိုငိုချင်နေတာပါ။ ခုနေများ အခြေအနေတစ်ခုက ဟန့်တားမထားဘူးဆိုလျှင်...ချစ်တဲ့သူရဲ့ရင်ခွင်မှာတိုးဝင်မှီခိုရင်း မျက်ရည်တွေကို အတားဆီးမဲ့ လွှတ်ပေးလိုက်ချင်ပါရဲ့။ အဲဒီချစ်တဲ့သူရဲ့ရင်ခွင်ဆိုတာကလည်း ကိုကြီးကလွဲလို့ ဘယ်သူများဖြစ်နိုင်ဦးမှာတဲ့လဲ...

▣▣▣



## အခန်း (၁၈)

"ကိုကြီးလိုလူတစ်ယောက်ကို ငြင်းဖို့ဆိုတာ ငါတော့ မတွေးတတ်ဘူး။ ဘာတစ်ခုမှချို့ယွင်းမှုမရှိဘူးနော်။ ရုပ်ရည်ချောသလို ခန့်ညားတင့်တယ်တဲ့အရပ်အမောင်း၊ အသားအရောင်က အစ သန့်သန့်လေးနေတတ်တဲ့အကျင့်အထိ...ဘာမှအပြစ်ပြောစရာမရှိဘူး"

"နင်ကလည်း အပြတ်မြှောက်နေပြီ။ ကိုကြီးသိရင် စိတ်ဆိုးနေပါဦးမယ်"

နှယ်လေး, ဖြူနှင်းစကားကြောင့် ရှက်စနိုးရယ်ရင်း ဆွဲဆိတ်ပစ်မိသည်။

"တကယ်ပြောတာ နှယ်လေးရဲ့။ ပညာကလည်းတတ်

တယ်၊ အကျင့်စာရိတ္တလည်းကောင်းတယ်၊ နွယ်လေးကိုမြတ်နိုးတာလည်း အားလုံးရိပ်မိကုန်ပြီ"

"မပြောပါနဲ့ဟာ၊ ငါစိတ်တွေညစ်လှပြီ။ မေမေကြီးက မမရတနာနဲ့သဘောတူနေမှန်းသိရက်နဲ့ ခေါင်းညိတ်လိုက်ရင် ကျေးဇူးမဲ့ရာရောက်ပါတယ်"

"ဒါဆို နင်ငြင်းမယ်ပေါ့"

ဘာကြောင့် နွယ်လေး အလွယ်တကူခေါင်းညိတ်မပြမိပါလိမ့်။ ဒီပြဿနာကိုရင်မဆိုင်မိအောင် ရှောင်နေဖို့သာ စိတ်ထဲက ဆုံးဖြတ်ထားပြီးသားပါကွယ်။ နွယ်လေးရင်မှာအင်အားတွေ၊ မျှော်လင့်ချက်တွေ ကုန်ဆုံးနေပြီကိုကြီးရယ်။

တစ်အိမ်တည်းမှာနေပြီး မတွေ့အောင် ရှောင်နေရတာ လွယ်တာမှမဟုတ်ဘဲ။

ကိုကြီးမနိုးခင် ဈေးသွား၊ ကူလုပ်ပြီး...ကိုကြီးနိုးသံကြားတာနဲ့ အခန်းတွင်းပြေးဝင်ပြီး စာကျက်၊ စာတွက်နှင့်။ ကိုကြီး အဝတ်လဲခိုက် နွယ်လေးကျောင်းလစ်တော့သည်။

"နွယ်လေး နေမကောင်းဘူးလား"

"ဟုတ်တယ်...နှုတ်ခမ်းတွေတောင် ဖြူဖျော့လို့"

"ညနက်တဲ့ထိ အိပ်မပျော်ဘူးကွာ"

တင်းထားပေမယ့် တကယ်တမ်းသူငယ်ချင်းတွေပဲ ရင်ဖွင့်စရာရှိတာ၊ ကိုကြီးကိုရှောင်ရလို့ စိတ်ညစ်တာနှင့် ကိုကြီးကို မတွေ့ရလို့ လွမ်းရတာတွေလည်း ကွယ်ဝှက်မထားချင်ပါ။

"နင်က ကိုယ့်စိတ်ကိုယ်,ညာနေတာလား"





"မညာလို့ဖြစ်မှာလားကွာ...မေမေကြီးက နွယ်လေးကို ယုံကြည်ထားတာ။ မမရတနာနဲ့ကိစ္စပျက်ဖို့ဆိုတာ ဖြစ်မှမဖြစ်နိုင်ဘဲ"

"ဒါဆိုရင်လည်း...တစ်သက်လုံး လွမ်းတမြေ့မြေ့ ဖြစ်နေပေါ့နွယ်လေး။ မနေ့ကတောင် နီမင်း စကားစနေတယ်။ နွယ်လေးကသာ ခွင့်ပြုရင် သူ နင့်ကိုလက်ထပ်ချင်တယ်တဲ့။သူက ကျောင်းမပြီးသေးပေမယ့် ဂျပန်ရောက်နေတဲ့သူ့အစ်ကိုအဆက်အသွယ်နဲ့ အပြင်ထွက်အလုပ်လုပ်မလို့တဲ့လေ"

"ဘယ်လိုမှမဖြစ်နိုင်တာတွေပါကွာ"

စိတ်ရှုပ်စွာညည်းမိရင်း မုန့်ဖိုးရှင်းပြီး သူငယ်ချင်းတွေ ထွက်ခဲ့သည်။ တဖွဲဖွဲကျနေသောမိုးကို စိတ်ရှုပ်စွာမော့ကြည့်ခိုက် ဘေးမှာထိုးရပ်လာသောကိုကြီးကားကြောင့် ထိတ်ခနဲဝမ်းသာရပေမယ့် ထိန်းသိမ်းမျိုသိပ်ရင်း ကားပေါ်တက်လိုက်သည်။

မိုးစက်လေးတွေကြောင့် မျက်နှာမှာရေစိုလျက် ဖြူဖျော့နေသောနှုတ်ခမ်းလေးတွေကို ဦးစွာ နှောင်ရဲသတိထားမိသည်။

"နွယ်လေး...နေကောင်းလား"

ခေါင်းညိတ်ပြပြီး ကားကိုဂရုစိုက်မောင်းနေတဲ့ကိုကြီးကို သတိထားလျက်က ခိုးကြည့်မိ၏။

"ခိုးမကြည့်နဲ့"

"ဟင်း..."

တကယ့်ကိုရှက်တာရော... ခပ်တည်တည်ပြောလိုက်တဲ့ ကိုကြီးကိုမကျေနပ်တာပါရောလျက် နှုတ်ခမ်းစူကာ ရှေ့တည့်

တည့်လှည့်ထားသည်။

"ပြောစမ်းနွယ်လေး…ကိုကြီးကို နှစ်ပတ်လုံးလုံး ဘာလို့ရှောင်နေတာလဲ"

"မတွေ့ချင်လို့"

"ဘာ! "

နွယ်လေး နားကိုယောင်ပြီးပိတ်မိလိုက်သည်ထိ ကျယ်လွန်းလှသည့်ကိုကြီးစကား၊ စိတ်မြန်စွာ ကားကို လမ်းဘေးထိုးရပ်လိုက်သည်။

"ကိုကြီးနောက်ကျနေမယ်။ ဘာလို့ရပ်ထားလိုက်ရတာလဲ။ မိုးတွေ သဲလာရင်မကောင်းဘူး"

"မင်း…ငါ့ကိုဆရာမလုပ်နဲ့"

အံ့သြစွာပဲမော့ကြည့်လိုက်စဉ် ဒေါသကြောင့် နီရဲနေသောမျက်ဝန်းကြောင့် ခေါင်းငုံ့ထားမိသည်။

နွယ်လေးကိုမကျေနပ်လို့ ရိုက်ရင်လည်း ကျေနပ်မှာပါ။ ဒါပေမဲ့ မဖြစ်နိုင်တာတွေ ဘာလို့သံသရာရှည်ချင်ရတာလဲ ကိုကြီးရယ်။ ကိုကြီးမှာ သတ္တိရှိပေမယ့် နွယ်လေး ဘာမှရင်မဆိုင်ချင်ဘူးကွာ။

စိတ်တွေကိုတည်ငြိမ်အောင် စီးကရက်သောက်ရင်း ငြိမ်သက်နေခြင်းဟာ မုန်တိုင်းအစပေပဲလား…

"နွယ်လေး"

"------"

"မှန်မှန်ပြောနော်"





မျက်တောင်တွေ ပုတ်ခတ်ရင်း ဝန်ခံဖို့အသင့်ရှိနေတာ သိထားစမ်းပါကိုကြီး။ ဆံပင်တွေဆွဲဖွရင်း နှုတ်ခမ်းကိုက်စဉ်းစားနေတဲ့ကိုကြီးကို မြတ်နိုးစွာငေးမကြည့်မိအောင် မျက်လုံးတွေကို အဝေးပို့ထားရတာ ပင်ပန်းလွန်းသည်။

"ကိုမော်က…နွယ်လေးကို လက်ထပ်ခွင့်တောင်းထားတယ်ဆို"

"ဟာ! "

ဝန်ခံဖို့ခေါင်းမညိတ်ပြမိဘဲ အံ့သြစွာမော့ကြည့်ဖြစ်၏။

"ဖြေလေ…နွယ်လေး"

"ဟုတ်…ဟုတ်ကဲ့"

"ကိုကြီးကိုဘာလို့ပြန်မပြောပြတာလဲ။ သူက ဖွင့်ပြောမှ သိရတာ ကောင်းလား"

"ပြောစရာမလိုဘူးထင်လို့ပါ"

"ဘာပြောတယ်! ဪ…အေးလေ…နွယ်လေးကိုယ်ပိုင်ဆုံးဖြတ်မှုပဲ…ကိုကြီးမှားသွားတယ်။ ကျေနပ်ရမှာပေါ့၊ ကိုမော်ဆိုတာက မကြာခင်ခွဲစိတ်ကုသအတွက် နိုင်ငံခြားသွားရတော့မှာ။ နွယ်လေးစဉ်းစားတတ်မှာပါ"

"အို….မဟုတ်ဘူး"

ထိန်းသိမ်းထားလျက် နွယ်လေးဒေါသတကြီးအော်ပစ်မိသည်။ နားလည်မှုမရှိတော့ဘူးလား ကိုကြီးရယ်၊ မျက်ရည်တွေတားဆီးမထားနိုင်ခင် ပါးပေါ်မှာလိမ့်ဆင်းလာ၏။

ကိုကြီးရဲ့စိုစွတ်နေတဲ့မျက်ဝန်းတွေကိုခဏငေးရင်း နွယ်

လေးမျက်နှာကို လက်အစုံဖြင့်အုပ်ရင်း ရှိုက်ငိုမိ၏။ ထိန်းသိမ်းထားရတာ ရင်ထဲမှာ မွန်းကြပ်လွန်းပါတယ်။

ကိုကြီးရဲ့ကြေကွဲမှုတွေ တွေ့မြင်နေပါလျက် ဖွတ်ကြီးမာန်တင်းထားဖို့ဆိုတာ နွယ်လေးရဲ့နုနယ်တဲ့နှလုံးသားက အားတွေမရှိတော့ဘူးလေ။

ဆံပင်နက်နက်တွေကိုသပ်တင်ရင်း.....

"ကိုကြီးသိပ်ချစ်ခဲ့တာတော့ ယုံပါနွယ်လေးရယ်၊ ဒါပေမဲ့... နွယ်လေးက မတုံ့ပြန်တဲ့မေတ္တာကို အဓမ္မတောင်းခံတာမျိုးမလုပ်ချင်ဘူး။ ကိုမော်ဆိုတာလည်း ငယ်ပေါင်းကြီးဖော်တွေ၊ ဘာမှကန့်ကွက်စရာမရှိပေမယ့် ရင်ထဲမှာတော့ ကြေကွဲမှုတော့ရှိတာပေါ့"

"ပြောစရာမလိုဘူးဆိုတာ နွယ်လေး ကိုမော့်ကိုဘယ်လိုမှစဉ်းစားမထားဘူး။ နွယ်လေး လူတစ်ယောက်ကို ချစ်ခင်မှုမပါဘဲနဲ့ ပကာသနသက်သက်အတွက် ရွေးချယ်ဖို့ တစ်သက်လုံးရှောင်မှာပဲ"

ထိုအခိုက် ရတ်တရက်ငုံ့နေတဲ့နွယ်လေးမျက်နှာကို ဆွဲယူမော့ကြည့်လိုက်တဲ့ကိုကြီးမျက်နှာက မယုံကြည်နိုင်စရာ ပြုံးချိုကြည်မွေ့လို့ပါလား။

"နောက်တစ်ခု မှန်မှန်ဖြေရမယ်...ဒီမှာကြည့်စမ်း"

အို! ရှက်စရာလည်းကောင်း စိတ်ရှုပ်စရာလည်းကောင်းအောင် သူငယ်ချင်းတွေလုပ်ထားရက်တယ်နော်။

ကိုကြီးရဲ့စာအုပ်ကို ဘယ်သူက ဘယ်လိုရသွားကြတာ





လဲ။ ဒေါက်တာနှောင်ရဲလို့ နာမည်ထိုးထားတဲ့စာအုပ်ရဲ့ အပေါ်စီးမှာ ခဲတံနှင့်စာကြောင်းတွေရေးထားတာကိုး။

ကြည့်စမ်း! ဘယ်သူ့လက်ရေးလဲ။ ဘယ်သူတရားခံလဲ။

"နွယ်လေးသိပ်ချစ်နေတာသိရဲ့လား.....
ဒေါက်တာနှောင်ရဲ...."

အို...သူတို့သိပ်ရှုပ်တာပဲလား...ရှက်လိုက်တာကွယ်။ ကိုကြီးမျက်နှာကိုဘယ်လိုကြည့်ရမှာလဲ။ နေဦး...ဖြူနှင်းလက်ရေးကျောင်းကျရင်သိမယ်။

"ဟိတ်! ဒီလိုနှုတ်ပိတ်မနေနဲ့ဦး၊ ကိုကြီးမေးတာဖြေနိုင်မလား။ ကိုကြီးကိုတကယ်ချစ်တာလား"

"ဟာ...မဖြေချင်ဘူး"

"ရတယ်...ခေါင်းညိတ်ပြ"

သွက်လက်စွာ နွယ်လေးခေါင်းကို သူကိုယ်တိုင်ညွှတ်ချလိုက်ရင်း သူ့ရင်ခွင်မှာကပ်ထားလိုက်၏။

"ကိုကြီးရင်ခုန်သံတွေမြန်နေတယ်။ နားထောင်ကြည့်စမ်း...နွယ်လေးရယ်"

မိုးသဲသဲထဲမှာ ကားမောင်းထွက်ခဲ့၏။ ကိုကြီးတို့နှစ်ယောက်လုံး ပြုံးပျော်နေတာ တစ်ဘဝရဲ့ထာဝရဖြစ်ပါရစေကွာ။

◙◙◙




## အခန်း (၁၉)

"ခုတော့လည်း...မခွဲနိုင်မခွာရက် ချစ်လိုက်ကြတာ။ ကျောင်းအမီပို့ ကျောင်းမဆင်းခင် လာကြိုနဲ့။ ငါတော့ နီမင်းတောင် အားနာနေပြီ"

"အံမယ်...ဘာဆိုင်လဲ"

"ဒါတော့မသိဘူးလေ။ သူကျိတ်ပိုးနေမှန်း အားလုံးသိရက်....ငါ နင့်ကိုကြီးစာအုပ်ထဲရေးလိုက်တာ"

"နင်မရေးခင်က သေချာမစဉ်းစားဘူးလား"

"စဉ်းစားသားပဲ"

သူငယ်ချင်းတွေမုန့်စားရင်း နွယ်လေးအကြောင်း ပေါ်တင်ဆွေးနွေး အတင်းပြောနေသည်မို့ မျက်နှာလည်းပူ ရှက်စနိုး

လည်းပြုံးမိသည်။

"နင်တို့စာက သိပ်ကိုသိသာအောင်ရေးလိုက်တာ။ ရှက်စရာကြီး...ငါဘယ်လိုမှငြင်းမရဘူး"

"ငြင်းစရာမှမရှိဘဲ။ နင့်ရင်ထဲမှာရှိတာ ငါတို့အားလုံးသိနေတာပဲ။ ပြီးတော့ ကိုကြီးဆိုတာ နွယ်လေးဘဝမှာ အသင့်တော်ဆုံး မရှိမဖြစ်တဲ့အရာလိုပဲ"

"မရှိမဖြစ်တဲ့အရာ"

"အေး...ဟုတ်တယ်၊ နွယ်လေးထက် အသက်ကြီးတယ်၊ ပညာတတ်တယ်၊ ပြီးတော့ နွယ်လေးကိုသိပ်ချစ်နေတာ။ ကဲ... ဒီလိုလူမျိုးကို နွယ်လေးဘဝမှာ မရှိသင့်ဘူးလား"

"ရှေ့နေမ"

နွယ်လေးက မျက်စောင်းထိုးရင်း မုန့်ဖိုးရှင်းသည်။ သည်နေ့ဖေဖေအပ်ထားပေးသည့်ငွေတွေထဲက အတိုးထုတ်ပြီး လိုအပ်တာဝယ်။ ပြီးရင် သူငယ်ချင်းတွေကို မုန့်ဒကာခံဖြစ်သည်။

"ကိုကြီးနဲ့ကြည်တဲ့အထိမ်းအမှတ်နော်၊ နင်တို့လက်ထပ်ရင် တစ်ခါထပ်စားမှာ"

"ဟာကွာ...ဘာတွေပြောနေမှန်းမသိဘူး"

သူငယ်ချင်းတွေဝိုင်းစနေတာ ရှက်သလို မျက်နှာမထားတတ်အောင်ရှိပေမယ့် ကိုကြီးကိုချစ်မိတာ ချမ်းမြေ့ကြည်နူးမှုအပြည့်အဝရတာတော့ နွယ်လေးမငြင်းပါ။

မယုံကြည်နိုင်စရာ ယုယကြင်နာမှုကိုပေးတတ်တာ အံ့သြကျေးဇူးတင်မဆုံးရှိရတယ်ကွာ။





နွယ်လေး ညဥ့်နက်ထိစာကျက်လျှင် လက်ဖက်သုပ်လာပို့ပေးတတ်သည်။ ချဥ်၊ငံ၊စပ်လေး...

နွယ်လေးအံ့သြစွာ "ဘယ်သူသုပ်ပေးတာလဲဟင်"ဟုမေးတော့ လက်မကော့ရင်း သူ့ရင်ဘတ်ထောက်ပြသည်။

"တကယ်...ကိုကြီးသုပ်တာလား"

"အံမယ်...ညာရမှာလား။ ကျောင်းတက်နေတဲ့ကာလတလျှောက်လုံး စာကျက်တိုင်း...လက်ဖက်သုပ်ကိုစိတ်တိုင်းကျသုပ်စားလာတာ"

"ကိုကြီးက လက်ဖက်သုပ်ကို ချဥ်စပ်ကြိုက်တယ်ဟုတ်လား"

"ကိုကြီးကြိုက်လို့မဟုတ်ဘူး နွယ်လေးတို့မိန်းကလေးတွေ စားတတ်တာမျိုး...သုပ်ပေးတာ"

"သိပ်တော်တာပဲကိုကြီးရယ်"

"သိပ်ချစ်ဖို့ကောင်းတာပဲလို့...ပြော"

"အာ.....မပြောနိုင်ပါဘူး" ရှက်ရွံ့စွာမျက်နှာလွှဲပြီး ရယ်နေမိသည်။

မနက်လင်းလို့ နွယ်လေးကချက်ပေးခိုက် ကိုကြီးကိုယ်တိုင် ပေါင်မုန့်ကင်တတ်သည်။

"နွယ်လေးကင်ပေးမယ်လေ...ကိုကြီးမီးပူမှာပေါ့"

"ကင်တတ်ပါတယ်ဗျာ...စာကျက်ချိန်ပိုရအောင် ကိုကြီးကိုယ်တိုင်ကင်လိုက်ပါမယ်"

ဒေါ်စုက တစ်ချက်ခိုးကြည့်ရင်း မျက်ခုံးပင့်ကာ မေးငေါ့

ပြတာမို့ နွယ်လေး ရှက်စနိုးပြုံးပြုံဖြစ်သည်။

သည်လို အလိုက်သိ ကြင်နာတတ်သောကိုကြီးကို နွယ်လေးချစ်မိတာကို နောင်တမရချင်ပါဘူးလေ။

ဒါပေမဲ့ မေမေကြီးကို အားနာရှက်ရွံ့မိတာကြောင့် တစ်ခါတရံ ကိုယ့်ဆုံးဖြတ်ချက်မှန်ရဲ့လားလို့တွေးမိတဲ့ခဏ ရင်ထဲမှာ မောပမ်းအားငယ်မှုဖြစ်ရတတ်သည်။

"ငါဆုံးဖြတ်တာ တစ်ဖက်လူအတွက် သောကဖြစ်စေမှာပဲလို့တွေးမိတိုင်း စိတ်မကောင်းဖြစ်ရတယ်။ ပြီးတော့...ငါ့အပေါ် သမီးရင်းလိုချစ်ရှာတဲ့မေမေကြီးကို ကျေးဇူးကန်းသလိုများဖြစ်နေပြီလားလို့တွေးမိရင် စိတ်သိပ်ညစ်တာပဲဟယ်"

"ဒါဆို ကိုကြီးကို နင်မချစ်ဘဲနေနိုင်သလား"

"ဟင့်အင်း...မြတ်နိုးလေးစားချစ်ခင်တဲ့စိတ်က ပိုပိုလာတယ်"

"ဒါဆို...လဲသေဟာ"

"နင်ကလည်း ကိုယ်တိုင်မခံစားရတိုင်း ဒေါသဖြစ်နေတာပါလားနင်းရာ၊ နွယ်လေးဘက်က ခံစားကြည့်ဦးလေ....မခွဲနိုင်လို့ချစ်ခဲ့ပေမယ့် လက်တွဲဖို့ဆိုတာကျတော့ သူ့မေမေကြီးကို အားနာနေမှာပေါ့"

"စိတ်ညစ်စရာတွေမတွေးနဲ့တော့ နွယ်လေးရာ။ နင့်ကိုကြီးက နင့်ကိုချစ်နေသရွေ့ ပျော်ဖို့သာတွေး၊ ငါဆို...ဘာမှမတွေးဘူး။ ကိုကြီးဆီမှာ ခေါင်းတိုးဝင်ရင်း နွဲ့ဆိုးလုပ်နေမှာ"

"သေဟာ...သေ"





ဖြူနှင်း သူ့စကားသူ သဘောကျစွာရယ်ရင်း မျက်နှာတွေရဲလာသည်။

"ဟော...ကိုကြီးလာပြီ"

"ငါ နင်တို့ကားနဲ့ကပ်လိုက်မယ်"

"မလိုက်ပါနဲ့ဟယ်...မျက်စိရှက်နားရှက်နေပါဦးမယ်နော်...နွယ်လေး"

"သွားဟာ ဘာတွေပြောနေတာလဲ"သူငယ်ချင်းတွေကို ထုရိုက်ရင်း ကိုကြီးကားရှိရာ သွက်သွက်ထွက်ခဲ့သည်။

"လမ်းကြုံရင် သူငယ်ချင်းတွေခေါ်ခဲ့ပါဦးလား...နွယ်လေး"

"ဟင့်အင်း...ငရှုပ်တွေမခေါ်ချင်ဘူး"

"စစ်ဆေးစရာရှိတယ် နွယ်လေးရ။ စာအုပ်ထဲမှာရေးတဲ့ကောင်မလေးကိုသိချင်တာလေ"

"ဘာဖြစ်လို့လဲကိုကြီး"

"ခုထိမှ နွယ်လေးနှုတ်က အဖြေမရှိသေးဘဲ ကိုကြီးဇွတ်ခေါင်းညိတ်ခိုင်းထားတာလေ၊ သူတို့နဲ့တွေ့မှသိချင်တာမေးမယ်"

"ဟင့်အင်း...မမေးနဲ့"

"ဒါဖြင့် နွယ်လေးက ဖြေမှာလား"

"အင်း"

ရှက်ရဲစွာ ခေါင်းငုံ့ထားမိသည်။ နှလုံးသားမှာ နေရာပြည့်အချိန်တိုင်းချစ်နေရတာ ကိုကြီး ဘယ်လိုနှိုင်းယှဉ်ဖွဲ့ဆိုပြရမှန်းမသိပါဘူးကွာ။

ငုံ့နေတဲ့မျက်နှာကို ဆွဲယူမော့စေရင်း မြတ်နိုးစွာစိုက်ကြည့်နေတဲ့ကိုကြီးကို အနေခက်သည်မို့ မျက်လုံးတွေကိုမှိတ်ထားမိသည်။

"ရှက်လို့မျက်စိမှိတ်ထားပေမယ့် ပါးစပ်က ဖြေတတ်ရမယ်။ မေးမယ်နော်...နွယ်လေး...ကိုကြီးကို..."

"သိပ်ချစ်နေတာပါ"

တိုးတိုးဖြေရင်း ကိုကြီးပခုံးစွန်းမှာ နဖူးလေးမှီထားမိသည်။ ကိုကြီးနှင့်ပတ်သက်လို့ ရင်ခုန်ရ...ကြည်နူးရတာ အမြဲရှိနေပါတယ်ကိုကြီးရယ်...အဖြေပဲနဲ့ သိလိုက်စမ်းပါလား...

▣▣▣



## အခန်း (၂၀)

"အား..."

"ဟာ..နွယ်လေးဘာဖြစ်..."

စောစောကတင် သံပရာရည်ခွက်လာပို့တာမို့ စာကြည့်ရင်း သံပရာရည်သောက်နေသည့်နောင်ရဲ့ ခွက်ကိုလွှတ်ချ ပြေးလာခဲ့၏။

စိုးရိမ်စိတ်ကြောင့် အပြေးအလွှားရောက်လာရင်း သွေးစက်စက်ကျနေတဲ့ နွယ်လေးခြေထောက်ကို အသာမကြည့်လိုက်မိသည်။

"ဟာ....သံတစ်ဆုံးမြုပ်နေတာပါလား။ ဖိနပ်မပါဘူးလားနွယ်လေးရာ။ မျက်စိမှိတ်ထားစမ်း!တအားဆွဲနှုတ်ရမှာနော်"

"အား"

မျက်စိမှိတ်အော်လိုက်ရင်း ကိုကြီးလက်မောင်းတွေကို ဆုပ်ကိုင်ကာ ပခုံးစွန်းကိုခေါင်းနဲ့တိုက်ပစ်မိ၏။

နာကျင်ခြင်းကြောင့် ဖြူဖျော့တုန်နေသော နှုတ်ခမ်းအစုံကိုကြည့်ရင်း "မကြောက်နဲ့ ခဏလေးနာမှာပါကွာ"ဟုနှစ်သိမ့်ပြီး သံမှိုကိုအားစိုက်လျက် တစ်ချက်တည်းဆွဲထုတ်ပစ်၏။

နီရဲရဲသွေးတို့က နှောင်းရဲဘောင်းဘီရှည်ဖြူဖြူမှာ စွန်းကုန်သည်။

ကောက်ပွေ့လိုက်တာသိပေမယ့် နှယ်လေးငြင်းနိုင်တဲ့ ခွန်အားမရှိတော့ပါ။ မျက်ရည်မကျအောင် အံကြိတ်ရင်း မျက်လုံးတွေကိုမှိတ်ထားမိဆဲပါ။

"ဟဲ့!သား...ဘယ်လိုဖြစ်လာတာလဲ"

"သံစူးလို့မေမေ။ ဒေါ်စုကို ရေနွေးမြန်မြန်ယူလာပေးဖို့ ပြောပေးပါ"

"ဖိနပ်မပါဘူးလား နှယ်လေးရယ်။ မေမေကြီးရင်တွေ တုန်လိုက်တာ"

သွေးရဲရဲတွေကြည့်ကာ ရင်ဘတ်လက်ဖြင့်ဖိရင်း အိပ်ရာပေါ်မှနှယ်လေးကို ကြင်နာစွာမေးလာသည်။

"ဖိနပ်ကိုဖောက်ပြီးဝင်တာ မေမေ၊ တော်တော်နက်တယ်။ တစ်ပတ်လောက် လမ်းလျှောက်ရမှာမဟုတ်ဘူး"

ဆေးထည့်ဆေးထိုးပြီး အခန်းထဲရှိကုလားထိုင်မှာ ထိုင်ရင်း စိုးရိမ်စိတ်ကြောင့် မျက်နှာမကောင်းသည့်သားကို အကဲ





ခတ်ပြီး မေမေပြုံးနေသည်။

"မစိုးရိမ်ပါနဲ့သားရယ်၊ သက်သာသွားမှာပါ။ စိတ်တွေငြိမ်သွားအောင် သံပရာရည်ဖျော်ပို့ခိုင်းမယ်၊ မေမေပုတီးစိပ်ဦးမယ်နော်"

ကလေးငယ်လေးသဖွယ်...ခေါင်းကိုဖွဖွကိုင်ရင်းက ပြုံးကြည့်နေသည့်မေမေ့ကို နှောင်းရဲမော့မကြည့်ရဲသလို ခေါင်းညိတ်ပြမိသည်။

ဆေးထိုးထားသည်မို့ နှစ်ခြိုက်စွာအိပ်မောကျနေသည့် နှယ်လေးကိုကြည့်ရင်း ချစ်ခြင်းသနားခြင်းတွေက ရင်မှာအပြည့်။

နှုတ်ခမ်းဖျော့ဖျော့လေးတွေ သွေးရောင်ပြန်သန်းလာပြီမို့ စိတ်နည်းနည်းတော့အေးရသည်။ မေမေ့အမြင်မှာ သူသိပ်ကို အကဲပိုလွန်းသလိုဖြစ်နေပြီလား။

မလုံလဲစွာ မော့မကြည့်ဖြစ်သည့်မေမေ့မျက်နှာကို စိတ်မှန်းဖြင့်ကြည့်မိ၏။

"ကိုကြီးရေ...နှယ်လေးကိုခေါ်ပါဦး"

တိုးတိုးတိမ်တိမ်ယောင်နေသည့် နှယ်လေးလက်တွေကို ဆုပ်ကိုင်ရင်း ရေခဲတင်ပေးမိသည်။

အနာရှိန်ကြောင့် အဖျားဝင်ကာ တစ်ညလုံးလိုလိုညည်းနေသည့်နှယ်လေးကိုစိတ်မချစွာ ဒေါ်စုနှင့်အတူ နှယ်လေးအခန်းထဲမှာစောင့်အိပ်ရသည်။

ရေစီးသန်နေတဲ့ ချောင်းကျယ်ကြီးပေါ်က တံတားမှာ နှယ်လေး တဖြည်းဖြည်းလျှောက်သွားနေမိ၏။ ဟိုဘက်တံတား

စွန်းမှာ ကိုကြီးရောက်နေပြီ။

ဘယ်လိုလဲ။ အားတင်းလျှောက်ပေမယ့် ရောက်နိုင်ခဲ့ပါဘိ။ လှုပ်လီလှုပ်လဲ့တံတားက တကျွိကျွိ...ကျတော့မည်။ အို နွယ်လေးကြောက်လိုက်တာ၊ နွယ်လေးကိုလာခေါ်လှည့်ပါ...... ကိုကြီးရယ်။ တံတားကျိုးကျတော့မှာပါလား....အို... ဘုရား... ဘုရား ဝုန်းခနဲမြည်သံနှင့်အတူ နွယ်လေးတစ်ကိုယ်လုံး အေးစက်နေသောရေထဲကျသွား၏။

"အား...ကယ်ကြပါ...နွယ်လေးမွန်းလှပါပြီ။ ကိုကြီး ဘယ်မှာလဲ။ ရပ်မကြည့်ပါနဲ့ကွယ်။ နွယ်လေးကိုဆယ်ပေးပါဦး"

"ကိုကြီးရေ...နွယ်လေးဆီလာပါ။ နွယ်လေးကြောက်တယ်"

အသံစူးစူးလေးကြောင့် ပက်လက်ကုလားထိုင်တွင် မှေးခနဲအိပ်ပျော်သွားသည့်နောင်ရဲ့ အပြေးအလွှား နွယ်လေးရှိရာ ရောက်ခဲ့၏။ ဒေါ်စုက တုတ်တုတ်မျှပင်မလှုပ်။ တစ်နေ့တာပင်ပန်းထားသူမို့ အပြစ်မတင်ရက်သလို နှိုးဖို့စိတ်မကူးတော့။

"ကိုကြီး, ရေ...ရေသောက်ချင်တယ် ရေတိုက်ပါကိုကြီးရယ်"

"အင်း...သောက်ရမယ်နွယ်လေး။ ခဏလေး ကိုကြီးထူပေးမယ်"

ပခုံးစွန်းမှ အသာသိုင်းဖက်ရင်း အိပ်ရာထက်မှထူပေး၏။ တရှိန်ရှိန်ပူနေသော နွယ်လေးကိုယ်ငွေ့ကြောင့် စိုးရိမ်စိတ်တွေဝင်ရပြန်သည်။ ပြန့်ကျဲနေသောဆံပင်နက်နက်တို့ကို ဘေး





ဖယ်ရင်း မျက်စိမဖွင့်ဘဲ ရေတောင်းနေသည့်နွယ်လေးကို သနားခြင်းကြီးစွာဖြစ်ရသည်။

အဓိကတရားခံက သူကိုယ်တိုင်ဖြစ်နေတာပဲ။ သူကြိုက်တတ်သည့် သနပ်ခါးပန်းခက်တွေခူးရင်း သံစူးရတာ။ သနပ်ခါးနဲ့ သင်းသင်းလေးကို သူငယ်စဉ်ကတည်းက နှစ်သက်စွဲလမ်းခဲ့တာမို့ ဒီပန်းပင်လေးကို နွယ်လေးပိုဂရုစိုက်သည်။

ရင်ခွင်ထဲမှာ အဖျားရှိန်ကြောင့် မှိန်းမောနေသည့်ချစ်သူကို ရေတိုက်ပြီးပေမယ့် အတန်ကြာပွေ့ပိုက်ထားမိသည်ထိ သူသတိမဲ့နေသည်။

မေမေက...

"ရတနာနဲ့စေ့စပ်ဖို့အချိန်တော်ပြီသား။ ငယ်ရွယ်တော့တဲ့အရွယ်လည်းမဟုတ်တော့ဘူး"ဆိုခဲ့စဉ်တုန်းက သူခါးသီးစွာငြင်းသင့်ပါလျက်..."စောပါသေးတယ်မေမေ။ သားအိမ်ထောင်မပြုချင်သေးဘူး"ဟုသာ ဖြေခဲ့သည်။

"နွယ်လေးကို တစ်ယောက်တည်းမထားခဲ့ပါနဲ့"တဲ့။

"နွယ်လေးရယ်"လို့ တိုးတိုးညည်းမိရင်း နွယ်လေးနဖူးထက်မှာ သူ့ပါးအပ်ထားမိ၏။

သိပ်ချစ်တာပါနွယ်လေးရယ်....ခွဲခွာဖို့ဆိုတာ အိပ်မက်ထဲတောင် မမက်မိပါဘူး။ တစ်နေ့နေ့မှာ နွယ်လေးနဲ့အတူ ဘဝတစ်ခုကို ငြိမ်းချမ်းသာယာစွာ တည်ဆောက်နိုင်ဖို့ အမြဲကြိုးစားနေတာပါကွာ။



နောင်
ကွယ်
ရစ်
ငင်

## အခန်း (၂၁)

“ရဲရဲဖိနင်းစမ်းပါ…နွယ်လေးရယ်။ ကိုကြီးလက်မောင်းကို အားပြုတွဲ၊ ဟော…အရေးထဲရှက်နေပြန်ပြီ။ ဒီပုံအတိုင်းဆို ကျောင်းတက်ဖို့ဘယ်လွယ်မှာလဲ။ အခန်းထဲထိ ပွေ့ခေါ်ရလိမ့်မယ်”

“ကိုကြီးနော်, နွယ်လေးစိတ်ညစ်နေတာ၊ အား…နာတယ်ကွာ…မလျှောက်ချင်တော့ဘူး”

“ဖြစ်မလားကွ တစ်ပတ်လုံးဖျားပြီး မထနိုင်ဘူး၊ အနာကကျက်နေပြီ အညောင်းမိမှာပေါ့…နာရင်ခဏပါ ညီမလေးရာ ဖိနင်းပစ်စမ်းပါ”

“ဟွန်း…သူနာတာမဟုတ်တိုင်း နွယ်လေးဖိနင်းတိုင်း

တအားနာတာကိုကြီးရဲ့....ဟန်ဆောင်နေတာမဟုတ်ဘူး ကိုကြီး က ဆူဖို့ပဲ...အဟင့်...ဟင့်"

အနာကနာ၊ စိတ်တွေကရှုပ်၊ ကိုကြီးကိုတုန်ခိုက်စွာ ပြန်ပြောမိပြီးမှ ဝမ်းနည်းအားငယ်စွာငိုလိုက်မိသည်။

"နွယ်လေး မငိုနဲ့...မငိုပါနဲ့ကွာ၊ တော်ပြီ လမ်းမလျှောက်နိုင်လည်းအရေးမကြီးဘူး။ ကိုကြီး သာတောင်ကြိုက်သေးတယ်။ ကဲ...လာအိမ်ထဲဝင်စို့"

"အို"

သုတ်ခနဲပွေ့ချီကာ အိမ်ဘက်လျှောက်လာသည့်ကိုကြီးကို ရှက်ရွံ့စွာ ရင်ဘတ်ကိုထုရင်း...

"ကိုကြီးမချီနဲ့...အောက်ချပေး၊ နွယ်လေးလျှောက်မယ် လမ်းလျှောက်မယ် ချပေး...အောက်ချပေး"

မျက်နှာချောချောကို ခပ်တည်တည်လုပ်ထားရင်း...

"ငြိမ်ငြိမ်နေစမ်းပါကွာ။ အိမ်ထဲရောက်ရင်ချပေးမယ်"

နှောင်ရဲနှင့်နွယ်လေးကို မျက်စိတစ်ဆုံး အပေါ်ထပ်မှ မေမေမြင်သွားတာ သူတို့မသိလိုက်ပါ။

"ဩော်...သား...သား, မေမေ အပြစ်မတင်ရက်ပါဘူးကွယ်။ ဒီလောက်ချစ်စရာ၊သနားစရာကောင်းတဲ့မိန်းကလေးကို သားမဟုတ်ဘဲ တခြားလူဆိုလည်း ချစ်မိမြတ်နိုးမိမှာပါ။ ဒါပေမဲ့ မေမေစကားလွန်ထားပြီသား။ မေမေ ကတိတစ်လုံးမပျက်ချင်ဘူး...နွယ်လေးကိုသနားပေမယ့် တစ်ဖက်မှာအရှက်တကွဲဖြစ်ရမယ့်ရတနာကလည်း ငယ်ကတည်းက သံယောဇဉ်ဖြစ်ခဲ့ရတာပါ





သားရယ်"

တစ်ယောက်တည်းတွေးနေဆဲ ခြေသံဖွဖွနင်းလာသည့် သားကြောင့် တံခါးဝမှ သားရှိရာလျှောက်ခဲ့သည်။

"သား အလုပ်သွားတော့မှာလား"

"ဟုတ်ကဲ့မေမေ၊ ရေချိုးဦးမယ်"

"ခဏထိုင်ပါဦးလားသား၊ မေမေစကားပြောချင်လို့"

မေမေ့ဘေးမှာဝင်ထိုင်ရင်း စိတ်တည်ငြိမ်မှုရရန် စားပွဲပေါ်ရှိ စီးကရက်ဘူးဆီ လက်ရောက်သွားသည်။

"သား...ရတနာနဲ့စေ့စပ်ဖို့ ရက်ရွေးလိုက်ပြီ"

"ဗျာ! မေမေ, သားပြော..."

"နေဦးသား, မင်းရက်ရွှေ့ဦးမှာပဲမဟုတ်လား၊ တစ်ဖက်က မိန်းကလေးကွယ့်။ ပြီးတော့ သားကိုယ်တိုင် ခေါင်းညိတ်ခဲ့လို့ မေမေလက်ခံခဲ့တာ။ ခုငြင်းချက်ထုတ်မလို့လား။ မေမေ့ကိုအရှက်မခွဲပါနဲ့သားရယ်"

သူ့ဆံပင်တွေကို ဖွဖွသပ်တင်ရင်း ထသွားသည့်မေမေ့ကို ဘာမှမပြောဖြစ်ပေမယ့် ရင်ထဲမှာ ပူလောင်ခြင်းဝေဒနာတွေ အပြည့်ပါ။

"နွယ်လေး...နွယ်လေး...သားချစ်တဲ့နွယ်လေးကို ဘယ်မှာထားခဲ့ရမှာလဲ။ သားတို့ကိုသနားပါမေမေ။နွယ်လေးကို သားသိပ်ချစ်တယ်။ သူ့ကို သားထားပစ်ခဲ့ရင် သူ သိပ်ရှက်နာကြည်းသွားမှာ မထားခဲ့ရက်ဘူး၊ မစွန့်လွှတ်နိုင်ဘူး သားကို မေမေနားလည်ပေးပါဗျာ"ဟု ရင်ထဲမှာမြည်တမ်းရင်း မျက်နှာကို လက်ဝါး

နှင့်အုပ်မိုးထားလိုက်မိသည်။

"သား"

တံခါးဝမှာရပ်ရင်း သားကို နားလည်စွာခေါ်လိုက်သည့် မေမေ့ကို ရီဝေသည့်မျက်လုံးများနှင့်လှမ်းကြည့်နေမိသည်။

"မဖြစ်နိုင်တာတွေ မစဉ်းစားနဲ့တော့သား။ ရေချိုးပြီး အလုပ်သွားဖို့ပြင်လိုက်ဦး။ မေမေစိတ်မကောင်းပါဘူးကွယ်၊ ဒါပေမဲ့...မေမေအကောင်းဆုံးဖြစ်အောင် စဉ်းစားပေးမှာပါ"

မေမေ့ရဲ့အကောင်းဆုံးအစီအစဉ်ကိုကြားရသည့် ညနေက ရင်ထဲမှာ ပြင်းထန်စွာပေါက်ကွဲသွားရသည်။ အမှတ်မထင် အခန်းတံခါးမှန်ကို လက်သီးနှင့်ထိုးခွဲပစ်မိ၏။

"သဘောမတူဘူးမေမေ"ဟု အသံတွေထိန်းထားလျက်က ပေါက်ကွဲမှုတွေဖြစ်နေသည်။

"သားက သဘောမတူပေမယ့် နွယ်လေးကမှ မငြင်းတာဘဲ။ သူ့ဘဝကောင်းစားရေးအတွက် မေမေစီမံရတာပါ"

နောင်ရဲ့အံကြိတ်ရင်း အိမ်အပေါ်ထပ်မှပြေးဆင်းလိုက်သည်။ မီးဖိုထဲမှာ ဒေါ်စုမှအပ ဘယ်သူမှမတွေ့ရသည်မို့ ပန်းခြံဘက်လျှောက်ခဲ့သည်။

"နွယ်လေး"

ခုံတန်းရှည်မှာထိုင်ရင်း စာဖတ်နေသည့်နွယ်လေးကို ခပ်မာမာအော်လိုက်ပြီးမှ စိတ်မကောင်းစွာ ဘေးမှာဝင်ထိုင်လိုက်၏။

"အပြစ်တင်မလို့လာတာလား...ကိုကြီး"





"ဟင့်အင်း မေးစရာရှိလို့ မရွှေနွယ်လေး...မင်းအပြောင်းအလဲမြန်လှပါလားကွ..ဟော...မင်း ကိုဆက်ကို လက်ခံနိုင်သလား ချစ်နိုင်သလားပြော"

ဒေါသတွေပေါက်ကွဲတာက ထိန်းမရသည်မို့ နွယ်လေးပခုံးနှစ်ဖက်ကိုခပ်ကြမ်းကြမ်းလှုပ်ရမ်းရင်း တွန်းပစ်မိသည်။ ရှုံ့မဲ့နာကျင်သွားသည့်မျက်နှာကိုကြည့်ရင်း နှုတ်ခမ်းပေါက်မတတ်ကိုက်ထားပစ်သည်။

"ကိုကြီး လောကမှာ ဖြစ်ချင်တာထက် ဖြစ်သင့်တာကို ဦးစားပေးရမှာပဲ။ မမရတနာကို ကိုကြီးလက်မခံရင် နွယ်လေးကိုဆက်ကို ချစ်ချစ်မချစ်ချစ် လက်ထပ်ဖို့ခေါင်းညိတ်ရမှာပဲ။ မေမေကြီးကျေးဇူးတွေ နွယ်လေးအပေါ်မှာအများကြီးပါ ကိုကြီးရယ်....နွယ်လေးမှာ ကျေးဇူးဆပ်စရာ ဒီနည်းပဲရှိတယ်။ နွယ်လေးတို့နှစ်ယောက် ဇွတ်တိုးရင် မေမေကြီးကို သောက ဒုက္ခပေးရာရောက်သွားမှာပါ။ ကိုကြီး မမရတနာကိုလက်ခံရင်...နွယ်လေး ငြင်းလိုက်မှာပါ"

မျက်ရည်တွေ ရစ်ဝဲနေပေမယ့် မျက်တောင်တွေနဲ့ ပုတ်ခတ် သိမ်းဆည်းရင်း တည်ငြိမ်စွာပြောလိုက်သည့် နွယ်လေးကို အံ့ဩမှင်သက်စွာ မျက်မှောင်ကြုတ်ကြည့်မိသည်။

"ဒါဆို ခင်ဗျားက...ကျွန်တော့်ကိုထားခဲ့နိုင်မယ်၊ ခွဲရက်တယ်ပေါ့...ဟုတ်လား"

"အချိန်က ကုစားသွားမှာပေါ့ကိုကြီးရယ်။ ကိုကြီးလည်း နွယ်လေးကို တစ်နေ့မေ့သွားမှာပါ"

"ဟာကွာ...တောက်! "

ရှေ့မှာရှိနေသည့် နှင်းဆီပန်းအိုးလေးကို ဒေါသတကြီး ကန်ပစ်လိုက်ပြီး လျင်မြန်စွာကျောခိုင်းပစ်လိုက်မိသည်။

နုနယ်လှသည့်ကောင်မလေးကတောင် တည်ငြိမ်ပြတ်သားစွာ ဖြတ်တောက်တာခံလိုက်ရတော့ သူ့နှလုံးသားတွေက တဆတ်ဆတ်ခါ နာသွားမိသည်။

မင်းမခံစားရပေမယ့် ငါခံစားရတယ် နွယ်လေး၊ ဒေါသဖြစ်တယ်၊ စိတ်နာတယ်၊ မေမေ့ဆန္ဒတွေ ငါကငြင်းဆန်ရင် မင်းကလက်ခံမယ်ပေါ့။ ကိုဆက်လိုလူစားမျိုးဟာ မိန်းခလေးရှင်တွေအတွက် ငြင်းစရာမရှိပေမယ့် မင်းက ငါသိပ်ချစ်ရတဲ့ချစ်သူလေကွာ။ တစ်ကိုယ်ကောင်းသမားပဲပြောပြော၊ မင်း ကိုဆက်ကိုလက်မထပ်ရဘူး၊ ခေါင်းမညိတ်ရဘူး မင်းဖြစ်စေချင်သလို မေမေ့ဆန္ဒကို ခေါင်းညိတ်လိုက်မှာပါကွာ။ ဟာကွာ...လောကကြီးက ကြောက်စရာကောင်းလိုက်တာနော်။ ချစ်တဲ့သူက ထားခဲ့ခြင်းခံရတာလည်းငါ။ ချစ်တဲ့သူကိုထားခဲ့ရမှာလည်း ငါပဲ...တောက်! ဘဝမှာ မပိုင်ဘဲနဲ့ ဘာဖြစ်လို့ ရေစက်ဆုံပြီး တွေ့လိုက်ရတာလဲ။ စိတ်ညစ်စရာကြီးပါ။

အတွေးတွေက မပြတ်တမ်း။ စိတ်ရှုပ်ထွေးစွာ ကားကို ခြံတွင်းမှ တအားကုန်မောင်းထွက်ခဲ့သည်။

ခုမှ နွယ်လေး မျိုသိပ်ခံစားထားရတာတွေ စိတ်လျော့ရင်း ရင်ကွဲမတတ်ငိုပစ်လိုက်သည်။

မေမေကြီးကိုသနားရင် ရတနာ့ကိုမငြင်းဖို့ နွယ်လေးကူ





ပြောပေးစမ်းပါဦး။ အားလုံးမျက်နှာပျက်ရတော့မှာတဲ့လေ။

မေမေကြီး နွယ်လေးတို့အခြေအနေကိုရိပ်မိပါလျက် ဒီလိုပြောတာဟာ....နွယ်လေးနဲ့ကိုကြီးကိုသဘောမတူနိုင်တာ နားလည်လိုက်ပါတယ်။ မမရတနာဟာ မေမေကြီး ထောက်ပြသွားသလို အဖက်ဖက်ကတော်တဲ့ပြည့်စုံတဲ့မိန်းကလေးပါ။ တစ်နေ့နေ့မှာ နွယ်လေးကိုမေ့သွားမှာပါကိုကြီးရယ်။

◙◙◙




## အခန်း (၂၂)

ပျော်ရွှင်ကြည်နူးရသည့်အချိန်လေးတွေက အချိန်တိုတို လေးအတွင်းမှာ ကွယ်ပျောက်သွားလိမ့်မည်လို့ နွယ်လေးတို့နှစ်ဦးစလုံး ထင်မထားခဲ့တာမို့ ရင်ထဲမှာ အနေကြပ်လှသည်။

ကိုကြီးက အပေါ်ထပ်အခန်းထဲမှာ ဂီတာတီးလိုက် စာအုပ်ဖတ်လိုက်နှင့် ဘယ်မှမသွားဖြစ်သလို....နွယ်လေးကလည်း အောက်ထပ်အခန်းထဲ စာအုပ်ပုံမှာ နစ်မြုပ်နေသည်။

မီးဖိုထဲမှာ ဒေါ်စုတစ်ယောက်တည်း။ အရင်က နောင်ရဲ့ က အကဲပိုစွာဖြင့် ပေါင်မုန့်မီးကင်ပေးတတ်သလို နွယ်လေးက လည်း နောင်ရဲ့ကြိုက်တတ်သည့်သံပရာရည်ကို အမြဲဖျော်ပေးတတ်တာတွေးမိတိုင်း စိတ်မကောင်းဖြစ်ရသည်။

"ဒေါ်စု...နွယ်လေးကော"

"အခန်းထဲမှာ ကိုရဲ့။ ခေါ်လိုက်မယ်လေ"

"နေ....နေ စာကျက်နေမှာပေါ့။ ကျွန်တော့်ကိုမေးသေးလား"

ချောင်ကျနေသောမျက်နှာကို ပခုံးစွန်းပေါ်ရှိတဘက်နှင့်သုတ်ရင်း စားပွဲမှာဝင်ထိုင်၏။ လက်ဖက်ရည်သောက်ရအောင် ခေါ်ခိုင်းချင်ပေမယ့် သူမ လာမည်မဟုတ်မှန်း နားလည်ထားသည်။

ရတနာနှင့်စေ့စပ်ဖို့ မနေ့ညကပဲ သူ ခေါင်းညိတ်ခဲ့ပြီးသားလေ။ တွေးရလျှင်လည်း ဒေါသတွေမထိန်းနိုင်ဘဲ ဖြစ်ကုန်မှာပါ။

"သား...မင်းဆန္ဒကိုသေသေချာချာစဉ်းစားနော်။ နွယ်လေးက ငယ်သေးတော့ မောင်ဆက်မော်နဲ့မတိုက်တွန်းချင်သေးဘူး"ဆိုသည့်စကားကို ဘယ်လိုငြင်းဖို့ကြိုးစားရမှာလဲ။

"ကိုကြီးနေကောင်းလား၊ စားချင်တာရှိတာတွေ မေးထားပေးပါ၊ ကျောင်းပိတ်ရင် ချက်ကျွေးမယ်တဲ့ ကိုရဲ"

"ဪ....ဪ"

ရင်မှာ နာကျင်တာနဲ့အမျှ သနားသွားရသည်။ သူမသိပ်ကိုခံစားနေရမှာပါ။ သူလိုယောကျ်ားရင့်မကြီးတောင် အိပ်မပျော်စားမဝင် လူးလွန့်လူးပ်ရှားရင်း ညဥ့်နက်သည့်တိုင် ဂီတာတီးနေတတ်ရင် နွယ်လေးဘယ်လိုနေမလဲ၊ ဘယ်လိုဖြေသိမ့်နေမှာလဲ။

စားလက်စမုန့်ပွဲကို လက်စသတ်ရင်း နွယ်လေးအခန်း





ဘက် အမှတ်မထင်လျှောက်လိုက်မိပြီး စေ့ရုံစေ့ထားသောတံခါးကိုအသာတွန်းကြည့်မိလိုက်သော ကိုယ့်ကိုယ်ကိုပင် အံ့ဩမိသွားသည်။

သို့ပေမယ့် ခြေလှမ်းတွေကမူ စားပွဲပေါ်လက်တင်ကာ မျက်နှာစောင်းပြီးအိပ်ပျော်နေသည့်နွယ်လေးရှေ့ကျမှ ရပ်တန့်သွားတော့သည်။ "ဟာ"ဟု ရင်ထဲမှာမြည်တမ်းရင်း သနားကြင်နာစွာ မျက်ရည်စီးကြောင်းတွေမခြောက်ခင် အိပ်ပျော်နေသည့်နွယ်လေးကို အကြာကြီးငေးကြည့်ကာ နဖူးပေါ်ပြန့်ကျဲနေသည့်ဆံပင်နက်နက်လေးတွေကို သပ်တင်ပေးမိ၏။

"ဟင်! ကိုကြီး"

"နွယ်လေး"

ပခုံးပေါ်ရောက်လာသည့်လက်တွေကို နွယ်လေးဖယ်ပစ်ပေမယ့် မရတော့။ ရင်ထဲမှာ ပေါက်ကွဲစွာ သတိလက်လွတ်နွယ်လေးကိုယ်လေးကို ဖွဖွငြင်သာထွေးပွေ့ထားမိ၏။

နွယ်လေးမျက်ရည်တွေ သူ့အင်္ကျီမှာ စွဲနစ်လို့ပါလား။ သိမ့်သိမ့်ခါအောင်ငိုနေသည့်ချစ်သူလေးကို သူဘယ်လိုလုပ်ထားရစ်ခဲ့ရမှာလဲ။

"နွယ်လေး...ကိုယ့်ကိုယ်ကိုညာတယ်။ ကိုကြီးကိုရက်စက်တယ်"

"ဟင့်အင်း...မဟုတ်ဘူး၊ ကိုကြီးကိုမရက်စက်ပါဘူး"

"ဘယ်သူတွေမျက်နှာပျက်ပျက်၊ ကိုကြီး, ရတနာနဲ့စေ့စပ်တာ လက်မခံတော့ဘူး"

"အို...ဘယ်ဖြစ်မှာလဲ၊ ကိုကြီးမငြင်းရဘူး။ နွယ်လေးကို ချစ်ရင် မေမေကြီးစကားနားထောင်ပါကိုကြီးရယ်"

"မေမေ့စကားနားထောင်ရင် ခင်ဗျားလေးနဲ့ကွဲရမှာ။ ကျုပ်ဘယ်လိုမှမနေတတ်ဘူး။ စိတ်တွေအရမ်းလေးနေပြီ၊ ကိုကြီး ရင်ထဲကိုခံစားကြည့်စမ်းပါ၊ နားလည်ပေးစမ်းပါညီမလေးရယ်"

သူ့လက်ကလေးကိုဆုပ်ကိုင်လာသည့်ကိုကြီးကို မြတ်နိုးစွာမော့ကြည့်ရင်း ခေါင်းရမ်းပြပြန်တော့ ကိုကြီးမျက်မှောင်တွန့်လျက် "ဘာဖြစ်ရတာလဲ"ဟု ခပ်ဆတ်ဆတ်မေးသည်။

"မဖြစ်နိုင်လို့ပေါ့ကိုကြီးရယ်။ မေမေကြီးကပြောတယ်၊ နွယ်လေးကိုလက်ခံထားကတည်းက ကိုကြီးကိုရော နွယ်လေးကိုပါ ယုံကြည်ပြီးသားပါတဲ့။ နွယ်လေးကို ချွေးမတစ်ယောက်လို မချစ်နိုင်ပေမယ့် သမီးလေးတစ်ယောက်လို ချစ်နိုင်ပါတယ်တဲ့။ ကိုကြီးကသာ ရတနာ့ကိုငြင်းမယ်ဆိုရင် နွယ်လေးက ကိုမော့်ကို လက်ခံပေးပါလားတဲ့။ မေမေကြီးကို ကျေးဇူးဆပ်ရာရောက်ပါတယ်တဲ့။ အဟင့်...ဟင့်...နွယ်လေးကိုမော့်ကိုမချစ်ပါဘူး ကိုကြီးရယ်။ ဘယ်သူ့ကိုဘယ်လောက်ချစ်ခဲ့တယ်ဆိုတာလဲမပြောချင်တော့ပါဘူး...ကိုကြီးငြင်းရင် နွယ်လေးဇွတ်မိုတ်လက်ခံ..."

"နွယ်လေး"

ထပ်ပြောမည့်စကားတွေကို မကြားလိုသည်မို့ နှုတ်ခမ်းတွေပေါ် သူ့လက်ချောင်းလေး တင်ထားမိလိုက်သည်။

"ကိုကြီးကို မေမေအမွေဖြတ်လိုက်ပေမယ့် ဘဝတစ်ခုကို ပြည့်စုံအောင် ကိုကြီးဖန်တီးနိုင်မှာပါ။ ကိုကြီးတို့နှစ်ယောက်





တစ်နေရာရာသွားကြမယ်...သတ္တိရှိစမ်းပါ"

"မဖြစ်နိုင်ဘူး...ပိုမဖြစ်နိုင်ဘူး...ကိုကြီးမေမေမှာ ကျန်းမာရေးကောင်းတာလည်းမဟုတ်ဘဲနဲ့ ထားခဲ့ရက်သလား။ စဉ်းစားပါဦး...ကိုကြီးရယ်"

"တော်ပါပေ့နွယ်လေးရယ်။ ထွက်ပေါက်မရှိ အကွက်စေ့အောင် ပိတ်ထားတတ်ပါပေတယ်ကွာ။ ရှိပါစေတော့ ကိုကြီးတစ်ယောက်ပဲ ရင်ကွဲခံပါ့မယ်။ မေမေလည်းစိတ်ချမ်းသာပါစေ၊ မင်းလည်းကျေးဇူးသိတတ်တဲ့ မိန်းကလေးအဖြစ် စိတ်ချမ်းသာပါစေ။ ကဲ! ကျေနပ်ရဲ့လား"

ခြေသံပြင်းပြင်းနှင့်ထွက်ခွာသွားသည့် ကိုကြီးကျောပြင်ကို ထာဝရလွမ်းတစ္စာငေးရင်း စားပွဲပေါ် မျက်နှာမှောက်ထားလိုက်၏။

နွေးထွေးတဲ့အကြင်နာတွေ၊ ယုယမှုတွေနဲ့ ကင်းကွာပြီး နွယ်လေးလည်းမရပ်တည်နိုင်ပါဘူးလေ။ ဒါပေမဲ့ ကိုကြီးခံစားရတာထက် နွယ်လေးက အစပေါင်းများစွာ ခံစားရတာပါ။ မိန်းကလေးမာနကို ကိုကြီးသိမှာမဟုတ်ဘူးနော်။ သဘောမတူတဲ့ အမေတစ်ယောက်ရဲ့သားကိုလက်တွဲဖို့ နွယ်လေးဘယ်တော့မှ မစဉ်းစားချင်ဘူးဆိုတာ ရင်ထဲမှာပဲ မျိုသိပ်ထားပါရစေတော့ ကိုကြီးရယ်။

▣▣▣




## အခန်း (၂၃)

ပြောင်းလဲခြင်းဆိုတာ နိယာမတရားတစ်ခုပဲ။ ဘယ်အရာမှ မတည်မြဲတတ်ဘူး။ ဖြစ်ပျက်ပြောင်းလဲမှုတွေဟာ အချိန်ကာလတိုင်းမှာ ရှိနေတာပဲ။ တစ်ယောက်တည်းတွေးပေမယ့် နွယ်လေး မဖြေသိမ့်နိုင်။

ကိုကြီးမျက်နှာ ကြည်လင်ရွှင်ပြမှုတွေ ပြည့်တင်းမနေပေမယ့် မရတနာကို လိုက်လျောညီထွေ ဆက်ဆံတတ်ပြီပဲ။ ငယ်ကတည်းက ခင်မင်ရင်းစွဲရှိကြသူတွေ။

တစ်မြို့တစ်နယ်ဆီ ပြောင်းရွှေ့ကြရင်း ကြီးမှတွေ့ပေမယ့် ငယ်ပေါင်းမိတ်ဆွေဆိုတာ အရင်းနှီးဆုံးတွေပါပဲ။

မမရတနာ ကြက်တောင်လာရိုက်တိုင်း ကိုကြီးက ဝင်

ကစားပေးတတ်သည်။

"ဒေါ်စုရေ...သံပရာရည်ဖျော်မယ်နော်။ ရတနာ...ကိုရဲ့အကြိုက်မသိဘူး...ချဉ်ချိုလား...ချဉ်ချဉ်လေးလား"

"နွယ်လေး...ဖျော်ခိုင်းပါလား"

"အို...မမရတနာအဆင်ပြေအောင် ဖျော်ပေးလိုက်ပါ။ နွယ်လေးပြောပေးမှာပေါ့"

ဟန်ဆောင်ပြုံးလိုက်တာ ရင်ထဲမှာမချိမဆန့်'နွယ်လေးဖျော်ပေးတာမှ သောက်ချင်တယ်'လို့မပြောတော့ဘူးပေါ့ ကိုကြီးရယ်...ဟုတ်လား။ အင်းလေ...ဘာမှမပတ်သက်တော့တာ ဘာလို့ခိုင်းတော့မှာလဲ။ မမရတနာကို ကိုကြီးအကြိုက်ပြောပြရင်း အသံတွေပုံမှန်ဖြစ်ဖို့ မျက်နှာမပျက်ဖို့ ကြိုးစားထိန်းထားရ၏။

"နွယ်လေးရေ...လာမယ့်အပတ်စေ့စပ်ပွဲမှာဝတ်ဖို့ အင်္ကျီတွေ သွားရွေးရမယ်။ နွယ်လေးဝတ်ချင်တာရှိရင်လည်း ဝယ်ရအောင်...လိုက်ခဲ့နော်"

နွယ်လေးရင်ကွဲနေတာ သိပ်ကြည့်ကောင်းနေသလားလို့ မေးချင်ပေမယ့် မဖြစ်နိုင်တာဘဲ။ ဒီရက်ပိုင်းအတွင်း ကြိတ်မှိတ်နေတာ စာမေးပွဲရက်ကြီးလေ။ ကြေမွနေတဲ့နှလုံးသားဒဏ်ရာတွေကို မြိုသိပ်ပြီး တိတ်ဆိတ်နေတဲ့ညတွေမှာ ကျခဲ့တဲ့မျက်ရည်တွေကို ဘယ်သူနားလည်ကြမှာလဲ၊ သနားကြမှာလဲကွယ်။

ဒီရက်ပိုင်း ကိုကြီးနှင့် နွယ်လေးတို့ ရိပ်ခနဲမြင်လိုက်တာကလွဲပြီး လုံးဝမတွေ့ဖြစ်ကြပါ။ ကိုကြီးက နွယ်လေးကိုစိတ်နာလို့ရှောင်နေတာ၊ နွယ်လေးက ကိုကြီးကို ကြေကွဲမှုတွေမမြင်





စေချင်လို့ ရှောင်နေတာ။

ဘာပဲပြောပြော နှစ်ဦးစလုံးရှောင်တော့ မတွေ့ဖြစ်ခြင်းက ပို၍ကင်းစိမ်းပြတ်တောက်စေသလိုပါပဲ။

ကိုကြီးကြိုက်တတ်တာတွေ ဝတ္တရားမပျက် ချက်ပြုတ်ကျွေးရပေမယ့် ဟိုအရင်ကလို ပျော်ရွှင်ကြည်နူးမှုတွေ မရှိတာမို့ လုပ်ကိုင်ရတာ အဆင်မပြေ။ နှင်းဆီပန်းပွင့်လေးတွေ အရောင်စုံပန်းအိုးထဲမှာ ထိုးစိုက်ရင်း ရှေ့ဆက်ရမည့်ခရီးအတွက် တွေးမိတော့ မျက်ရည်ဝဲချင်သည်။

ညနေပိုင်းက ဆိုက်ဆိုက်မြိုက်မြိုက် နွယ်လေးထိုင်နေရာ လာရပ်ရင်း"နွယ်လေး စိတ်ချမ်းသာလား"လို့တည့်တည့်ကြီးမေးလိုက်တဲ့ကိုကြီးမျက်နှာဟာ တစ်ခုခုကိုမျိုသိပ်ထားရလို့ မွန်းကြပ်နေတဲ့ပုံစံမျိုး။ မျက်တောင်မခတ်သတိလက်လွတ် ငေးကြည့်ပြီးကာမှ ဟန်ဆောင်ပြုံးရင်းက ခေါင်းညိတ်လို့"ကျေးဇူးတင်ပါတယ်။ ပြီးတော့ စိတ်လည်းချမ်းသာပါတယ်"....

"ဒါဆိုလည်းပြီးရော" တိုတိုတုတ်တုတ်ပြောပြီး လှည့်ထွက်သွားတဲ့ကိုကြီးကိုငေးရင်း ကြွေကျနေတဲ့မျက်ရည်တွေဟာ နွယ်လေးလုံချည်နီနီလေးပေါ်မှာ တစ်ပေါက်ချင်း....တစ်ပေါက်ချင်း စီးကျနေလေရဲ့ကွယ်။

◙◙◙



နောင်
တွယ်
ရစ်
ငင်

## အခန်း (၂၄)

စေ့စပ်ပွဲက ခန်းမဆောင်မှာ ခမ်းခမ်းနားနားကျင်းပပြီး နှစ်ဖက်အသိုင်းအဝိုင်းကလည်း ကြိတ်ကြိတ်တိုး။ အဖြူရောင် ရှပ်လက်ရှည်၊ အစိမ်းပုပ်ရောင် ယောပုဆိုးလေးနှင့် သန့်ပြန့်လွန်းတဲ့ကိုကြီးနံဘေးမှာ အပြာရောင်နုနုဝမ်းဆက်လေးနဲ့ သိပ်ကိုလှနေတဲ့ မမရတနာရဲ့မျက်နှာဟာ ကျက်သရေရှိလိုက်တာ။

ဘယ်လိုပဲဟန်ဆောင်ထား....ဟန်ဆောင်ထား၊ ကွဲကြေနေတဲ့နှလုံးသားကြောင့် နွယ်လေး ရွှင်လန်းတက်ကြွမှုမရှိတာ ကိုယ့်ကိုယ်လည်းသိနေသည်။

ဟန်ဆောင်ပြုံးရင်း လူလစ်တိုင်း တစ်ချောင်ချောင်မှာ ဝင်ထိုင်နေတာ...ဘယ်သူမှမရိပ်မိပေမယ့် ကိုမော် သိတတ်နား

လည်စွာ စားပွဲမှာလာထိုင်ရင်း....

"ကိုကြီးကို သွားနှုတ်ဆက်ရအောင်"

ဟင့်အင်းလို့ မငြင်းချင်တာကြောင့် ကိုမော့်နောက်က ဖြည်းလေးစွာလျှောက်ခဲ့ရင်း ကိုကြီးတို့နှစ်ယောက်ရှေ့မှာ တူယှဉ်ရပ်မိ၏။ မျက်မှောင်တွန့်ကြည့်နေတာ မသိဟန်ပြုရင်း...

"ကိုမော်ကနောက်ကျနေလို့ အားနာနေတာနဲ့ နွယ်လေးကိုသက်သေခေါ်လာတာလား။ ကိုရဲ့မကျေနပ်ဘူးလို့ပြောလိုက်လေ၊ လူရင်းတွေဖြစ်ပြီး ပွဲပြီးခါနီးမှရောက်လာတယ်"

မမရတနာကို ကိုမော်ခေါင်းညွှတ်ရင်း.....

"တောင်းပန်ပါတယ်ရတနာ။ ကိုရဲကျေနပ်တယ်မဟုတ်လား။ ဒီလာခါနီးမှ ခွဲရမယ့်လူနာ အရေးပေါ်ရောက်လာလို့၊ ခွဲစိတ်ပြီးလို့ ခဏနားရင်း မေးခနဲတောင် အိပ်ပျော်သွားတယ်"

"နားလည်ပါတယ်ကွာ... မလာဖြစ်တောင်စိတ်မဆိုးပါဘူး။ ဒါပေမဲ့ ညနေပိုင်း ကိုဇော်နိုင်ကြီးရဲ့နှုတ်ဆက်ပွဲတော့ သွားလိုက်ဦး။ နွယ်လေး...ဒေါ်စုနဲ့ပြန်ချင်ပြန်တော့လေ"

ရှေ့မှာယှဉ်ရပ်နေတာမို့ မမြင်လိုစွာ နှင်လိုက်တာ သိပေမယ့် စိတ်မဆိုးရက်။ ခေါင်းညိတ်ပြရင်း လှည့်ထွက်ခဲ့သည်။

"ငါ...စကားတောင် ကောင်းကောင်းမပြောရသေးဘူး၊ ယောက်ဖက တိုတယ်ကွာ။ နှုတ်ဆက်ပွဲ မင်းမလိုက်လို့မဖြစ်ဘူး။ ရတနာ ထည့်လိုက်မယ်မဟုတ်လား"

"ငါပင်ပန်းနေပြီ။ ပြီးတော့...စိတ်ကျဉ်းကြပ်တယ်ကွာ။ ဝေထွန်းလည်း မင်းကိုစောင့်နေတယ်"





"ထွက်ပေါက်ပါတယ်...ကိုရဲ။ မင်းပင်ပန်းတာလည်း ပျောက်စေရမယ်။ လွတ်လွတ်လပ်လပ်ပျော်ပျော်ပါးပါးပေါ့။ ကိုရဲ မလိုက်ရင် သူစိတ်ကောင်းမှာမဟုတ်ဘူး။ ခုပွဲတောင် သူလိုက်ဖို့။ အရေးကြီးတဲ့ကိစ္စတွေနောက် လိုက်နေရလို့ မလိုက်လာဖြစ်တာ"

"ကိုမော်တို့သောက်မယ်ပေါ့။ ကိုရဲမသောက်တတ်တာ မဖျက်ဆီးနဲ့နော်...ရတနာခွင့်မပြုဘူး"

"ဟ...ပိုင်လှချည်လား။ ကိုရဲကြောက်တယ်ပေါ့"

မချိုပြုံး,ပြုံးရင်း...

"လိုက်ခဲ့မှာပေါ့ကွာ။ ဒီကောင်ကြီးစိတ်မကောင်းဖြစ်နေမှာပေါ့"

"ကိုရဲနော်...မသောက်ရဘူး၊ ညဥ့်နက်မှာလား၊ ခုတောင် သုံးနာရီထိုးနေပြီ"

ရတနာ့စကားကိုနားထောင်ရင်း ခေါင်းရမ်းပြမိပေမယ့် သူမသောက်ဖူးသည့်အရက်ကို သောက်ကြည့်ဖို့ ဆုံးဖြတ်လိုက်၏။

ရတနာစိတ်ကျေနပ်စေဖို့ အိမ်ပြန် ကားမောင်းပို့တော့ ဒေါင်းစရစ်ပန်းစိမ်းစိမ်းလေးတွေ့ရဲ့ပန်းနံ့က မွှေးထုံစွာ တိုးဝှေ့လာသည်။

နွယ်လေးသိပ်ကြိုက်တဲ့ပန်းလေး။ အစိမ်းရင့်ရင့်ပန်းပွင့်ငယ်လေးတွေက မထင်မှတ်စွာ မွှေးလွန်းနေသည်မို့ သီကုံးပန်ထားခါစက သူတအံ့တဩဖြစ်ဖူးသည်။

"ကြည့်စမ်းကိုကြီး၊ ရနံ့မွှေးတာကိုက တစ်မျိုးလေးနော်။ အဝေးကနေမြင်ရင် ဒီပန်းမှာ ဒီလိုရနံ့မျိုးရှိလိမ့်မယ်လို့ ဘယ်သူထင်မလဲ။ သူနဲ့နီးကပ်လာမှ မွှေးနံ့ချိုအီအီလေးရတာ"

"ကိုကြီး တစ်ခါမှမမြင်ဖူးသေးဘူး။ အနံ့လေးကိုကြိုက်တယ်၊ အပွင့်စိမ်းစိမ်းလေးတွေကတော့ စိမ်းကားနေသလိုပဲ"

"ထင်လို့ပါ...စိမ်းကားတယ်လို့မယူဆဘဲ စိမ်းစိုလန်းဆန်းခြင်းလို့ အဓိပ္ပာယ်ကောက်ရင်ကော"

ပြောတတ်လိုက်တဲ့ကောင်မလေး။ မင်းပဲအမျိုးမျိုးပြောတတ်တာ။ သိပ်ချစ်မှန်းသိတဲ့ငါ့ကို အကြောင်းပြချက်မျိုးစုံနဲ့ ခွဲထားစေခဲ့တာ တွေးမိရင် ဒေါသဖြစ်ရသလို ကြေကွဲရတာပဲ။

အိမ်ပြန်ရောက်ပြီး ကားသိမ်းကာ ရေချိုးပြီး ဆိုဖာပေါ်မှာ စိတ်ကောလူပါ နွမ်းနယ်စွာလှဲရင်းက မေးခနဲအိပ်ပျော်သွားသည်။

"သားက အချိန်မဟုတ်နေရာမဟုတ် အိပ်နေပြန်ပြီ။ နေမကောင်းလို့လား၊ မှန်းစမ်း...ကိုယ်ပူသလား"

မေမေက အနားမှာထိုင်ရင်း ကလေးသဖွယ် ယုယ ဂရုစိုက်သမျှ နောင်ရဲရင်ထဲမှာ ဝေဒနာတစ်ခုပါပဲ။ မေမေ့ဆန္ဒပြည့်ဝဖို့ စေ့စပ်ကြောင်းလမ်းခဲ့ရပေမယ့် ရင်ထဲမှာဗလာ။ ခံစားချက်မဲ့စွာ လှုပ်ရှားနေမိတာ ရတနာသိလျှင် ဇွေ့ဇွေ့ခုန်နေပေရော့မည်။

"နွယ်လေးရေ...သံပရာရည်ဖျော်ခဲ့စမ်းပါ။ ကဲ!သား အပြင်မထွက်ခင် သောက်သွားနော်"

ခေါင်းလျှော်ပြီးစ ဆံပင်စိုတွေဖြန့်ထားလျက် ဒေါင်းစရစ်





ပန်းစိမ်းစိမ်းလေးတွေ သီပန်ထားလျက် သူ့ကိုမော့မကြည့်ဘဲ သံပရာရည်ခွက် စားပွဲပေါ်လာတင်ပေး၏။

"သား မသောက်တော့ဘူးမေမေ။ နောင်လည်း သံပရာရည်မဟုတ်တဲ့ဖျော်ရည်တစ်ခုခုပဲ သားသောက်ဖြစ်တော့မှာပါ။ သံပရာရည်ကို ဘယ်တော့မှမသောက်မိဖို့ ဆုံးဖြတ်လိုက်ပြီ။ ဒါပဲ မေမေ, သားသွားတော့မယ်"

"ကိုရဲဟာလေ, ကလေးလည်းမဟုတ်ဘဲနဲ့။ နွယ်လေး စိတ်မကောင်းအောင် ကဲ....သိမ်းလိုက်ပါသမီးရယ်"

မေမေကြီးရှေ့က အသာငုံ့ထွက်လာရင်း မီးဖိုခန်းထဲမှာ သံပရာရည်ခွက်ကိုတင်ကာ ဝမ်းနည်းစွာရှိုက်ငိုပစ်လိုက်၏။

"ဟဲ့...ဟဲ့...ဘာလို့ငိုပြန်တာလဲ၊ ကိုရဲဆူလိုက်ပြီလား။ ဟိုတစ်ယောက်ကလည်း ကားတံခါးတွေများ ဆောင့်ပိတ်လိုက်တာ တစ်ခါတည်းပြုတ်ထွက်တော့မယ့်အတိုင်း။ အရင်ကလို ချစ်ချစ်ခင်ခင်နေကြရင် သိပ်ကောင်းမှာပဲဟယ်"

တူးစပြုနေသည့်ဟင်းအိုးကြီးပြေးချရင်း စိတ်မကောင်းစွာ ချော့လာသည့်ဒေါ်စုကို အားကိုးတကြီးဆုပ်ကိုင်ထားမိ၏။ ရင်ထဲမှာ မွန်းကြပ်လိုက်တဲ့ဝေဒနာ။

ဟန်ဆောင်ပြုံးနေရတာ၊ ဟန်ဆောင်တင်းနေရတာ မောပန်းလွန်းလှပြီ။ တစ်ခါမှမချစ်ခဲ့ဖူးဘဲ ချစ်ခဲ့ရတဲ့လူတစ်ယောက်ကို မာန်တင်းပြီး စွန့်လွှတ်လိုက်ရတာ ဘယ်လောက်ခံစားရတယ်ဆိုတာ ဘယ်သူတွေသိမှာတဲ့လဲ။

ကျေးဇူးတရားအတွက် နှလုံးသားတစ်ခုကို မွှမွှအကြေ

ခံထားရတဲ့ မိန်းကလေးပါကိုကြီးရယ်။ ဘာကြောင့်များ အမုန်းတွေနဲ့ ဖိသိပ်နှိပ်စက်ချင်ရတာလဲ။

တစ်နေ့လုံးပင်ပန်းထားရသည့်အထဲ ငိုထားရသည်မို့ ခေါင်းတွေ မူးနောက်လာသည်။

"ထမင်းစားမလားနွယ်လေး။ ဒေါ်စုတစ်ယောက်တည်း ပျင်းနေလို့။ မနက်ကညှော်ခံပွဲက ကျွေးတာတွေလည်း ခံတွင်းတွေ့ပါဘူး။ ခူးလိုက်မယ်နော်"

"ဟင့်အင်း...နွယ်လေးမစားချင်ဘူး ဒေါ်စုရယ်။ ကျေးဇူးတင်ပါတယ်...ဒေါ်စုစားလေ။ ကျန်တာတွေ နွယ်လေး ဆက်လုပ်ထားပေးမယ်"

မျက်ရည်တွေသိမ်းဆည်းရင်း ဒေါ်စုလက်ကျန်အလုပ်တွေ အဆုံးသတ်ပေးဖြစ်သည်။ နွယ်လေးက ပန်းကန်ဆေးတာကအစ၊ ဆပ်ပြာနှင့်သေချာတိုက်ရမှ ဘယ်နကြိမ်ဆေးဆေး ဒီလိုဆေးတတ်တာမို့ လက်တွေ ပဲကြီးရေပွဖြစ်နေပြီ။

"နွယ်လေးရေ့ နားပါတော့၊ လက်ဖက်သုပ်စားမလား၊ ဒေါ်စု သုပ်ကျွေးမယ်၊ စိတ်ညစ်စရာတွေလည်း မတွေးပါနဲ့တော့ ကလေးရယ်။ ဘာပဲပြောပြော ဆုံးဖြတ်ချက်တစ်ခုဟာ ပြောပြီးလုပ်ပြီးမှ ပြန်ပြင်ရရင် ဘာမှအဓိပ္ပာယ်မရှိသလိုဘဲ"

"ဟုတ်ကဲ့ပါ" ဟုဖြေရင်း နားလည်ဆုံးမတတ်သည့် ဒေါ်စုကိုကျေးဇူးတင်ဖြစ်သည်။

"နွယ်လေး ပင်ပန်းပြီး ခေါင်းတွေကိုက်နေပြီ။ အိပ်တော့မယ်နော်"





"အေး...အေး...မမကြီးဆင်းလာရင် ဒေါ်စုအဆင်ပြေအောင် ကြည့်ပြောလိုက်မယ်။ စိတ်ချလက်ချအိပ်လိုက်၊ ကိုရဲက ဒီမှာစားမှာမဟုတ်ဘူး"

◙◙◙




## အခန်း (၂၅)

ဝင်းခနဲလက်ခနဲ လျှပ်စီးရောင်က မပိတ်ရသေးသည့်ပြတင်းပေါက်မှ တိုက်ရိုက်ဝင်လာသည်။

တစ်ချက်တစ်ချက်လှမ်းပက်လိုက်သည့် မိုးရေစက်များကြောင့် နှစ်ခြိုက်စွာအိပ်ပျော်နေသည့်နွယ်လေးကို လှုပ်နှိုးလိုက်သလိုပင်။

"ဟင်! မိုးတွေကလည်း အခါမဟုတ်ရွာနေလိုက်တာ၊ ကြောက်စရာတောင်ကောင်းတယ်။ ငါ့ဘယ်လောက်များ အိပ်ပျော်သွားပါလိမ့်။ ဟာ...ဆယ့်တစ်နာရီတောင်ထိုးတော့မယ်"

အိပ်ချင်စိတ်လည်း သိပ်မရှိတော့သလို ဆာလောင်ခြင်းက တဖွဲဖွဲမြည်ကာ ဆန္ဒပြလာ၏။

မိုးလင်းဖို့ အများကြီးအချိန်တွေလိုသေးသည်မို့ ထမင်းထစားဖို့ အခန်းတံခါးဖွင့်ကာ မီးဖိုဘက်ကူးလိုက်သည်။

"ဟင်! ကိုကြီး"

သံမံတလင်းမှာမှောက်လျက် အိပ်ပျော်နေသည့်ကိုကြီးကို အံ့သြမင်သက်မိစွာ ရပ်ကြည့်နေမိသည်။

"ဘုရား...ဘုရား...သူအရက်တွေသောက်ပြီး ဆိုဖာပေါ် အိပ်နေရင်းက အောက်လိမ့်ကျတယ်ထင်ပါရဲ့။ သိပ်အသန့်ကြိုက်တဲ့ကိုကြီး ဘယ်လိုဖြစ်တာလဲရှင်။ ဒီလိုသာ မိုးအလင်းအိပ်ရင်တော့ လေဖြတ်တော့မှာပဲ။ အရက်တွေလည်းမူး အကျီတွေလည်း မိုးတွေစိုလို့။ ဒုက္ခပါပဲကွာ...ကိုကြီး...ကိုကြီး"

ခေါင်းကိုဆွဲထူ၊ ပခုံးတွေလှုပ်ရမ်းရင်း ခပ်ကျယ်ကျယ်လေး ခေါ်လိုက်ပေမယ့် နိုးမလာ။ ဒေါ်စုအခန်းဆီပြေးကာ တံခါးကို တဒုန်းဒုန်းထုနိုးပေမယ့် တုတ်တုတ်မျှပင်မလှုပ်။ နိုးလို့သာနိုးရသည်။ ဒေါ်စုကအိပ်ပြီဟေ့ဆိုလျှင် ဘာသံကြားကြား ဘယ်လိုခေါ်ခေါ် မနိုးတတ်တာ နွယ်လေးအသိပါပဲ။

ထမင်းစားခန်းဆီပြေးကာ သံပရာသီးလှီးပြီး သံပရာရည်တွေညှစ်လျက် ကိုကြီးရှိရာပြေးထွက်ခဲ့သည်။

မသောက်တတ်ဘဲနဲ့သောက်တာ ပိုဆိုးမှာပေါ့လေ။ ကိုကြီးပါးစပ်ဖြဲလျက် သံပရာရည်ပန်းကန်လုံးကုန်အောင် လောင်းထည့်ပစ်၏။

"အင်း...အင်း"

ညည်းသံက နွယ်လေးကိုအားတက်စေသည်။ အပေါ်





ထပ်ကိုတွဲတင်ဖို့ဆိုတာ နွယ်လေးတစ်ယောက်တည်းနဲ့မဖြစ်နိုင်သလို ဒေါ်စုကလည်းနိုးလို့မရ၊ မေမေကြီးကိုနိုးလိုက်လျှင်လည်း တစ်နေကုန်ပင်ပန်းပြီး နှစ်နှစ်ခြိုက်ခြိုက်အိပ်နေတာ ဒုက္ခပေးသလိုဖြစ်ပါလိမ့်မည်။

ဟာ....သတိရပြီ။ ဧည့်သည်လာလျှင် အိပ်တတ်သည့် အောက်ခန်းလေး။ နွယ်လေးအပြေးဖွင့်ကာ ခြင်ထောင်,ထောင်မွေ့ရာခင်း၊ ခေါင်းအုံးချကာ ကိုကြီးရှိရာပြန်ထွက်ခဲ့သည်။

"ကိုကြီး.....ကိုကြီး"

"ဟင်! နွယ်လေးလား"

"ဟုတ်....ဟုတ်ကဲ့ နွယ်လေးပါ။ ကိုကြီး သံမံတလင်းပေါ် မအိပ်နဲ့ကွာ။ ထ....နွယ်လေး အိပ်ရာခင်းထားတယ်"

"နေပစေကွာ....ဒီမှာပဲအိပ်မယ်။ မင်းအနေသာကြီး, ဘာမှမပူနဲ့...သွား...သွား...မင်းပြန်တော့"

"ဟာ...ဘယ်ဖြစ်မလဲကိုကြီးရာ။ ဆရာဝန်ဖြစ်ပြီး ဒီလိုမနေသင့်ဘူးဆိုတာသိသားနဲ့။ ထပါကိုကြီးရာ...နွယ်လေးတွဲပို့မယ်...ထ...ထ"

အတင်းဆွဲထူသဖြင့် ကိုကြီး ထထိုင်သည်။

"ထပါကိုကြီးရာ၊ နွယ်လေးလိုက်ပို့ပြီး ထမင်းစားမလို့၊ စိတ်ညစ်လာပြီ"

"အင်း"ဟု ဆိုရင်း နွယ်လေးပခုံးကိုဖက်။ တစ်ဖက်က ဆိုဖာလှမ်းဆွဲရင်း မတ်တတ်ရပ်သည်။

"ဟာ! လဲတော့မယ်၊ ဒီလောက်ပဲသောက်လာရသလား

နှယ်လေးမနိုးရင် အအေးပတ်ပြီးဒုက္ခရောက်တော့မယ်”

“သေသွားရင် ပိုမကောင်းဘူးလား”

“မကောင်းဘူး...ဘာလို့သေရမှာလဲ။ ကိုကြီးအရက်သောက်တာ မေမေကြီးသိရင် ဆူလိမ့်မယ်။ ကဲ...ရောက်ပြီ။ ခုတင်ပေါ် ထိန်းထိုင်လိုက်၊ နှယ်လေးပါ ပစ်လဲသွားလိမ့်မယ်”

သံမရာရည်ချဉ်ချဉ်ကြောင့် နောင်ရဲ အမူးမပြေတပြေ။ ရီဝေဝေရှိဆဲ ခုတင်စွန်းမှာထောင်ထားသောခေါင်းအုံးမှာမှီလျက် နှယ်လေးကိုမျက်လုံးဖွင့်ကြည့်ပေမယ့် မသဲမကွဲ။

“နေဦး...အဝတ်စိုတွေလဲဖို့ အပေါ်ထပ်တက်ယူဦးမယ်။ ကိုကြီး ကော်ဖီခါးခါးသောက်မလား။ အရင်ဖျော်ပေးမယ်”

“ဘာမှလုပ်ပေးစရာမလိုဘူး။ မင်း...ဘာလို့ ငါ့ကို ဒီအတိုင်းပစ်မထားတာလဲ”

“ဒုက္ခရောက်မှာကြောက်လို့ပေါ့”

“ဟား...ဘာထူးလဲ။ ခုလည်းငါဒုက္ခရောက်နေတာပဲ၊ ငါ့ဘဝမှာ တစ်ခါမှမသောက်ဖူးတဲ့အရက် မူးအောင်သောက်ရတာ မင်းပေးတဲ့ဒုက္ခကြောင့်ကွ”

“အို! ကိုကြီးဘာပြောပြော နှယ်လေးကအားလုံးကောင်းဖို့ ရင်ကွဲခံလိုက်ရတာ။ နှယ်လေးနှလုံးသားတွေ မွမွကြေကုန်ပြီ”

မပြောတော့ပါဘူးလို့ မျိုသိပ်ထားတာတွေ ပေါက်ကွဲကုန်ပြီ။ သူသာ ခံစားတတ်တာမဟုတ်ဘူးလေ၊ နှယ်လေးလည်း နှလုံးသားနှင့်လူ၊ ခံစားတတ်တဲ့မိန်းကလေး။

သူ့လိုအရက်သောက်ပြီး ဖြေလို့ရတာတောင်မဟုတ်





ဘူး။ တင်းတင်းဆုပ်ထားတဲ့နှယ်လေးလက်တွေကို အမှတ်တမဲ့ ရှန်းကြည့်၏။ ပို၍တင်းကြပ်သွားစေပြီပဲ။

“လွှတ်တော့ကိုကြီး၊ စေတနာတွေ ဝေဒနာတွေ ပြောရမယ့်အချိန်လည်းမဟုတ်ဘူး။ နှယ်လေးစိုးရိမ်ပြီး အခန်းထဲတွဲပို့တာ သင့်ကိုမသင့်တော်ပါဘူးနော်၊ အဝတ်လဲချင်ရင် ယူပေးမယ် မလဲချင်ရင်လည်း ဒီအတိုင်းအိပ်”

“အဟား....တယ်လာတဲ့ကောင်မလေး။ မင်းဟာငါ့ဘဝထဲမှာဝင်ပြီး အစစလွှမ်းမိုးတတ်ပြီ။ ခု ငါ့ကိုခွဲထွက်သွားစေတယ်ပေါ့။ မင်းစကားကို ငါနားမထောင်တော့ဘူး”

“နားမထောင်ချင်နေ၊ နှယ်လေးအပူမပါဘူး၊ နှယ်လေးလက်ကိုသာလွှတ်လိုက် ကိုကြီး”

“မလွှတ်ဘူးကွာ”

“ဟင်! ဒါသက်သက်အနိုင်ကျင့်တာ မလွှတ်လို့ဖြစ်မှာလား။ လွှတ်...လွှတ်”

“မလွှတ်ဘူးကွာ မလွှတ်ဘူး၊ ဘာဖြစ်သေးလဲ....ကဲ”

“အို....ဘယ်လိုလုပ်တာလဲ၊ လွှတ်လွှတ်...”

ရုတ်ရုန်းနေသည့်နှယ်လေးကို ဒေါသတကြီးဆောင့်ဆွဲလိုက်သည်မို့ အရှိန်နှင့် နောင်ရဲရင်ခွင်ထဲ ထွေးခနဲကျသွား၏။

ဘယ်လိုရုန်းရုန်း ကိုကြီးလက်တွေက သိပ်ကိုသန်မာ တင်းကြပ်နေတာလေ.....

စေတနာတွေပိုမိတာ မှားပြီ။ နှယ်လေး မဆင်ခြင်မိတာပါပဲ။ အချစ်တွေ၊ နာကျင်ခံပြင်းမှုတွေ၊ မကျေနပ်ချက်တွေက

မှုးဝေနေတဲ့ကိုကြီးရဲ့ဦးနှောက်ကို ဆင်ခြင်စဉ်းစားမှုမဲ့စေခဲ့တာ
လားကွယ်။

◘◘◘



အပိုင်း (၂)




## အခန်း (၁)

အပြာရောင်မှိုင်းမှိုင်းတောင်တန်း၊ ထင်းရှူးပင်တွေ၊ ယူကလစ်ပင်တွေ အနံ့အပြားရှိနေတဲ့ဝန်းကျင်။ ကျေးငှက်ကလေးတွေရဲ့တေးသံတွေ နှယ်လေးမြတ်နိုးဖြေသိမ့်စရာ ဝန်းကျင်ပါပဲလေ။

တစ်ခါတစ်ရံ တောင်ယာခင်းဘက်က မီးရှို့နံ့က လေနှင့်အတူဝေ့လို့ နှယ်လေးတို့ခြံတွေဘက်ဆီထိ ရောက်လာတတ်သည်။

"မေမေနှယ်....မီး, ပန်းခူးလာတယ်။ လှလားဟင်"

"ဟယ်! အဝါရောင်အပွင့်ကြီးတွေ၊ မီးငယ် ဘယ်ကခူးလာတာလဲ။ ခြံပိုင်ရှင်တွေက မပြောဘူးလား။ အများကြီးပဲ သမီး

ရယ်။ ဘုရားတင်လို့တောင် ကုန်မှာမဟုတ်ဘူး"

"ဟိုဘက်လမ်းထိပ်ကတိုက်ကို ပြောင်းလာတဲ့ဦးဦးက ပေးလိုက်တာ မေမေနွယ်ရဲ့။ ဦးဦးရဲ့အန်တီကလည်း သဘောကောင်းတယ်၊ သူတို့မှာ မီးလိုကလေးမရှိလို့ မီးနေမလားတဲ့။ မီးငယ်က ချစ်ဖို့ကောင်းတယ်တဲ့"

နွယ်လေး,သမီးကိုရင်ခွင်ထဲသွင်းကာ ပါးကပ်လျက်...

"သမီးက မေမေနွယ့်ကိုခွဲထားခဲ့မှာလား။ ဟိုမှာပျော်နေတယ်ပေါ့။ ဟုတ်လား..."

"မခွဲနိုင်ပါဘူး...မေမေနွယ်ကျောင်းသွားတုန်း မီးငယ်တစ်ယောက်တည်းဆော့နေတာ။ အန်တီစောက သနားလို့တဲ့။ သူ့အသိအိမ်လည်ရအောင် လာလို့ခေါ်သွားတာပါ"

"မမနွယ်, စောဟင်းတွေနွှေးထားပြီ၊ ရေချိုးလိုက်တော့လေ။ တော်ကြာ နေဝင်ရင် သိပ်အေးလာမှာ။ ဆောင်းဝင်တော့မှာ မမနွယ်ရဲ့။ မီးငယ်လေးရေ...အန်တီစောဆီ လာလေ။ ပန်းတွေ ဘုရားမတင်ခင် ရေစိမ်ထားရအောင်"

နွယ်လေးဆီက ပန်းတွေလှမ်းယူရင်း သမီးငယ်ကိုပွေ့ချီသွားသည့်စောကို ခဏငေးရင်း ရေချိုးဖို့ပြင်ဆင်လိုက်၏။ စိမ့်ခနဲတိုးဝှေ့လာသည့်လေက ဆောင်းရဲ့အနံ့အသက်တွေ သယ်ဆောင်လို့လာပြီလား။

အဆုံးမသတ်ရသေးသည့်သမီးငယ်ဆွယ်တာနှင့် ခေါင်းစွပ်ကလေးတွေ လက်စသတ်ဖို့ တွေးထားမိသည်။

သမီးက ဖြူဖြူစင်စင်နှင့်ချစ်ဖို့ကောင်းလွန်းတာမို့ ဘာပဲ





ဝတ်ဝတ် အဆင်ပြေပြီးသားပေမယ့် နွယ်လေးသမီးအတွက် လှသထက်လှရန် စိတ်ကူးနဲ့ ချဲ့ထွင်အနားသတ်ဖို့စဉ်းစားမိ၏။

ထမင်းစားပြီးတာနဲ့ စားပွဲပေါ်မှာ အိတ်နှင့်ထည့်ထားသော ထိုးလက်စအကျီလေးယူကာ ထိုင်ထိုးနေသည့်နွယ်လေးဘေးမှာ သမီးက စာအုပ်တစ်အုပ်ထဲရှိအရုပ်တွေကို အခါခါလှန်ကြည့်နေ၏။

"မေမေနွယ်...မီးငယ်လေး မနက်ဖြန်လည်း ဦးဦးတို့အိမ်သွားဆော့မယ်နော်၊ ဒန်းလေးလည်းရှိတယ်...ကိုကိုကလည်း သဘောကောင်းတယ်။ လာခဲ့ပါဦးတဲ့"

"သမီးက ဘယ်အိမ်ကိုပြောနေတာလဲစော။ အိမ်လည်တတ်နေပြီလား။ မမနွယ် ကျူရှင်လိုက်ပြနေရတာ နှစ်လမပြည့်သေးဘူး။ သမီးဘက်မှာ လစ်လပ်မှုတွေရှိနေပြီလား"

နွယ်လေး သိုးမွှေးထိုးမပျက်မေးလိုက်ရပေမယ့် ရင်ထဲမှာ အတော်တုန်လှုပ်နေပါပြီ။ သမီးက အဖော်အပေါင်းတွေဖြစ်လို့ ပိုလို့သိတတ်နားလည်သွားရင် မေးလာမယ့်မေးခွန်းအတွက် နွယ်လေး အဖြေရှာထားရဦးမှာလား။

"စောနဲ့ကျောင်းနေဘက် သန္တာအောင်ပါ မမနွယ်။ ရန်ကုန်မှာနေကြတာကြာပြီ။ ခုအမျိုးသားက ဒီမြို့ကဆေးရုံမှာ တာဝန်ကျလို့ပြောင်းလာတာ"

"ဒီဆေးရုံကိုပြောင်းလာတာ"

ဘာမှထူးခြားတဲ့အကြောင်းအရာလည်းမဟုတ်ဘဲနဲ့ သံယောင်လိုက်ထပ်မေးမိသည့်ကိုယ့်ကိုယ်ကို ဒေါသဖြစ်ချင်သည်။

"ဟုတ်တယ်မမနွယ်။ သူ့ယောကျ်ားက ဆရာဝန်"

ထိတ်ခနဲခုန်သွားသည့်ရင်ကိုထိန်းရင်း ဘယ်သူလဲဟု ထပ်မမေးမိစေရန် သိုးမွှေးအကျႌလေးကို ဖြန့်ကြည့်နေမိသည်။ ဆရာဝန်ဆိုတာလည်း ရေတွက်မကုန်နိုင်တဲ့လူတန်းစားထဲမှာ ရှိနေတာ။ တစ်ဦးတစ်ယောက်တည်းလို့များ တွေးလိုက်မိလေသလား။

"ဒေါက်တာဝေထွန်းက သဘောကောင်းပါတယ်။ ပြီးတော့ သားတစ်ယောက်တည်းရှိတာ ခုနစ်တန်းရောက်နေပြီလေ၊ မမနွယ်ရဲ့သမီးလေးကို မြင်မြင်ချင်းချစ်နေတာ။ မီးငယ်လေးကလည်း ပါးနပ်လိမ္မာလိုက်တာ သင်စရာမလိုဘူး။ သမီးမေမေက မူကြိုဆရာမ' အိမ်မှာလည်း ကျူရှင်ပြပေးတယ်တဲ့"

စာစကားကြောင့် အရုပ်လှန်နေရင်း ထိုင်ရာကထလာပြီး နွယ်လေးရင်ခွင်ထဲ သမီးငယ်က တိုးဖက်ကာ....

"မီးမီးမေမေနဲ့တွေ့ချင်တယ်တဲ့၊ သူ့သားက နေမကောင်းတာများတာနဲ့ စာလွတ်ကုန်တာ ပြခိုင်းချင်လိုက်တာတဲ့"

မှတ်ထားသမျှပြန်ပြောကာ မော့ကြည့်နေသည့်သမီးကို ကြင်နာစွာနမ်းရင်း.....

"ဖြည်းဖြည်းတော့သွားကြတာပေါ့ မီးငယ်လေးရယ်"

"မေမေ အိမ်လိုက်စာသင်ပေးနေရတဲ့အချိန် သိပ်လည်း မဆော့ပါနဲ့မီးငယ်။ မေမေရေးခိုင်းထားတဲ့ ကကြီးခခွေးလက်ရေး လှကော...ပြီးပြီလားသမီး"

"ပြီးပြီမေမေနွယ်။ မီးငယ်ခဏခဏရေးနေတာ ကြည့်





ပြီး အမှတ်တွေပေးနော်"

အခန်းထဲသို့ပြေးဝင်ရင်း စာအုပ်လေးယူထွက်လာကာ နွယ်လေးရှေ့ဖြန့်ပြထားသည့် မီးငယ်လက်ရေးကြီးကြီးဝိုင်းဝိုင်းတွေကိုသဘောကျစွာကြည့်ရင်း အမှတ်ခြစ်ပေးလိုက်သည်။

"မေမေနွယ်...နောက်တစ်ခေါက် အန်တီစောသွားရင် လိုက်သွားဦးမယ်နော်၊ ဦးဦးက သဘောကောင်းတယ်။ နော်... မေမေနွယ်၊ မီးငယ်လိုက်သွားမယ်"

ခေါင်းရမ်းမပြလိုက်မိပေမယ့် ခေါင်းညိတ်ပြဖို့ ဝန်လေးလိုက်တာ၊ သမီးငယ်လေး၊ မင်းဘဝမှာ မေမေနွယ်ရယ်၊ အန်တီစောရယ်၊ ကစားစရာအရုပ်လေးတွေရယ် အသင့်အတင့်မပြည့်စုံသေးဘူးလား။ ဘာဖြစ်လို့...ဦးဦးရယ်၊ အန်တီရယ်၊ ကိုကိုရယ် ရောက်လာရတာလဲ။

နောက်တစ်ခါ 'မီးငယ်ဖေဖေကော မေမေနွယ်' လို့မေးရင် ဘယ်လိုဖြေရမှာလဲ။ ရက်စက်တာမဟုတ်ပေမယ့်...မီးငယ်ဖေဖေသေပြီလို့ပဲဖြေပါရစေ မီးငယ်။

အမှောင်ဘက်ရောက်ပြီမို့ မီးလင်းနေသည့်အိမ်လေးတွေဆီငေးရင်း တံခါးပြတင်းမှာ ကြာရှည်စွာရပ်နေမိ၏။

ဘဝကိုအထီးကျန်သည်ဖြစ်စေ၊ အဖော်မဲ့သည်ဖြစ်စေ သမီးလေးမျက်နှာကို ကြင်နာမြတ်နိုးစွာ တစိမ့်စိမ့်ကြည့်ရင်းဖြင့် လျော့နည်းသွားတဲ့ခွန်အားတွေပြန်ပြည့်ဖို့ နွယ်လေးကြိုးစားနေတယ်လေ။

ပြည့်စုံလှပတဲ့မိသားစုဘဝလေးကို မဖန်တီးပေးနိုင်တဲ့

မေမေ့အားနည်းချက်တွေ၊ မာနတရားတွေ၊ နာကျင်ခါးသက်မှုတွေကိုတော့ နောင်အနာဂတ်မှာ သမီးငယ်ခွင့်လွှတ်နားလည်နိုင်အောင် ပြောပြမှာပါကွာ.....

◻◻◻



## အခန်း (၂)

"မေမေနွယ်၊ ဦးဦးတို့အိမ်သွားပါရစေနော်...မေမေ့ကိုလည်း တွေ့ချင်လို့ပါတဲ့။ မီးငယ်ကိုချစ်တယ်ဆို လိုက်ပို့ပေးပါနော်...မေမေနွယ်"

အိပ်ရာမဝင်ခင် ရင်ခွင်ထဲတိုးဝှေ့ရင်း ပူဆာနေသည့် သမီးငယ်ဆံပင်ပျော့ပျော့လေးတွေကို သပ်တင်ပေးရင်း....

"မေမေနွယ်မလိုက်ချင်ဘူးမီးငယ်ရယ်။ အန်တီစောနဲ့သွားကွာ"

"ဟင့်အင်း...မေမေနွယ်နဲ့မှသွားချင်တာ။ မီးငယ်ကို ဦးဦးကပြောတယ်၊ မေမေနွယ်နဲ့မိတ်ဆက်ပေးပါဦးတဲ့။ သမီးမေမေ့ကို အိမ်လည်ခေါ်မယ်လို့ပြောပြီးပြီ။ မေမေနွယ် ညနေကျ ကိုကို

နေမကောင်းတာ သွားမယ်နော်"

"ကဲ.....မီးငယ်စိတ်ချမ်းသာစွာအိပ်ပါကွယ်။ မေမေနွယ်လိုက်ခဲ့မှာပါ"

နွယ်လေးအဖြေကို ကျေနပ်စွာ ခေါင်းညိတ်ပြရင်း အိပ်ပျော်သွားသည့်မီးငယ်ကို သနားဂရုဏာဖြစ်မိ၏။ ဘာပဲပြောပြော...သမီးဘဝမှာ မေမေနွယ်ရယ် အန်တီစောရယ်ကလွဲပြီး ကစားစရာအရုပ်လေးတွေ ခြံတွင်းလှည့်ပတ်ပြေးလွှားရင်း ခူးခြွေတတ်သည့်စပယ်ရုံကြီးသာ ရှိခဲ့တာလေ။

ဒီတော့ သူ့ကိုအလိုလိုက်ချစ်ခင်တဲ့ မိသားစုလေးကို စွဲလမ်းသံယောဇဉ်ဖြစ်ရမှာပေါ့။ နုနယ်သေးတဲ့သမီးငယ်လေးကို ဖိနှိပ်ချုပ်ချယ်တားဆီးဖို့ နွယ်လေးမကြိုးစားချင်တော့ပါ။ နုနယ်တဲ့သမီးရဲ့နှလုံးသား၊ သမီးရဲ့ဘဝ၊ သမီးရဲ့အိပ်မက်။ အိုလေ... အစစ သာယာချမ်းမြေ့မှုတွေရှိပါစေတော့ကွယ်။

"မေမေနွယ် မြန်မြန်လုပ်ပါ၊ အန်တီစောတောင် ပြီးနေပြီ"

"အင်းပါမီးငယ်လေးရယ်။ တံခါးပိတ်နေတာပါရှင်။ ခြံထဲမှာ လူတစ်ယောက်မှမရှိဘူးလေ"

"အန်တီနွယ်က ဒီဘက်တွဲ၊ မေမေနွယ်က ဒီလက်ကတွဲ၊ မီးငယ် ခိုစီးမယ်"

ခြံတံခါးဝမရောက်ခင် နွယ်လေးနှင့်စောကို ခိုစီးရင်း သဘောကျစွာ တခစ်ခစ်ရယ်နေသည်။

"ကိုကိုကလေ, သူ့ဖေဖေလက်မောင်းကို တစ်ဖက်တည်း





ခိုစီးတာ။ မေမေနွယ်ကော မီးငယ်ကို လက်တစ်ဖက်တည်းနိုင်လား"

မော့မော့လေးငေးရင်း မေးနေသည့်သမီးငယ်ကို အသာခေါင်းသပ်ရင်း ရင်ထဲမှာ တင်းကြပ်နေသည့်ဝေဒနာကို ခံစားရသည်။ သမီးငယ်လေးက ဖခင်ရဲ့လက်မောင်းတစ်ဖက်တည်းကို အားကိုးပျော်ရွှင်စွာ ခိုစီးလိုတဲ့စိတ်ရှိနေမလား။ မရှိပါစေနဲ့ သမီးရယ်။ ဒီတစ်ခုတော့ မေမေနွယ် ဘယ်လိုမှဖန်တီးလိုက်လျော်ပေးနိုင်မှာမဟုတ်ဘူးနော်....

"ဦးဦး...အန်တီရေ, မေမေနွယ်ပါတယ်"

သွက်လက်စွာပြေးလွှားရင်း အော်ဟစ်ဝင်သွားသည့် သမီးငယ်ကို တားဆီးချိန်မရလိုက်ပါ။ အိမ်ထဲမှပြေးထွက်ရင်း သမီးငယ်ကိုပွေ့ဖက်လိုက်သည့် ဒေါက်တာဝေထွန်းကိုသာ ဘာစကားမှရှာမရနိုင်ဘဲ ရပ်ကြည့်ရင်း ရှက်ရွံ့စွာ မျက်လွှာချထားလိုက်၏။

"နွယ်လေး"

"-----"

"ဒါနွယ်လေးသမီးဟုတ်လား၊ နွယ်လေးအိမ်ထောင်ကျသွားပြီဟုတ်လား။ အစ်ကိုတို့ ထင်တောင်မထင်လိုက်ပါဘူး။ နှောင်ရဲကော ဆက်မော်ပါ နွယ်လေးကို အချိန်ရတိုင်းနေရာအနှံ့လိုက်ရှာနေကြတာ။ ဒါပေမဲ့ နောက်ပိုင်း...နှောင်ရဲက လက်လျှော့လိုက်ပြီလို့ပြောရှာတယ်"

"အစ်ကိုဝေထွန်းရယ်၊ နွယ်လေးကိုသနားတယ်ဆိုရင်

နွယ်လေးအတိတ်နဲ့ပတ်သက်သမျှ ဘာမှမမေးပါနဲ့ မပြောပါနဲ့ နော်။ လက်ရှိဘဝမှာ နွယ်လေးတို့သားအမိနဲ့ အားကိုးတွယ်တာစရာ စောပဲရှိပါတယ်။ လက်ရှိဘဝမှာ တင်းတိမ်ရောင့်ရဲတတ်ပါပြီ အစ်ကိုဝေထွန်း။ နွယ်လေး, ဘာကိုမှ မကြားချင် မတွေ့ချင်တော့ပါဘူးရှင်"

သမီးမသိအောင် မျက်ရည်တွေသုတ်ရင်း လာမိတာမှားလိုက်တာ။ ဒါပေမဲ့ သမီးငယ်ပျော်နေတယ်၊ ကြည့်စမ်း! ဒန်းလေးပေါ်မှာ သူ့ကိုချစ်တဲ့အစ်ကိုနဲ့ဆော့လို့။ အားလုံးနဲ့ဝေးရာ ဆိတ်ငြိမ်တဲ့ဒေသလေးမှာ ဘဝရဲ့ရပ်တည်မှု၊ နှလုံးသားရဲ့လှုံလျှောင်းရာလို့သတ်မှတ်ထားချက်တွေ မပျက်ပါရစေနဲ့ကွယ်။

ဒေါက်တာဝေထွန်းမိတ်ဆက်ပေးလို့သိရပေမယ့် မမသန္တာအောင်က သိတတ်နားလည်စွာ ပျော်ရွှင်စရာတွေ ရယ်မောပြောဆိုပြီး နွယ်လေးစိတ်ချမ်းသာစေပေမယ့် မမျှော်လင့်တဲ့မေးခွန်းကို နွယ်လေးမရှောင်နိုင်ပါ။

"သမီးလေးကို မြင်မြင်ချင်းချစ်နေတာ စကားသိပ်တတ်တယ်။ လူလည်မလေး...သူ့အဖေကလည်း အရမ်းချစ်မှာပဲနော်၊ သူ့အဖေကောရှိလား"

"ရှင်! "

မေးမိတာမှားပြီဟု သန္တာအောင်သိပေမယ့် မေးခွန်းက ပြင်မှုမရတော့တာ။ ညှိုးနွမ်းပျက်ယွင်းသွားသည့်မျက်နှာကို ပြန်ပြင်ရင်း...

"သမီးဖေဖေနဲ့နွယ်လေးတို့ ကွဲနေကြတာပါ"





"အားနာလိုက်တာညီမရယ်။ မဆင်မခြင်မေးတတ်တဲ့ ပါးစပ်...ရိုက်ပစ်ဖို့သာကောင်းတော့တယ်"

"ကိစ္စမရှိပါဘူးမမရယ်၊ နွယ်လေးလည်း ဒီတစ်ခါ ပထမဦးဆုံးပြောတဲ့စကားပါပဲ။ နောက်လည်းမေးမယ့်သူ မရှိပါစေနဲ့လို့ ဆုတောင်းထားမှာပါ"

ဘာမှအားမငယ်ဖို့ အကူအညီလိုရင်တောင်းဖို့ သွေးရင်းသားရင်းလိုသဘောထားဖို့ တဖွဖွပြောရင်း အိမ်တိုင်ယာရောက် လိုက်ပို့ပေးရှာတဲ့ ဒေါက်တာဝေထွန်းတို့မိသားစုကို ကျေးဇူးတွေ အထပ်ထပ်တင်မိပေမယ့် မတွေ့ကြရင်ကောင်းမှာဘဲလို့သာ တွေးမိသည်။

သမီးငယ်က မွေးစက ယခုတိုင် မေမေနွယ် အန်တီစောတို့သာ သူ့ဘဝ။ တစတစနားလည်လာလို့ "ဖေဖေကောလို့ မေးရင်....ဖေဖေကောလို့မေးရင် အို....မဖြေတတ်ဘူး မဖြေချင်ဘူး"

အားပါးတရရှိုက်ငိုပစ်မိ၏။ ထိုခဏ၌ သမီးကိုကော စောကိုပါသတိမရတော့။ အရာအားလုံးသည် ကြေကွဲဝမ်းနည်းစရာကောင်းလိုက်တာကွယ်။

◙◙◙




## အခန်း (၃)

သူငယ်ချင်း နှောင်ရဲ . . .

ငါစာရေးလိုက်တယ်၊ စာရေးတယ် ဆိုကတည်းက အကြောင်းထူးရှိလို့သာ တွေးပေတော့...သိတဲ့အတိုင်း...တို့အလုပ်တွေက အားရတယ်လို့မရှိဘူးမဟုတ်လား။

ဒီကြားထဲက...တကူးတက စာရေးလိုက်ရတာ သိပ်ပြောချင်နေတဲ့ကိစ္စတစ်ခုကြောင့်ပဲ။ ငါ့နှယ်လေးနဲ့တွေ့တယ်။

"ဟင်!"ဖတ်လက်စစာရွက်ကိုကိုင်ရင်း နှောင်ရဲမယုံနိုင်သလို ငေးနေမိ၏။

ဒါပေမဲ့...သူ့မှာက သမီးလေးတစ်ယောက်နဲ့။ သူ့သမီးလေးကလည်း သိပ်ချစ်ဖို့ကောင်းတယ်၊ စကားလည်းတတ်တယ်။

သွားပါပြီ။ မဖြစ်နိုင်မှန်းသိလျက် မျှော်လင့်အိပ်မက်တွေ မက်နေတုန်းဆိုတာ မင်းမသိစေချင်တော့ပါဘူးလေ။

စိတ်တော့မကောင်းစရာကွာ။ သူ့အမျိုးသားနဲ့ကွဲနေတယ်တဲ့။

"ဟာ...တောက်! နီမင်း ခွေးကောင်၊ သူများသားသမီး ယူထားပြီး တာဝန်မဲ့လိုက်တာ။ တွေ့မယ်...မင်းနဲ့ငါ"

တစ်ယောက်တည်း မကျေနပ်တာတွေတွေးရင်း သိချင်တာတွေ အလောတကြီးဆက်ဖတ်ဖြစ်သည်။

ခု နှယ်လေးက မူကြိုမှာ ဆရာမလုပ်ရင်း စာပေးစာယူတက်နေတယ်တဲ့။ အိမ်တွေမှာလည်း ကျူရှင်သဘောမျိုး လိုက်သင်ပေးတယ်။

သနားပါတယ်ကွာ၊ ငါစိတ်မကောင်းဘူး။ ဆက်မော်နဲ့သာရရင် ခုလိုပင်ပန်းရှာမှာ မဟုတ်ဘူး။ ဒါပေမဲ့... သူကတော့ ဆက်မော်အကြောင်း၊ မင်းအကြောင်း အိုလေ.....သူ့ယောကျ်ား အကြောင်း ဘာမှမပြောစေ မမေးစေချင်ဘူးတဲ့....

သူ့ဘဝမှာ အစောဆိုတဲ့ညီမလိုခင်တဲ့





သူငယ်ချင်းရယ် သမီးလေးရယ်ရှိတာ သင့်တင့်လျောက်ပတ်တဲ့ ပြည့်စုံမှုရှိပါတယ်တဲ့။

ပြီးပြည့်စုံခြင်းကိုတော့ မမျှော်လင့်သလို ရှိလာမှာလည်း မဟုတ်ဘူးတဲ့။

မင်းအားရင် လာလည်ဦးပေါ့ကွာ။

တို့မိသားစုလေးက နှယ်လေးတို့သားအမိကို တတ်နိုင်သရွေ့ စောင့်ရှောက်သွားမှာပါ။

သတိရလျက်
ဝေထွန်း

နှောင်ရဲ့ စာကိုအသေအချာခေါက်ကာ အပေါ်ထပ်သို့ တက်ခဲ့သည်။ မေမေက ဘုရားခန်းမှာ တရားစာအုပ်ဖတ်ရင်း အိပ်ပျော်နေသည်လား၊ ပြတင်းပေါက်မှ ခြံထဲလှမ်းကြည့်မိသောအခါ နှယ်လေးရောက်စက မြောင်းဘောင်ဖော်၊ သီးပင်စိုက်ခဲ့တာ၊ မိုးရွာတုန်း မိုးရေထဲထိုင်ပြီး စိတ်ပျက်အားငယ်စွာ အဝေးငေးနေခဲ့တာ မြင်ယောင်မိ၏။

သူ ဘာဖြစ်လို့များ နှယ်လေးအပေါ်မှာ အထက်စီးနင်းဆက်ဆံမိတာပါလိမ့်။ တကယ်တမ်းကျတော့ နှယ်လေးဟာ ကြင်နာမြတ်နိုးစရာမိန်းမလှလေးပါ။ သိမ်မွေ့ခြင်းနှင့်အတူ မာနတရားတွေ၊ မခံချင်စိတ်တွေရှိနေသလို ဟန်ဆောင်ခြင်းနှင့်အတူ ရိုးသားမှုတွေလည်း ရှိနေပါတယ်ကွာ။

ကိုကြီးတို့အိမ်ကထွက်သွားတဲ့မနက်ကစလို့ နေ့စဉ်ရက်ဆက် အချိန်ရတိုင်း နွယ်လေးသွားတတ်မယ့်နေရာ ရှိတတ်မယ့်နေရာတွေကို ခြေရာထပ် နံ့စပ်အောင်ရှာခဲ့တာပါကွာ။ ရှာခဲ့ပါတယ်။ အန်တီခိုင့်ဆီကိုလည်း ရှေ့မျက်နှာနောက်ထားပြီး အကျိုးအကြောင်းပြောပြမေးမှ ရင်ထဲကမျှော်လင့်ချက်တွေ တစ်စစီလွင့်ကုန်ရတာပါ။

"အန်တီခိုင့်ကို နွယ်လေးနဲ့ မောင်နီမင်းက ခွင့်တောင်းသွားကြတယ်။ သူတို့နှစ်ယောက်လက်ထပ်ကြမယ်တဲ့။ အဲဒါ မိခင်တစ်ယောက်လို အဒေါ်တစ်ယောက်လို ခွင့်တောင်းပါတယ်တဲ့"

ဘာမှပြန်မပြောနိုင်အောင် မောပန်းတင်းကြပ်စွာ ခံစားလိုက်ရတာလေ။ အဲဒီညနေကစလို့ ကိုကြီးမကြိုက်တဲ့ အရက်တွေကို မိုက်မဲစွာ မမူးမခြင်းသောက်နေမိတော့တာ။

မင်းကို နီမင်းက ပစ်သွားပြီပေါ့ဟုတ်လား။ မင်းဘယ်လိုပဲရက်စက်ထားခဲ့ပေမယ့် ကိုကြီးမှုစိတ်မနာနိုင်ဘဲ နွယ်လေးရယ်။

မင်းရှိတဲ့နေရာ လာတွေ့ပါရစေ။ မင်းအားငယ်နေမှာ မဟုတ်ပေမယ့် အားပေးနှစ်သိမ့်ချင်ပါတယ်။ နီမင်းကို မင်းဘယ်လိုပဲ ခွင့်လွှတ်သည်ဖြစ်စေ ကိုကြီးခွင့်မလွှတ်နိုင်ဘူး။ သူဟာ ကိုကြီးမြတ်နိုးတဲ့ပန်းပွင့်လေးကို ချေမွဖျက်ဆီးလွှင့်ပစ်တဲ့ကောင်။

အတွေးတွေ ရှုပ်ထွေးလျက် ဗီရိုထဲရှိအနွေးထည်ကို အလွယ်တကူဆွဲယူရင်း အောက်ထပ် ကားရှိရာ ထွက်ခဲ့၏။

ဆောင်းဦးလေက သုတ်ခနဲတိုးဝှေ့လိုက်ပြန်သဖြင့် စီး





ကရက်မီးညှိရန်ရွယ်ဆဲ မီးညွန့်လေး ငြိမ်းသွားသည်ကိုပင် သူစိတ်မရှည်ချင်တော့။ နှုတ်ခမ်းမှာညှပ်ထားဆဲစီးကရက်ကို ကားအပြင် တောက်ပစ်လိုက်သည်။

မီးရောင်စုံတွေမြင်နေရပြီမို့ ညဘက်လုံးလုံးရောက်ပြီပဲ။ မေမေ့ကိုမပြောဘဲ လာခဲ့မိပြီးမှ စိတ်ထဲမဖြောင့်သလိုပါ။ နွယ်လေးအဖြစ်ကို မေမေသိရင် အပြစ်တင်မှာလား၊ စိတ်မကောင်းလိုက်တာသားရယ်လို့ပဲ ညည်းမှာလား။

နီမင်းတို့အိမ်လမ်းထဲ ကားချိုးကွေ့ရင်း တွေ့ရင်ပြောရမည့်စကားတွေက များလွန်းတာမို့ ဘယ်ကစရမှန်းမသိဖြစ်နေသည့် ရင်ထဲကခံစားချက်တွေကို အတတ်နိုင်ဆုံးထိန်းထားလိုက်ရသည်။

လူခေါ်ခေါင်းလောင်းနှိပ်ကာ ဖွင့်ပေးလာသည့်တံခါးမှ တစ်ဆင့် တောက်လျှောက် ဧည့်ခန်းထဲဝင်လာသည့်နှောင်ရဲကို အိမ်ဖော်ကောင်မလေးက အံ့ဩစွာကြည့်ရင်း.....

"ထိုင်ပါဦးဦး...ဘယ်သူ့ကိုခေါ်ပေးရမှာလဲရှင့်"

"နီမင်းနဲ့တွေ့ချင်တယ်။ ရှိတယ်မဟုတ်လား"

"ရှိပါတယ်အစ်ကိုလေး။ ကျောင်းကပြန်လာတာ မကြာသေးဘူး။ ရေချိုးနေတယ်"

"စောင့်နေမယ်။ ပြီးရင်သာ ဒေါက်တာနှောင်ရဲက တွေ့ချင်လို့စောင့်နေတယ်သာ ပြောပေး...ဟုတ်လား"

ခေါင်းညိတ်ပြရင်း အနောက်ထဲဝင်သွားသည့် ကောင်မလေး ဘာပြောလိုက်သည်မသိ၊ အသက်ငါးဆယ်အရွယ် လူကြီး

တစ်ဦး သတင်းစာကိုင်ရင်း ထွက်လာသည်။

"သားနဲ့တွေ့ချင်လို့လား ခဏစောင့်ဦးကွာ။ သားက ရေချိုးတာ ကြာတတ်တယ်"

"ရပါတယ်ဦး။ ကျွန်တော်...နီမင်းသူငယ်ချင်းအစ်ကို ဒေါက်တာနောင်ရဲ့ပါ"

"တွေ့ရတာ ဝမ်းသာပါတယ်။ ဟော! သားတောင် ရေချိုးပြီးပြီလား....မြန်လိုက်တာ"

"ဧည့်သည်က တွေ့ချင်တယ်ဆိုလို့ဖေဖေ"

သူ့ကိုမြင်တော့ နီမင်းအံ့သြစွာတစ်ချက်ကြည့်ရင်း...

"အကြောင်းရှိလို့လားအစ်ကို"

"အေးကွာ, ညီလေးနဲ့စကားပြောစရာရှိလို့ အပြင်ခဏ လိုက်ခဲ့နိုင်မလား"

"ရတယ်လေ...ကျွန်တော်ကလည်း အစ်ကို့ကိုတွေ့ချင်နေတာ။ ဒါပေမဲ့ မတွေ့လည်း မတွေ့ချင်လို့"

ထောင်းခနဲထွက်သွားသည့်ဒေါသတွေမျိုသိပ်ရင်း...

"ကျေးဇူးတင်ပါတယ်ဦး။ ကျွန်တော်တို့ကို ခဏ အပြင်သွားခွင့်ပြုပါ"

"သွားကြပါကွယ်၊ မိုးမချုပ်စေနဲ့သား၊ မင်းမေမေ ဘုရားရှိခိုးပြီး မတွေ့ရင်...မေးနေလိမ့်မယ်"

နောင်ရဲ့ ရှေ့ကဦးဆောင်ရင်း ကားပေါ်တက်ခဲ့၏။ သူ့တစ်ဖက်ဘေးမှာ နီမင်းက, ရဲဝံ့စွာထိုင်ရင်း တံခါးကိုခပ်ဆတ်ဆတ်ပိတ်ပစ်သည်။





လူရှင်းနေသည့် စားသောက်ဆိုင်ရှေ့ ထိုးရပ်ရင်း အခန်းလွတ်ထဲဝင်ခဲ့၏။

"ဘာစားမလဲ...မှာလေ၊ ဘီယာသောက်မလား"

သူ့အမေးကို နီမင်းခေါင်းရမ်းပြရင်း....

"ထမင်းစားတော့မှာ၊ ဘီယာလည်းမသောက်ချင်ဘူး"

"ဒါဆို...ခေါက်ဆွဲတော့စားကွာ၊ စကားပြောစရာရှိတယ်"

အတတ်နိုင်ဆုံး ထိန်းထားပါလျက် စိတ်မရှည်စွာပြောဖြစ်သည်။

ခေါက်ဆွဲကြော်နှင့်ကိုကာကိုလာသံဘူး လာချတာ ရတ်တရက်မစားဖြစ်ဘဲ တိတ်ဆိတ်နေ၏။

"ကဲ...စားကွာ၊ စကားလည်းပြောကြရအောင်၊ အစက တော့ တွေ့တွေ့ခြင်း ပြောချင်တာတွေ ဒေါသတကြီးပြောပစ်ဖို့ စိတ်ကူးတယ်။ ဒါပေမဲ့...အစ်ကို့အတွက်ရော မင်းအတွက်ပါ မကောင်းဘူး။ ပြီးတော့ နွယ်လေးအတွက်လည်းပါတယ်"

"နွယ်လေး...ဟုတ်လား"

အံ့သြသလို မျက်ခုံးပင့်မေးရင်း လှောင်ပြုံးပြုံးလိုက်သလားလို့ထင်မိ၏။

"မင်း အခုဘာလုပ်နေသလဲ မောင်နီမင်း"

"ကျွန်တော်...ကျောင်းတက်နေတယ် အစ်ကိုနောင်ရဲ့။ မာစတာတက်နေတာပါ"

ဘာပြောချင်သလဲ သိချင်စိတ်ကိုမျိုသိပ်ရင်း နီမင်း အေး

ဆေးစွာ ပြန်ဖြေဖြစ်၏။ ပြီးတော့ အငွေ့တထောင်းထောင်းထနေသည့်ခေါက်ဆွဲကြော်ပန်းကန်ကို ထိုးဆွမွှေနေမိသည်။

"မင်းက ယောကျာ်းလေး၊ မိဘစုံနဲ့သိပ်အေးချမ်းတဲ့ဘဝ ပညာလည်း ဆက်သင်နိုင်တယ်။ ဒီမှာမောင်နီမင်း... မင်း, နွယ်လေးကို...နွယ်လေးကိုသိပ်ရက်စက်တယ်ကွာ...တောက်! "

ထိန်းသိမ်းထားပါလျက် တောက်ခေါက်ရင်းနှင့် ဒေါသတကြီးပြောမိ၏။

"ဗျာ! ကျွန်တော်က နွယ်လေးကိုရက်စက်တယ် ဟုတ်လားအစ်ကို"

"ဟိတ်ကောင်လေး...တော်ကွာ၊ မခန့်လေးစားပြန်မေးမနေနဲ့။ ငါဆွဲထိုးမိလိမ့်မယ်"

နှစ်ယောက်စလုံး တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ရင်း ပြောစရာစကားရှာနေသည့်အလား တိတ်ဆိတ်သွားသည်။ အတန်ကြာမှ...

"ကျွန်တော်က အငယ်ပါအစ်ကို၊ ကျွန်တော့်မှာအပြစ်ရှိရင် ထောက်ပြပြီး ဆုံးမနိုင်ပါတယ်။ အစ်ကိုကျေနပ်သည်ထိထိုးပစ်ပါအစ်ကို။ ကဲ....ကျွန်တော့်အပြစ်ကိုပြော"

"မင်း...နွယ်လေးကို တစ်ရပ်တစ်ရွာမှာ ကလေးတစ်ယောက်နဲ့ပစ်ထားခဲ့တာလေ။ မမေ့လိုက်နဲ့မောင်နီမင်း။ မင်းကို ငါခွင့်မလွှတ်ဘူး...ခွင့်မလွှတ်နိုင်ဘူးကွ"

လက်သီးတွေကို ကျစ်ကျစ်ပါဆုပ်ရင်းက နှုတ်ခမ်းတွေ သွေးချေဥမတတ် ကိုက်ထားမိ၏။ စိတ်ရှိလက်ရှိ ဆွဲထိုးပစ်လိုက်





ရရင်... ငါကွာ...သူ့သားကို ဖခင်ထံက ခွင့်တောင်းခေါ်လာခဲ့တာ လူကြီးတစ်ယောက်မပီသမှာစိုးလို့သာပေါ့။

"ဪ, ကျွန်တော်က နွယ်လေးကိုကလေးတစ်ယောက်နဲ့ပစ်ထားခဲ့တယ်။ ဟုတ်ရဲ့လားအစ်ကို"

"ဟုတ်တယ်...ဟုတ်တယ် ကလေးတစ်ယောက်နဲ့။ ဟာကွာ...မင်းဘာဖြစ်လို့ ဒီမေးခွန်းကို ထပ်တလဲလဲမေးနေရတာလဲ။ စိတ်မတိုပါရစေနဲ့ကွာ...တောက်! "

"အစ်ကိုဘယ်လိုခံစားနေရသလဲဆိုတာ ကျွန်တော်သိပါတယ်။ တစ်ချိန်တုန်းက ကျွန်တော်လည်း ဒီလိုခံစားခဲ့ရတာပါ။ တကယ်တော့ နွယ်လေးက ကျွန်တော့်သူငယ်ချင်း...ကျွန်တော် တဖက်သက်ချစ်ခဲ့ရတဲ့ ကျွန်တော့်ချစ်သူ"

ရီဝေလာသည့်မျက်ဝန်းတွေနှင့် တစ်ချက်ကြည့်ရင်း...

"ဒါပေမဲ့ ကျွန်တော် ပန်းလေးတစ်ပွင့်လို အရိပ်ကြည့်နေဆဲကြည့်နေတုန်း တစ်ကိုယ်ကောင်းဆန်တဲ့လူ ရက်စက်သူ အဲဒီလူကြီးက ကျွန်တော်မြတ်နိုးတန်ဖိုးထားတဲ့ပန်းလေးကိုချေမွဖျက်စီးပစ်ခဲ့တာ၊ ဖျက်စီးပစ်လိုက်တာ အရမ်းခံစားရတယ်ဗျာ"

"မင်းပြောတာတွေ နားမလည်ဘူး၊ နွယ်လေးဟာ မင်းနဲ့မပတ်သက်ဘူး...ဟုတ်လား"

"ဟုတ်တယ် နွယ်လေးဟာ ကျွန်တော်နဲ့ဘာမှမဆိုင်ဘူး။ နွယ်လေးနဲ့ဆိုင်တာ နွယ်လေးအတွက် တာဝန်ရှိတာ ခင်ဗျားပဲ ဦးနောင်ရဲ"

"ဘာပြောတယ်"

လက်ညှိုးထိုးရင်း ဒေါသတကြီးအော်ပစ်ပြီးမှ စိတ်လျှော့စွာ ခေါင်းရမ်းနေမိ၏။ ပြီးခဲ့တာတွေ ပြီးခဲ့ပေမယ့် ပြန်ပြောရင် မနေ့တစ်နေ့ကလိုပါပဲကွာ။

သူ့ကို အံ့ဩစွာ မယုံနိုင်စွာကြည့်ရင်း တုန်လှုပ်သွားတဲ့ အမူအရာတွေ မထိန်းသိမ်းနိုင်ဘဲ သူ့လက်မောင်းတွေကို တင်းကြပ်စွာဆုပ်ကိုင်လာသည့် ဒေါက်တာနောင်ရဲ့ကို ခွင့်လွှတ်နိုင်အောင် ကြိုးစားဆဲပါ။

"ဘယ်လိုပြောလိုက်တာလဲ ညီလေး...အစ်ကိုနားရှင်းအောင်ပြောပြပါလားကွာ။ အစ်ကိုဟာ နွယ်လေးအပေါ်မှာ ရက်စက်ခဲ့တယ်၊ အနိုင်ယူခဲ့တယ်...ဟုတ်လား"

ခေါင်းညိတ်ပြရင်း"ဟုတ်တယ်"ဟု တိုးတိုးလေးဖြေဖြစ်သည်။ ပွယောင်းနေသည့်ဆံပင်တွေကို လက်နှင့်သပ်တင်ရင်း သက်ပြင်းရှိုက်ကာ....

"အစ်ကိုမသိဘူးပေါ့ဗျာ၊ အစ်ကိုစေ့စပ်တဲ့နေ့ ညနေပိုင်း သူငယ်ချင်းနှုတ်ဆက်ပွဲမှာ အရက်တွေ အရမ်းသောက်လာတာလေ။ အစ်ကို့ဘက်ကကြည့်တော့ နွယ်လေးကိုချစ်တာ လက်ထပ်ချင်တာ၊ ရယူပိုင်ဆိုင်လိုမှုပေါ့။ ဒါပေမဲ့ နွယ်လေးဘက်ကကြည့်တော့ အနိုင်ယူမှု၊ ရက်စက်မှုပါ...အစ်ကို။ နွယ်လေးဟာ အစ်ကို့ကိုစိတ်နာသွားတယ်"

"စိတ်နာသွားတယ်.....စိတ်နာသွားတယ်"ဟု နောင်ရဲ့ အထပ်ထပ်ရေရွတ်ရင်း အတိုင်းအဆမဲ့ ရင်ခုန်လာ၏။ ဘယ်လိုမှ ခွင့်မလွှတ်နိုင်ဘူးလား ကလေးရယ်။





ရက်စက်တဲ့ငါ၊ အနိုင်ကျင့်တဲ့ငါ၊ တာဝန်မဲ့တဲ့ငါ။ ငါ့ကို ခွင့်မလွှတ်တာ တရားတယ် ....တရားတယ်။

ရုတ်တရက်ထိုင်ခုံမှထကာ ဆိုင်အုတ်နံရံကို လက်သီးနှင့် အချက်ပေါင်းများစွာ ထိုးပစ်မိ၏။ နီမင်း အံ့ဩတကြီးကြောင်ကြည့်နေရာမှ လက်တွေကိုဆုပ်ကိုင်တားဆီးလိုက်၏။

"ဒီလောက်ကြီး ခံစားရမယ်မှန်းသိရင် ကျွန်တော်အလွန်အကျွံမပြောပါဘူးအစ်ကို....ကျွန်တော်တို့ နွယ်လေးအတွက် အကောင်းဆုံးဖြစ်အောင် ဖန်တီးပေးရအောင်ပါ။ လာ...အစ်ကို ခဏထိုင်ကြတာပေါ့"

အေးစက်နေတဲ့ခေါက်ဆွဲပန်းကန်ကို စားပွဲထိုး သိမ်းခိုင်းရင်း အအေးဘူးဖောက်ကာ...

"သောက်လိုက်ဦးအစ်ကို။ စိတ်လည်း ငြိမ်အောင်ထားလိုက်ပါဗျာ"

"နွယ်လေး ကိုယ့်ကို စိတ်နာသင့်တယ်။ မုန်းသင့်တယ် ညီလေး...ကိုယ့်အပြစ် ကိုယ်တောင် ခွင့်မလွှတ်ချင်ဘူး။ ဒါပေမဲ့ ကိုယ့်ကို အထီးကျန်ဘဝ တစ်ယောက်တည်းထားပစ်ခဲ့တာ သမီးလေးနဲ့ တစ်သက်လုံးဝေးသွားစေခဲ့တာတော့ မဖြစ်သင့်ဘူးပေါ့ ညီလေး"

"အင်းလေ...ဒါက အစ်ကို့ဘက်က အတွေးပဲလေ။ နွယ်လေးဘက်ကခံစားမယ်ဆိုတော့လည်း အစ်ကို့မေမေက သူနဲ့ အစ်ကိုချစ်နေမှန်းရိပ်မိနေတာတောင် ရတနာနဲ့စေ့စပ်ဖို့ တိုက်တွန်းခိုင်းခဲ့တယ်။ ပြီးတော့ ရတနာနဲ့စေ့စပ်ပြီးမှ သူ့ကိုအနိုင်ယူသလို

ဖြစ်ခဲ့တာတွေလေ၊ သူဘယ်လိုမှဖြေသိမ့်မရဘူးတဲ့...အစ်ကို"

နာကျင်ခြင်းက ရင်မှာအနှံ့။ ပင့်သက်ကို ခဲယဉ်းစွာရှိုက်ယူရင်း စားပွဲပေါ်ရှိ ပန်းခက်လေးများကိုသာ အဓိပ္ပာယ်မဲ့ငေးနေမိ၏။

"ခုချိန်မှာ အစ်ကို နွယ်လေးကို ဖွတ်သွားတွေ့မယ်ဆိုရင် ဓားနဲ့မထိုးလောက်ပါဘူးကွာ...နော်။ အေးလေ...နောက်ဆုံးသတ်ပစ်ရင်လည်း အစ်ကိုကျေနပ်တယ်၊ ခံရဲတယ် နွယ်လေးရှိရာ သွားဖို့ဆုံးဖြတ်လိုက်ပြီ"

နေရာမှထရင်း ငွေရှင်းဖို့စားပွဲထိုးလေးကို လက်ယပ်ခေါ်လိုက်သည်။ နီမင်းရင်မှာ နာကျင်ဆဲပေမယ့် ကြည်နူးကျေနပ်နိုင်စရာရှိလာပြီပဲ။

"ကျွန်တော်အကြံပေးပါရစေ။ နွယ်လေးကို ဒဲ့ဒိုးကြီးဖွင့်မေးဖို့ ရုတ်တရက်ကြီး အကြမ်းဖက် ဖွတ်တိုးဖို့ မကြိုးစားပါနဲ့ဗျာ။ သူက တစ်ခါတစ်ခါ ဘာမှမဟုတ်ဘဲ ခေါင်းသိပ်မာတယ်။ သူ့စိတ်ရင်းကတော့ သိမ်မွေ့ပါတယ်။ အစ်ကိုခဏခဏလာရှာတာ သူသိတယ်။ ဒါကြောင့်သံသရာ ဆက်ရှည်မှာစိုးတယ်ဆိုပြီး ကျွန်တော်နဲ့လက်ထပ်မယ်လို့ သူ့အန်တီခိုင်ကိုပြောခဲ့တာ။ ဒီနေ့ထိ အန်တီခိုင်လည်း အဖြစ်မှန်မသိသေးဘူး"

"ဒါဆို ကိုယ်ဘာလုပ်ရမှာလဲညီလေး" အားလျော့စွာမေးပြီးကာမှ နီမင်းကို ကျေးဇူးတင်သင့်တယ်ဆိုတာ သဘောပေါက်သည်။

"ဒီဇာတ်လမ်းကို သူ့သူငယ်ချင်းမစောထွေးလည်း သိ





တယ်။ သမီးနာမည်ကို ရဲရဲနွယ်လို့ မှည့်ထားတာ၊ မွေးစာရင်းမှာလည်း အဖေနာမည် ဦးနှောင်ရဲလို့ သွင်းထားတယ်"

နွယ်လေးရယ်၊ ဒီတစ်ခုတော့ မင်းကိုသိပ်ကျေးဇူးတင်ပါတယ်ကွာ။ မွေးစာရင်းမှာသာ ကိုယ့်နာမည်အမှန် မရေးခဲ့ရင် ကိုကြီးဘယ်လိုမှဖြေသိမ့်ရမှာမဟုတ်ဘူး။ စားသောက်ဆိုင်ထဲကနှစ်ယောက်သားထွက်လာတော့ နှစ်ဦးစလုံး နားလည်စွာ လက်ဆွဲနှစ်သိမ့်ရင်း နီမင်းအိမ် အရင်ပို့ဖြစ်သည်။

"နွယ်လေးက အစ်ကို့ကိုတွေ့ရင်...အရင်ကလို ခင်မင်မှုတော့ရှိမှာပါ။ သူမရိုင်းပါဘူး။ နောက်ပိုင်းအစ်ကို့သမီးမွေးစာရင်းကို ရအောင်ကြိုးစား၊ ကဲ...အစ်ကို ကျွန်တော်ဆင်းတော့မယ် အစ်ကိုနဲ့နွယ်လေးတို့မိသားစု သာယာချမ်းမြေ့စွာနဲ့ အသက်ထက်ဆုံး ချစ်ခင်သွားနိုင်ပါစေလို့ဆုတောင်းပေးပါတယ်"

"ကျေးဇူးသိပ်တင်တယ် ညီလေး၊ အထင်လွဲပြောဆိုမိတာ ခွင့်လွှတ်ပါကွာနော်"

လက်ပြနှုတ်ဆက်ပြီး ကားကို အိမ်ဘက်ဦးတည်ခဲ့၏။ ရင်ထဲမှာ ကျေနပ်ကြည်နူးမှုတွေ၊ ဝမ်းနည်းအားနာမှုတွေ၊ ချစ်ခင်မြတ်နိုးမှုတွေနှင့်အတူ လွမ်းတခြင်းက မျိုသိပ်ထားခဲ့တဲ့ကာလတွေအတွက် အတိုးချလို့ခံစားရ၏။

သိပ်ချစ်စရာကောင်းတဲ့သမီးလေးနာမည်က "ရဲရဲနွယ်"တဲ့။ ဖေဖေကောလို့မမေးတတ်သေးဘူးလားသမီးရယ်။ အင်းလေ...နွယ်လေးက သမီးကို သူနဲ့အန်တီစောတို့နှစ်ယောက်ဘဝထဲမှာပဲ ထားခဲ့တာဆိုတော့ ဖေဖေဆိုတာ ရှိသင့်တယ်လို့ သမီး

လေး နားလည်ပါဦးမလား။

'ဒီမှာ သမီးဖေဖေ'လို့ ပြောလာမယ့်နွယ်လေးစကားကို ကိုကြီးမျှော်လင့်နေတယ်။ "ဖေဖေ"လို့ သမီးလေးကခေါ်လိုက်ရင် ကိုကြီးခံစားရမယ့်ပျော်ရွှင်မှုကို ဘာနဲ့နှိုင်းပြရမှာလဲ နွယ်လေးရယ်။

အတွေးဆုံးတာနှင့် ကားက အိမ်ရှေ့ရောက်ပြီဆိုတာ သတိထားမိသည်။ မေမေက မီးဖွင့်လို့ ဆင်ဝင်အောက်ကကြိုနေသည်မို့ ကားဂိုဒေါင်ထဲအမြန်သွင်းလိုက်သည်။

"မေမေ ကျွန်တော့်ကိုစောင့်နေတာလား။ အိပ်ပျော်နေတာနဲ့ ဘာမှမပြောခဲ့တာပါ"

သားအမိနှစ်ယောက် တိုက်ထဲအတူဝင်ကြရင်း...

"သားက ကလေးမဟုတ်မှန်းသိပေမယ့် မေမေ့စိတ်ထဲမှာတော့ ငယ်ငယ်လေးပဲထင်နေတာ။ စိတ်ပူတယ်လေ"

"သားကိုခွင့်လွှတ်ပါမေမေ... အရေးကြီးတဲ့ကိစ္စတစ်ခုကြောင့် ထွက်သွားတာပါ။ မေမေထိုင်ပါဦး...မေမေ့ကိုစကားပြောစရာရှိတယ်၊ သတင်းထူး...မေမေ"

"သတင်းထူး...ဟုတ်လားသား၊ ဘာလဲပြောစမ်းပါဦး။ ကြားရအောင်"

သူ့ကို ကလေးတစ်ယောက်လိုပြုံးကြည့်ရင်း မေးလာသည့်မေမေ့ကို ရှက်သလိုရှိသည်မို့ ဆံပင်တွေကိုမလိုအပ်ဘဲ ဆွဲဖွနေမိ၏။

"မေမေ...သားတို့ နွယ်လေးကို နေရာအနှံ့ရှာခဲ့ဖူးတယ်





နော်၊ ပြီးတော့ နွယ်လေးထွက်သွားတာ သုံးနှစ်ကျော် လေးနှစ်ထဲ ရောက်ပြီ"

"အင်းပေါ့သား... မေမေလည်း ဘယ်စိတ်ကောင်းမလဲကွယ်။ သူဟာ မေမေ့အပေါ်မှာ သိပ်ကိုသစ္စာရှိရှာပါတယ်။ မေမေသဘောမတူတဲ့အလုပ်တစ်ခုကို မိန်းကလေးမာနနဲ့စွန့်လွှတ်သွားခဲ့တာပဲ"

"ဟုတ်တယ်မေမေ၊ မခံချင်တဲ့မိန်းကလေးမာနနဲ့ စွန့်ခွာသွားသလို နာကြည်းမှုတွေနဲ့လည်း သူ့ဘဝကို သူတစ်ယောက်တည်း ရုန်းကန်နေရရှာတယ်။ ဒါပေမဲ့...သူတစ်ယောက်တည်းမဟုတ်ဘူး။ သူ့မှာ သမီးလေးနဲ့"

"ဟင်! သမီးလေးနဲ့ဟုတ်လား။ သူအိမ်ထောင်ကျပြီပေါ့၊ သူ့ကောင်လေးက ဘယ်မှာလဲ၊ အတူမနေကြဘူးလား"

"သူ့မှာ သမီးလေးရှိမှန်း...သူ့အမျိုးသားက သိတောင်မသိဘူး၊ နွယ်လေးက နာကြည်းစိတ်နဲ့ အသိလည်းမပေးဘူး၊ အဆက်အသွယ်လည်းမလုပ်ဘူး၊ ကလေးကိုလည်း ခုထိ အဖေဘယ်သူလဲလို့ပြောပြပုံမရဘူး။ မေမေ...အဲဒီနွယ်လေးယောကျ်ား နွယ်လေးသိပ်စိတ်နာနေတဲ့လူဟာ ကျွန်...ကျွန်တော်ပါမေမေ"

"ဟင်....သား၊ ဖြစ်ရလေသားရယ်"

ရင်ထဲမှာ မချိတင်ကဲစွာ မေမေ့ရင်ခွင်ထဲ ခေါင်းတိုးဝင်လျက် ဖြေသိမ့်မှုကိုရှာမိ၏။ စိုစွတ်လာတဲ့မျက်ရည်စတွေကြောင့် ယောကျ်ားမဟုတ်ဘူးလို့ အပြစ်တင်ကြမလား။

တကယ်တော့ ယောကျ်ားမှာလည်း အသည်းနှင့် ခံစား

ချက်တွေ ရှိပါတယ်။ ဝမ်းနည်းကြေကွဲတတ်ပါတယ်။ နွယ်လေးကို သိပ်ချစ်တယ်လို့သိရတဲ့အချိန်မှာ မင်းကအဝေးရောက်သွားပြီ။

မင်းမှာ မာနတွေရှိမှန်းသိပေမယ့် တစ်ခါတစ်ရံတော့ အားငယ်မိမှာပါ။ မင်းနဲ့သမီးလေး ဆင်းရဲကြပ်တည်းမှု မရှိပေမယ့် ပိုပြီးပြည့်စုံတဲ့ဘဝမှာ ရှိစေချင်ပါတယ်။

"မေမေ...ကျွန်တော်လိုက်သွားမယ်နော်"

"အေး...အေး...သား လိုက်သွားသင့်တာပေါ့။ မေမေ့ကို ခွင့်လွှတ်ဖို့ တောင်းပန်လိုက်ပါသားရယ်။ သားတို့မိသားစု တစ်ကွဲတစ်ပြားဖြစ်ရတာ မေမေတရားခံပါ...သား"

"မဟုတ်ဘူးမေမေ ကျွန်တော့်အပြစ်၊ ကျွန်တော်တစ်ကိုယ်ကောင်းဆန်သလိုဖြစ်လို့ နွယ်လေးနာကြည်းသွားတာ။ မနက်အစော...သွားမယ်နော်။ အိမ်ကိုစိတ်ချရအောင် ဆေးရုံကဦးဘအေး ခေါ်ထားခဲ့မယ်"

"စိတ်ချသွား...မေမေအဆင်ပြေအောင် စီစဉ်ထားမယ်။ သားတို့မိသားစုပျော်ရွှင်မှုအပေါင်းနဲ့ ပြန်လည်ဆုံတွေ့နိုင်ပါစေလို့ ဆုတောင်းပါတယ်သားရယ်"

▣▣▣



# အခန်း (၄)

ချွေလို့ကြွေခဲ့ရတဲ့နှလုံးသားတွေ..... ဒီနှလုံးသားတွေက နာကျင်မှုတွေနဲ့အတူ တမ်းတကြေကွဲခြင်းတွေ၊ မျှော်လင့်လွမ်းခြင်းတွေ ရှိနေတယ်ဆိုတာ နွယ်လေးငြင်းချင်ပေမယ့် ငြင်းမရပါဘူး ကိုကြီးရယ်။

မကြာခင်ကာလမှာ သမီးကိုကျောင်းအပ်ရတော့မယ်၊ သမီးလေးရဲ့ဖေဖေနာမည် စာရင်းသွင်းရတော့မယ်။ သမီးလေးက သိတတ်နားလည်လို့ အသိကြွယ်လာပြီး...သမီးဖေဖေကောလို့မေးရင် နွယ်လေးဘယ်လိုဖြေရမှာလဲကိုကြီးရယ်....ရက်စက်နာကြည်းမှုတွေနဲ့ သေပြီလို့ဖြေလိုက်ရင်လည်း တစ်သက်တာလုံးဖခင်မဲ့သမီးအဖြစ်နဲ့ အားငယ်နေရှာမှာပါ။

နွယ်လေးရဲ့မာနတရားတွေက နွယ်လေးနှလုံးသားကို ကျားကန်ပေးထားပေမယ့် နုနယ်လှတဲ့သမီးနှလုံးသားအတွက် တော့ အဆိပ်အတောက်ဖြစ်စေတော့မှာပါ။ ကိုကြီးဘဝ၊ ကိုကြီး အိမ်ထောင်ကို သာယာစေချင်ပါတယ်။ ဒါပေမဲ့ နွယ်လေးသမီး လေးအတွက် ဘယ်လိုစဉ်းစားရမလဲကိုကြီးရယ်။

နွယ်လေးမျက်ရည်တွေ တားဆီးမရသလို အသံထွက် ရှိုက်ငိုမိ၏။ မျိုသိပ်ခံစားရတာ ကြာခဲ့ပြီပဲ။ ကိုမော်တို့ ကိုကြီးတို့ သူငယ်ချင်းကိုတွေ့တော့ ဝမ်းနည်းကြေကွဲလိုက်ရတာကွယ်။

ဘယ်လိုပဲအားတင်းထားပေမယ့် နှလုံးသားနုနုရဲ့ဒဏ် ရာတွေက အသားမကျသေးဘူးလေ။

"မေမေနွယ်....မေမေနွယ်ရေ သမီးငယ်လေးပြန်လာပြီ။ ဦးဦးလိုက်ပို့တယ်၊ ဦးဦးနောက်တစ်ယောက် ထွက်ခဲ့ပါဦး။ မေမေ နွယ်...ဟင်...မေမေနွယ်ငိုနေတယ်။ ဘာဖြစ်လို့လဲ နေမကောင်း လို့လား"

နွယ်လေးမျက်နှာကိုပွတ်သပ်ရင်း မေးလာသည့်မီးငယ် လေးကိုပြုံးပြရင်း "အင်း...နေမကောင်းလို့ပေါ့ မီးငယ်"ဟု ဖြေ လိုက်မိ၏။

"ကဲ...ဘယ်ကဧည့်သည်လဲသမီးငယ်၊ ခုတလော သမီး ငယ်မှာ မိတ်ဆွေတွေ အရမ်းပေါလာပါလား...ပြောစမ်း! ဘယ် မှာလဲ"

"လာမေမေနွယ်၊ ဧည့်ခန်းထဲမှာ ဟို....ကိုကိုတို့အိမ်မှာ အဲဒီဦးငယ်နဲ့တွေ့တာ မေမေနွယ်ရဲ့။ သူက သမီးကိုသိပ်ချစ်ဖို့





ကောင်းတဲ့သမီးလေးဆိုပြီး နမ်းတယ်၊ ပြီးတော့ မုန့်တွေလည်း ကျွေးတယ်၊ မီးငယ်အတွက် အရုပ်တွေရော အဝတ်လှလှလေး တွေကော ဝယ်လာသေးတယ်တဲ့"

"ဟင်! "

ထူးဆန်းအံ့သြစွာ သမီးငယ်လက်ဆွဲရင်း ဧည့်ခန်းဘက် ထွက်ခဲ့၏။ တံခါးဝကျောပေးရင်း ပြတင်းတံခါးမှ အပြင်ငေးနေ သည့်လူကို နောက်ကျောက လှမ်းမြင်မိလိုက်သည်နှင့် ရင်တွေ တထိတ်ထိတ်ခုန်လာသည်။

မျက်ဝန်းခြင်းဆုံရင် ဘယ်လိုရင်ဆိုင်မလဲ၊ မျက်ရည်ဝဲ တာ သူမမြင်ရအောင် ခေါင်းငုံ့ထားပါရစေ...ခေါင်းငုံ့နေပါရစေ ကိုကြီးရယ်။

"နွယ်လေး"

"-----"

"ကမ္ဘာမြေကြီးဟာ ဘယ်လောက်ပဲကျယ်ကျယ် ပျောက် သောသူ ရှာရင်တွေ့တယ်တဲ့။ ခု နွယ်လေးကိုတွေ့ပြီနော်"

"ကျေးဇူးပြုပြီး အတိတ်ကိုတူးဆွဲဖို့ မကြိုးစားပါနဲ့ကို ကြီး။ ခု ဒီကိုဘယ်လိုလုပ်ရောက်လာတာလဲ၊ အဲဒါပဲသိချင်တာ"

"သူငယ်ချင်းဆီလာလည်ရင်း နွယ်လေး ဒီမှာရှိတယ် ပြောလို့။ ပြီးတော့ နွယ်လေးသမီးလေးနဲ့တွေ့တယ်....သမီးလေး က သိပ်ချစ်ဖို့ကောင်းတာပဲနော်"

"ကိုကြီးအမျိုးသမီး မပါဘူးလား။ ကလေးကော ဘယ် နှယောက်တောင်ရှိနေပြီလဲ"

"ကလေးက တစ်ယောက်တည်း၊ သမီးလေး...။ အမျိုးသမီးနဲ့တော့ ကွဲနေတာကြာပြီ"

"ဟင်! "

စိတ်မကောင်းသလို နာကျင်ခံပြင်းမှုကြောင့် မျက်ဝန်းတွေလက်ခနဲဖြစ်သွား၏။ သူ့အိမ်ထောင်ကွဲတာနဲ့ ငါ့ကိုလာပတ်သက်ချင်တာမျိုး လုံးဝလက်ခံမှာမဟုတ်ဘူးနော်။

"နွယ်လေး...အမျိုး...အမျိုးသားကော"

"သေပြီ"

"ဟာကွာ"

စိတ်မကောင်းစွာညည်းလိုက်ရင်း ခေါင်းရမ်းနေမိ၏။ ဒီအခြေအနေမျိုးမှာ ရှေ့ဆက်ဖို့လမ်းရှိပါဦးမည်လား။

"ကိုကြီးမပြန်သေးဘူး။ တစ်ပတ်ခွင့်တင်ခဲ့တာ၊ မပြန်ခင် သမီးလေးနဲ့အတူ လျှောက်လည်ပါရစေ။ ပြီးတော့ နွယ်လေးအိမ်လည်း လာခွင့်ပြုနော်"

"နွယ်လေးအိမ်ကိုတော့ လာခွင့်ပြုပါတယ်။ တစ်ချိန်က ကိုကြီးတို့အိမ်မှာလည်း နွယ်လေးအရိပ်ခိုဖူးတာပဲ"

"အဲဒါတွေမဆိုင်ဘူး။ ခုခွင့်တောင်းတာ သပ်သပ်တစ်မျိုး"

"ဒါပေမဲ့ မီးငယ်လေးကို သိပ်ဆံယောဇဉ်မပေးပါနဲ့ ကိုကြီး။ သူ့ဘဝမှာ...အစက နွယ်လေးနဲ့ စောပဲရှိတာ။ နောက်ပိုင်း ဒေါက်တာဝေထွန်းတို့မိသားစုနဲ့ ရင်းရင်းနှီးနှီး သံယောဇဉ်ဖြစ်နေတယ်။ ထားပါတော့လေ....ခုကိုကြီးနဲ့သံယောဇဉ်ဖြစ်သွား





ပြီ။ ကိုကြီးပြန်သွားတဲ့အချိန် သူခံစားတတ်လွမ်းတတ်နေမှာ... နွယ်လေးကိုဝေဒနာပေးပြီးပြီ။ ကျေနပ်ပါနော်...သမီးလေးကို ဝေဒနာတွေမပေးပါနဲ့တော့....တောင်းပန်ပါရစေ"

"နွယ်လေးရယ် မင်းသိပ်ပြောတတ်တယ်။ ဒီလောက်ထိ ကိုကြီးကို နာကြည်းမုန်းတီးမနေသင့်ပါဘူး။ ကိုကြီးဟာ မင်းအတွက် အနှောင့်အယှက်ဖြစ်နေမယ်ဆိုရင် ပြန်ပါမယ်။ သမီးလေး ဦးငယ်ပြန်မယ်နော်"

ကြေကွဲတုန်လှုပ်စွာပြောရင်း ဘေးမှာရပ်နေသည့်သမီးကိုပွေ့ယူနမ်းလိုက်စဉ် ရစ်ဝဲလာသောမျက်ရည်တွေ နွယ်လေးမြင်သွားသည့်မို့ ရှက်စိတ်နှင့် ချာခနဲလှည့်ထွက်ခဲ့၏။

"ဦးငယ်...မီးမီးလိုက်ပို့မယ်....နေပါဦး.. မီးမီးလိုက်ပို့မယ်"

ပြေးသွားသည့်သမီးကို တားချိန်မရလိုက်၊ ပွေ့ချီလိုက်သည့်ကိုကြီးတို့နှစ်ဦးကို မျက်ရည်တွေကြားက ငေးကြည့်ရင်း အိပ်ခန်းထဲပြေးဝင်ခဲ့သည်။

သမီးလေးတွက် ကြေကွဲစရာကောင်းလိုက်တာကွယ်။ အဲဒါသမီးဖေဖေလို့ပြောခွင့်ရရင် ဘယ်လောက်ကောင်းလိုက်မလဲ။ သားအဖနှစ်ယောက် ချစ်ခင်ကြင်နာမှုတွေက အံ့ဩစရာမဟုတ်ဘူးလေ။ သွေးကတော့ စကားပြောတာ အစဉ်အလာပဲ။

ဒါပေမဲ့ ကိုကြီးရေ...အားလုံးကောင်းဖို့၊ စိတ်ချမ်းသာဖို့ နှလုံးသားတစ်ခု၊ ဘဝတစ်ခုလုံး ကြွေမွခံခဲ့ပြီးတဲ့နောက် အသိုက်အမြုံတစ်ခုကိုဖျက်ဖို့ဆိုတာ စဉ်းစားလိမ့်မယ်မဟုတ်ဘူးလေ။

ဘာပဲပြောပြော ကိုကြီးမှာ တရားဝင်ဇနီးနှင့်သမီးနှင့် မဟုတ်လား။ နွယ်လေးတို့သားအမိအတွက်တော့ သန်းခေါင်ထက်ညဥ့်နက်ဖို့ မရှိတော့ပါဘူး။ ဝေးနေတုန်းက.....တင်းထားတဲ့မာန....ဖြစ်တည်နေတဲ့နာကျင်မှုတွေဟာ....နှလုံးသားနှင့်ထပ်တူချစ်ရတဲ့ကိုကြီးကိုမြင်ရတဲ့အခါ မြူမှုန်လေးတွေလို ရွှေ့လျားပျောက်ကွယ်ကုန်ပြီကွာ။

တစ်ညလုံးထမင်းမစားဘဲ တွေးနေဆဲ မျက်ရည်ကျနေဆဲ။ နွယ်လေး ဘယ်လိုပဲတားတား.....သမီးငယ်က ကိုကြီးရှိရာ ခိုးသွားလျက်ပါပဲ။

ညတွေမှာ ခါတိုင်းလိုမအိပ်ဘဲ အစောကိုအရုပ်ကလေးတွေပြပြီး.....

"ဦးငယ်ဝယ်ပေးတာ လှလားဟင်။ မီးငယ်လေး ဦးငယ်ကိုသိပ်ချစ်တာပဲ"

"ညာတေးမလေး သူသိပ်ညာတတ်နေပြီ။ ကဲပြောစမ်း! ဦးငယ်နဲ့မေမေနွယ်ကို ဘယ်သူ့ပိုချစ်သလဲ"

"မေမေနွယ်ကိုပြန်မပြောနဲ့နော်၊ တိုးတိုးလေးပြောမယ် နှစ်ယောက်စလုံးအတူတူချစ်တယ်"

"ဟင်"

အံ့ဩနားလည်စွာ မော့ကြည့်လာသည့်စောကို မချိပြုံးပြုံးပြရင်း ထိုင်ရာမှထဖြစ်သည်။

သမီးလေးဖြေတာ သိပ်မှန်တယ်ကွယ်။ ဒါပေမဲ့ မဖြစ်နိုင်ဘူးဆိုတာ သမီးနားလည်အောင် ဘယ်လိုပြောရမလဲ။ ကြာရင် သမီးပိုခံစားရမှာပါ။





"နားထောင်စမ်းသမီး။ မနက်ဖြန်ကစပြီး အဲဒီဦးငယ်ဆီ မသွားရတော့ဘူး။ ခါတိုင်းလိုပဲ...အိမ်မှာတစ်ယောက်တည်း ကစားရမယ်။ ကြားလား...သမီး။ နားမထောင်ရင် မေမေနွယ် သမီးကိုထားပြီး အဝေးကြီးထွက်သွားမှာ"

"အီး...ဟီးဟီ...သမီးကိုမထားခဲ့ပါနဲ့...မထားခဲ့ပါနဲ့ မေမေနွယ်"

လည်ပင်းကိုဖက်ရင်း အားပါးတရအော်ငိုလိုက်စဉ် နွယ်လေးမျက်ရည်တွေလည်း တားစီးမရတော့။ သမီးကိုတင်းကြပ်စွာဖက်ရင်း အားပါးတရရှိုက်ငိုမိလိုက်ပါပြီ။

◙◙◙




## အခန်း (၅)

"စိတ်မကောင်းပါဘူး နှောင်ရဲ့ရာ။ မင်းတို့ချင်းပြေလည်အောင် ကြိုးစားပါဦး...ငါတို့က ကြားဝင်ရင် ပိုဆိုးကုန်မှာ"

ဆံပင်ထဲ လက်သွင်းဆွဲဖွကာ သက်ပြင်းရှိုက်ရင်း ကုလားထိုင်မှာ မှီထိုင်နေမိသည်။ ဘာပဲပြောပြော ကိုကြီးမှာ အပြစ်တွေ ခွင့်မလွှတ်စရာတွေရှိပါတယ်လေ။

ဒါတွေကိုကျေနပ်ကြေအေးအောင် ဘာလုပ်ပေးရမလဲ။ အသက်ပဲပေးရမှာလား၊ အသည်းနှလုံးပေးရမှာလား။ ခုလည်း ကိုကြီးအသည်းနှလုံးတွေ မင်းတို့ဆွဲနှုတ်ယူထားကြတာပါပဲကွာ။

သမီးလေးကို ဒီအိမ်ပေးမလာတော့ဘဲ အိမ်မှာပဲနေစေခဲ့တာ သံယောဇဉ်တွေပြတ်တောက်စေခဲ့တာလား။ မင်းဘယ်လိုပဲ

တားဆီးပိတ်ပင် အရှုံးပေးရမှာပါ နှယ်လေး။

စိတ်ညစ်ညစ်နှင့် မြို့ထဲအနှံ့ တစ်ယောက်တည်းလျှောက်သွားနေသော်လည်း သမီးအရွယ်ကလေးငယ်လေးတွေ မြင်တိုင်းရင်မှာအတိုင်းအဆမဲ့ နာကျင်စွာခံစားရ၏။

တကယ်ဆို အထီးကျန်ခြောက်သွေ့နေခဲ့သောဘဝမှာ သမီးနဲ့ဇနီးသာရှိလာလျှင် ပြည့်စုံခြင်းက သူ့အတွက် ဘာမှဆိုဖွယ်ရာရှိမည်မထင်။ ခွင့်စေတော့မည်၊ ဆေးရုံကိုသုံးရက်လောက်ခွင့်ပေးဖို့နှင့် မေမေ့ကိုစိတ်မပူဖို့ ဖုန်းဆက်ဖြစ်သည်။

အမေ့သားရဲ့ကျရှုံးခန်းတွေ အမေမသိတာ စိတ်ချမ်းသာမှာပါ။ သားတို့မိသားစု အမြန်ပြန်လာတော့တဲ့ နှယ်လေးရယ်။ ရက်စက်တယ်ဆိုရင်လည်း တစ်သက်တာလုံး ရက်စက်ထားမှာလား။ သူ ဒေါက်တာဝေထွန်းအိမ်ကို ပြန်ရောက်ရောက်ခြင်း မသန္တာအောင်က....

"အတော်ပဲ ကိုနောင်ရဲ့ရေ။ ရှင့်လူက မှာခဲ့တယ်...သမီးလေးအရမ်းဖျားနေလို့ နှယ်လေးတို့အိမ်သွားတယ်တဲ့။ လိုက်ချင်လိုက်ခဲ့ဖို့ မှာသွားတယ်"

ဟုတ်ကဲ့ဟု ပြန်မပြောနိုင်အောင် စိတ်လောတကြီး နှယ်လေးအိမ်ရှိရာ ထွက်ခဲ့၏။

ဝရန်တာမှာ ထွက်ရပ်ရင်း သူ့ကိုစောင့်နေသည့် ဒေါက်တာဝေထွန်းကိုမြင်တော့ စိုးရိမ်ကြီးသွားပြီး...

"သမီးလေးကော သက်သာလား...ဘယ်မှာလဲ"ဟု မရပ်မနားမေးမိ၏။





"ထိုင်ကွာ"

"ထိုင်တာ ထတာ အရေးမကြီးပါဘူး၊ ငါမေးတာဖြေစမ်းပါ"

"အေးပါကွာ မင်းကလည်းဖြည်းဖြည်းပေါ့။ အဲဒီလိုစိတ်တွေလွှတ်တတ်လို့ ခုလို နှယ်လေးနဲ့ကွဲနေတာ"

"ဟာကွာ...အရေးထဲ မင်းက ချွတ်နေပြန်ပြီ။ ကဲ! ပြောကွာ"

"သမီးအဖျားက တော်တော်ကြီးတာ ရေခဲတွေမပြတ်တင်ရတယ်။ ခုတော့ စိုးရိမ်ရတဲ့အခြေအနေမရှိတော့ပါဘူး။ ကလေးက မသိသေးပေမယ့် သွေးကတော့ စကားပြောနေပြီလေ။ မင်းကိုလွမ်းတာလည်းပါမှာပေါ့။ မနေ့ညက ဖျားတော့ "ဦးငယ်"လို့ ခဏခဏခေါ်တယ်တဲ့။ နှယ်လေးလည်း ငိုတာအရမ်းပဲ။ စိတ်တောင် မကောင်းပါဘူးကွာ"

"ခု နှယ်လေးကော...မမြင်ပါလား"

"တစ်ညလုံးပင်ပန်းထားတော့ ငါအိပ်ခိုင်းထားတယ်။ ငါပြောချင်တာ မင်းအတွက်အရေးကြီးတဲ့ကိစ္စ သမီးလေးကသိပ်စိတ်မချရသေးဘူး မင်းစောင့်ကြည့်ပေးလိုက်ဦး....ငါက ဂျူတီပြန်ဝင်ရမှာ....နှယ်လေးနားလည်အောင် ပြောပြထားမှာပေါ့"

"ကျေးဇူးသိပ်တင်ပါတယ် သူငယ်ချင်းရယ်။ မင်းအကူအညီတွေမမေ့ပါဘူး"

"ကျေးဇူးသိပ်တင်မနေနဲ့။ နှယ်လေးခုလိုဒုက္ခရောက်နေတာ ငါတို့ပယောဂမကင်းဘူး။ နှုတ်ဆက်ပွဲတုန်းက အရက်တွေ

အရမ်းတိုက်ခဲ့တဲ့အထဲ ငါတို့လည်းပါတယ်။ မင်းဒီလိုဆိုးမယ်မှန်း မသိလို့"

"ဟာကွာ...မင်းကလည်း တော်ပါတော့"

ရှက်တာရော အားနာတာပါရောရင်း ဝေထွန်းပါးစပ်ကို အတင်းပိတ်ပစ်လိုက်၏။

ဝေထွန်းမပြန်ခင် နွယ်လေးကို ဘာတွေတရားပြ၊ တရားချသွားမှန်းမသိပေမယ့် သူ့အပေါ်မှာ စိမ်းကားပြတ်တောက်စွာ မဆက်ဆံတာကိုပင် ဝမ်းသာနေရသည်။

သမီးလေးက အိပ်ရာနိုးနိုးခြင်း ပက်လက်ကုလားထိုင်ပေါ် ထိုင်နေသောသူ့ကို အံ့သြစွာငေးကြည့်နေတာမြင်တော့ နွယ်လေးဖျားတုန်းက စောင့်ပေးသည့်သူ့ကို ကြည့်နေသလိုထင်မိ၏။

သမီးလေးတို့သားအမိနေမကောင်းတိုင်း ခုလိုအနီးကပ်စောင့်ရှောက်နိုင်တဲ့ဘဝ ရလိုပါတယ်သမီးရယ်။

နိုးနေတဲ့သမီးလေးကို ကောက်ပွေ့ချီရင်း ပါးချင်းကပ်လိုက်တော့ အဖျားသွေးကြောင့် ပူရှိန်နေတာမို့ စိတ်အပြောင်းအလဲဖြစ်ရန် တံခါးပြတင်းမှာ သွားရပ်နေမိသည်။

"ဟင်" ရင်ထဲမှာကြေကွဲစွာ ရေရွတ်ရင်း နွယ်လေးနှင့် မစောဆီက မျက်လုံးမလွှဲမိ။ ဝမ်းနည်းကြေကွဲစွာ မစောရင်ခွင်မှာ သည်းသည်းထန်ထန်ငိုကြွေးနေခြင်းက သူ့အတွက်ကောင်းသော လက္ခဏာမှ ဟုတ်ပါရဲ့လား။

နွယ်လေးရယ်...ခွင့်ရက်စေ့ပြီ၊ ပြန်ရတော့မယ်ကွာ။





ကိုကြီးတစ်ယောက်တည်း အထီးကျန်စွာပြန်ရတော့မှာလား။ မရက်စက်ပါနဲ့၊ မကြေကွဲပါရစေနဲ့...နွယ်လေးခံစားရသမျှတွေ ကလဲ့စားချေနေတာဆိုရင်လည်းကျေနပ်ပါတယ်။ ကိုယ်မခံစားရဲတာမဟုတ်ဘူး။ သမီးလေးနဲ့မခွဲနိုင်တာ...သမီးလေးနဲ့မခွဲနိုင်တာပါ။

ညနေပိုင်း ထမင်းစားဝိုင်းမှာ နွယ်လေးက ဘာမှမဖြစ်သလိုပြင်ဆင်ပေးပြီး အစောပါ သုံးယောက်စလုံးဝိုင်းစားဖြစ်ကြသည်။

"သမီးအိပ်ရာကနိုးရင်စားဖို့...ဆန်ပြုတ် နွှေးထားပါဦး နွယ်လေး"

"ဟုတ်ကဲ့...အဆင်သင့်ပါပဲ။ နွယ်လေးတို့သားအမိကို ခုလိုပြုစုစောင့်ရှောက်ပေးတာ ကျေးဇူးတင်ပါတယ်ကိုကြီး။ ဖြစ်နိုင်ရင် နွယ်လေးတို့သားအမိက ဘယ်သူ့အကူအညီ အစောင့်အရှောက်မှမပါဘဲ ဘဝကိုရပ်တည်ချင်တာ"

နွယ်လေးရယ်လို့ မည်းမိရန်မြို့သိပ်ရင်း နွယ်လေးကို ခဏတာမျှ စူးစိုက်ကြည့်နေမိ၏။ စိုစွတ်နေသည့်မျက်ဝန်းတွေ မျက်လွှာချထားသည့် နွယ်လေးရင်ထဲကဝေဒနာတွေကို မြင်ပါတယ် ကောင်မလေးရယ်။ ကိုကြီးပြန်သွားရင် မင်းလေး ဒီလိုပဲ တင်းထားငိုနေမှာပါ။

"သန်ဘက်ခါဆို ပြန်ရတော့မယ်"

"ဟင်...ပြန်တော့မှာလား၊ နေဦးမယ်ဆို"

မနေနိုင်စွာ မစောက ဝင်ပြောရင်း....

"သမီးလေး လွမ်းကျန်ရစ်မှာ"

"အဲဒါကြောင့် အစကတည်းက နွယ်လေးတားနေတာပေါ့။ သမီးငယ်လေး အားငယ်ဝမ်းနည်းနေမှာ"

"ခွင့်ကစေ့နေပြီ...မပြန်မဖြစ်လို့ပါ။ ဖြစ်နိုင်ရင် သမီးလေးကိုအလည်ခေါ်သွားချင်တယ်"

"အို....ဘယ်ဖြစ်မှာလဲ။ မထည့်နိုင်ဘူး၊ မထည့်နိုင်ဘူး။ နွယ်လေး သေမှခေါ်....နွယ်လေးသေမှခေါ်သွား"

မထင်မှတ်ဘဲ ထိခိုက်ကြေကွဲစွာအော်ဟစ်ရင်း ထမင်းဝိုင်းမှ ထသွားသည့်နွယ်လေးကြောင့် သူဘာလုပ်ရမှန်းမသိ။

"ကျွန်တော့်ကိုခွင့်လွှတ်ပေးပါ မစောရယ်။ ကျွန်တော်လေ...သမီးလေးကိုရော နွယ်လေးကိုပါ အပြန်မှာခေါ်သွားချင်တယ်။ ကျွန်တော်ပြောချင်တဲ့အဓိကရည်ရွယ်ချက်ကို မစော နားလည်ပါတယ်နော်"

"ဟုတ်ကဲ့၊ နားလည်ပါတယ်။ ကျွန်မအနေနဲ့လည်း ကိုရဲတို့ မိသားစုလေးကို ပြန်လည်ပေါင်းစုံ ပျော်ရွှင်မှုတွေရှိစေချင်တာပါ။ မနေ့ကလည်း သမီးလေးနဲ့ကိုရဲတို့သားအဖ ယုယကြင်နာမှုတွေမြင်တော့ မထိန်းနိုင်ဘဲငိုရှာတယ်"

"အေးဗျာ၊ ကျွန်တော်အရမ်းခံစားရတာပါ။ ကျွန်တော့်မိုက်ပြစ်...နွယ်လေးရဲ့မာနတရားတွေကြားမှာ သမီးလေးရဲ့နှလုံးသားနုနု ကြေကွဲမှာ စိုးရိမ်တာပါပဲ"

"တစ်ခုတော့ကြိုးစားကြည့်ပါဦး...သမီးလေးဟာ ကိုရဲသမီးလို့ မွေးစာရင်းမှာတော့ သိထားပါတယ်"





"ဟုတ်တယ်...နောက်ဆုံးကြိုးစားမှုအနေနဲ့တော့ ကျွန်တော်သမီးလေး မွေးစာရင်းရှာပါရစေ။ ဒီညနေပိုင်း နွယ်လေးနဲ့ ပန်းခြံထဲမှာ စကားပြောဖြစ်ရင် ကြာကြာလေး အချိန်ဆွဲထားပေးပါနော်။ ဒါကိုတော့ ကူညီပါဦးဗျာ"

ခေါင်းညိတ်ပြရင်း သက်ပြင်းရှိုက်လိုက်သည့်မစောထွေးကိုကျောခိုင်းရင်း သမီးလေးအိပ်ခန်းရှိရာ ထွက်ခဲ့၏။ ကံကြမ္မာရဲ့မျက်နှာသာပေးမှုကို ပိုင်ဆိုင်ပါရစေသမီးလေးရယ်။

▣▣▣




## အခန်း (၆)

မပီဝိုးတဝါး အိပ်မက်များ'အရှင်'
သခင်ဘယ်မှာ အိပ်မက်မှာမှန်း
အမြဲလွမ်းတယ်...
နီးဖို့ဆိုတာ သံသရာရဲ့ဟိုမှာဘက်ဆီ
လိုက်မမှီနိုင်...
မျှော်လင့်လွမ်းကျန် မနက်ဖြန်လည်း
လွမ်းမြဲလွမ်းလျက် လွမ်းတစ်သက်တာ....

ရင်နင့်ကြေကွဲစွာ ကဗျာလေးကိုဖတ်ရင်း နွယ်လေး၏ စာအုပ်စားပွဲမှာ ခဏထိုင်နေမိသည်။

နွယ်လေးရယ်, ကိုယ်ဟာ နွယ်လေးဘဝရဲ့အိပ်မက်များ

*အရှင်သခင်ပေါ့နော်။ နီးဖို့ဆိုတာ သံသရာရဲ့ဟိုဘက်မှာလို့များ တွေးပြီးအားငယ်နေမှာလား...ဝမ်းနည်းနာကြည်းနေမှာလား။*

စာရေးစားပွဲလေးအောက်က အံဆွဲလေးကိုသတိပြုမိသည်။ သော့က ချိတ်ထားပေမယ့် ပိတ်မထားပါ။ အံဆွဲကိုမဖွင့်ခင် ပြတင်းပေါက်မှ ပန်းခြံလေးထဲလှမ်းကြည့်လိုက်တော့ နွယ်လေးနှင့်မစော ခုံတန်းရှည်လေးပေါ်မှာ စကားပြောနေတာမို့ စားပွဲဆီပြန်လျှောက်ခဲ့သည်။

အပြာရောင်ဒိုင်ယာရီစာအုပ်လေးက စာရွက်ဖိုင်အပေါ်ပိုင်းမှာ။ တစ်ပါးသူလျှို့ဝှက်ချက်ကို မသိဘဲယူဖတ်တာ ရိုင်းမှန်းသိပေမယ့် သူမနေနိုင်ပါ။ စာအုပ်ရှေ့ပိုင်းတွေ ကျော်ဖတ်ရင်းက အလယ်လောက်ကိုရောက်လာ၏။

*ကိုကြီးရက်စက်တယ်။*

*ဒါပေမဲ့ ကွဲကြေနေတဲ့နှလုံးသားက မေ့လို့မှမရဘဲ။ ညတွေမှာ ညဉ့်နက်မှအိပ်ပေမယ့် အိပ်မက်ထဲရောက်လာတတ်တာ ကိုကြီးပါကွယ်။*

*နွယ်လေးဆိုတဲ့နာမည်ရခဲ့လို့ နွယ်လေးဘဝမှာ အားထားမှီခိုရာလိုလာတယ်။*

*ကိုကြီးရင်ခွင် ကိုကြီးအရိပ်ဟာ နွယ်လေးရဲ့မှီတွယ်အားထားရာပဲ...*

------------------

*ကြေကွဲနေတဲ့နှလုံးသားနှင့် အသက်မဆက်လိုပေမယ့် သမီးလေးကိုတာဝန်ကျေဖို့ အသက်ရှင်ချင်သေးတယ်။*





*သမီးလေးကို ရဲရဲနွယ်လို့ နာမည်ပေးလိုက်တယ်။ ဖခင်မဲ့တဲ့သမီးပေမယ့် သူ့ဘဝသူ ရဲရဲရပ်တည်နိုင်ဖို့ နွယ်ဆိုတာတောင် အမှီရှိမှ ရှင်သန်မယ့်နွယ်မဖြစ်စေဖို့ ရည်ရွယ်ခဲ့တယ်။*

*နွယ်လေးရဲ့မျှော်လင့်ချက်ဟာ သမီး၊ အသက်ရှင်သန်မှုဟာ သမီး၊ စိုပြည်လန်းဆန်းမှုဟာ သမီးပါပဲကွယ်။*

ဒိုင်ယာရီဆက်ဖတ်ဖို့ထက် သမီးမွေးစာရင်းကိုတွေ့ဖို့ စာရွက်တွေထဲ သတိထားရှာမိ၏။

နွယ်လေးရဲ့စာပေးစာယူတက်တဲ့စာရွက်တွေ၊ နိမင်းရေးထားတဲ့အားပေးစာ၊ ဟော! တွေ့ပြီ။ ဝမ်းသာခြင်းက နှိုင်းမပြတတ်လောက်အောင်ပါဘဲ။

*ဖခင်အမည်–ဦးနောင်ရဲ၊ အမိအမည်–နွယ်နွယ်လေး*

တုန်ရင်နေတဲ့ လက်တွေနဲ့ သတိထားပြီး ဖိုင်ထဲမှဖြုတ်ယူမိ၏။

"ဒါဘာလုပ်တာလဲ...ကိုကြီး"

"ဟင်" လူမိသည့်သူ့အဖြစ်ကို မရှက်နိုင်ဘဲ စာရွက်ကိုခေါက်လျက် အိတ်ကပ်ထဲ ထည့်လိုက်သည်။

"ဘာယူတာလဲကိုကြီး၊ ပိုင်ရှင်မသိဘဲယူရင် ဘာဖြစ်မယ်ဆိုတာ သိရဲ့လား"

"သိတယ်...ပိုင်ရှင်မသိဘဲယူရင်သူခိုး။ ကိုကြီးကို သူခိုးလို့ခေါ်ချင်ခေါ်ပေါ့။ ကိုယ့်သမီးမွေးစာရင်း...ကိုယ်ခိုးတာ"

"ဘာ! "

"ဟုတ်တယ်...နွယ်လေး။ ဘယ်လိုပဲ မာနတရားတွေ၊ အာဃာတ,တရားတွေနဲ့ ကိုကြီးတို့သားအဖကိုခွဲထား...ခွဲထား၊

သွေးက စကားပြောပြီပဲ။ ကိုကြီးအပေါ် မကျေနပ်တာတွေ သမီးလေးမျက်နှာထောက်ပြီး ကြေအေးပါညီမလေးရယ်"

တုန်လှုပ်ကြေကွဲစွာ ငေးကြည့်နေတဲ့နွယ်လေးပခုံးကို ညင်သာစွာဆုပ်ကိုင်ရင်း ထပ်တလဲလဲတောင်းပန်နေမိ၏။

"ကျွန်မကို မကိုင်ပါနဲ့၊ မထိပါနဲ့ ဦးနောင်ရဲ့။ ရှင့်ဘဝသာယာဖို့ ကျွန်မအချစ်တွေမွမွကြေလို့ ပျက်စီးခဲ့ရပြီ၊ ကျွန်မဘဝညှိုးနွမ်းပျက်စီးခဲ့ရပြီ။ အဖေမရှိတဲ့သမီး၊ ယောက်ျားမရှိတဲ့မိန်းမအဲဒီမိန်းမဘဝကို ရှင်ထပ်ဖျက်စီးဦးမလို့လား...ဟင်...ပြောစမ်းပါ...ပြောစမ်းပါ ဦးနောင်ရဲ"

ဒေါသတကြီးအော်ဟစ်လိုက်သည့်နွယ်လေးကို မယုံနိုင်သလိုငေးကြည့်ရင်း ရှင်းပြဖို့ဆုံးဖြတ်လိုက်သည်။

"မဟုတ်ဘူး၊ နွယ်လေးထင်တာတွေ တစ်ခုမှမဟုတ်ဘူး ကိုကြီးမေတ္တာစေတနာတွေ နားလည်စမ်းပါ"

"ဘာစေတနာတွေလဲ.....ဘာစေတနာတွေလဲဟင်... ဦးနောင်ရဲ့။ ကျွန်မကို ဒုတိယမိန်းမအဖြစ်ချီးမြှောက်မယ့် စေတနာလား...မမရတနာရဲ့လက်ဝါးနဲ့ ကျွန်မပါးကို ထိတွေ့မိတ်ဆက်ပေးချင်တာလား။ အို...မကြားချင်ဘူး...မကြားချင်ဘူး...သမီးလေးရဲ့ဖခင်အမည် ရအောင်ရှာပြီး...သမီးကိုခေါ်သွားမယ်ပေါ့။ ရှင်ရက်စက်တယ်...သိပ်ရက်စက်တယ် ကျွန်မနှလုံးသားတွေ... အို..."

"နွယ်လေး"ထိတ်လန့်တကြား ပုံရက်လဲသွားသည့်နွယ်လေးကိုကောက်ချီချိန် သမီးငယ်လေး နိုးလာ၏။





"မေမေနွယ်" ဟုအော်ခေါ်ရင်း ပြေးလာသည့်သမီးကိုလက်တစ်ဖက်ဖြင့်ပွေ့လျက်...

"သမီး, အန်တီစောကိုခေါ်လိုက်စမ်း၊ အော်ခေါ်လိုက်၊ ဦးငယ် ခြံထဲမှာ မြင်လိုက်တယ်"

သတိမေ့နေသည့်နွယ်လေးကို အိပ်ရာပေါ်ရွှေ့ရင်း သမီးနှင့်အတူရောက်လာသည့်မစောအားတောင်းပန်ကြည့်...ကြည့်ရင်း......

"ဆောရီးဗျာ...နွယ်လေး ဒီလောက်ခံစားရမယ်မှန်းမသိလို့။ သူက နဂိုက နှလုံးအားနည်းတာလည်း ရှိဖူးတယ်။ သမီးကိုသူ့ဘဝထဲက ဆွဲထုတ်သွားမှာ ကြောက်တာရယ်၊ ကျွန်တော့်ကိုသိပ်စိတ်ဆိုးသွားတာကြောင့် ရုတ်တရက်...သတိလစ်သလိုဖြစ်သွားတာပါ။ လောလောဆယ်...ရှူဆေးလေးတော့ထားပေးပေါ့။ ကျွန်တော် ဝေထွန်းလွတ်လိုက်မယ်။ ဆေးထိုးရအောင်"

"ကိုရဲပြန်မယ်ပေါ့။ သမီးလေးအတွက်ကော"

"ခဏလေးပါဗျာ, ခဏလေးပါ၊ သူသတိရရင် စိတ်ချမ်းသာဖို့၊ ပြီးတော့...ကျွန်တော့်ရင်ထဲမှာလည်း အရမ်းခံစားရပါတယ်။ ထွက်ပေါက်ခဏပေးပါဦး"

သမီးပါးကိုအားပါးတရနမ်းရင်း လျှင်မြန်သည့်ခြေလှမ်းများနှင့်ထွက်သွားသည့်သူ့ကို သမီးလေးက နားမလည်စွာ မျက်စိတစ်ဆုံးကြည့်နေဆဲပါ။




## အခန်း (၇)

"နွယ်လေး"

နေကောင်းတယ်နော်၊ ကိုကြီး မနက်ဖြန်ပြန်ရတော့မယ်။ ကိုကြီးရဲ့မိုက်ပြစ်တွေအတွက် နွယ်လေး တစ်သက်လုံး ဒဏ်ခတ်အပြစ်ပေးမယ်ဆိုရင်လည်း ကျေနပ်ကြည်ဖြူစွာ ခံယူသွားပါတော့မယ်။

ဒါပေမဲ့ တစ်ခုတော့ ပြောခွင့်ပြုပါ နွယ်လေးရယ်။ မင်း...ကိုယ့်ဘဝထဲက အစ ဖျောက်သွားခဲ့ပေမယ့် ရတနာ့ကိုလက်မထပ်ခဲ့ပါဘူး။ ကိုကြီး ဘယ်သူနဲ့မှ အိမ်ထောင်မပြုခဲ့ပါဘူး။

ကိုကြီးမှာ သမီးလေးတစ်ယောက် ရှိတယ်ဆိုတာ ရဲရဲနွယ်လေးကို ရည်ရွယ်ပြောတာပါ။

ဇနီးနဲ့ကွဲနေတယ်ဆိုတာလည်း နွယ်လေးကိုပြောတာပါ။ ကိုကြီးရဲ့မေတ္တာနဲ့သစ္စာကိုတော့ အထင်မသေးလိုက်ပါနဲ့။

နွယ်လေးက ကိုကြီးနေရာမှာ ဘယ်သူမှအစားမထိုးခဲ့သလို ကိုကြီးကလည်း မျက်နှာပျက်အရှက်ကွဲခံပြီး စေ့စပ်ခြင်းကို ဖျက်သိမ်းခဲ့တာပါ။

အထီးကျန်ဘဝမှာ တစ်သက်တာလုံး နေစေတော့မှာလား ညီမလေးရယ်.....သမီးရဲ့ဖေဖေပါလို့ဖွင့်မပြောဖို့ တစ်သက်တာဆုံးဖြတ်လိုက်ပြီလား။

ဒီစာဖတ်ပြီးလို့ နွယ်လေးနဲ့သမီးဘဝထဲ ဝင်ခွင့်ပြုမယ်ဆိုရင် တံခါးဖွင့်ပေးပါ။ သမီးရဲ့ဖေဖေပါလို့ နွယ်လေး ငြင်းဦးမယ်ဆိုရင်လည်း ကိုကြီး...သမီးလေးကိုနှုတ်မဆက်ဘဲ လှည့်ပြန်သွားဖို့ ကတိပေးပါတယ်။

ထာဝရချစ်ကြင်နာမှုများစွာဖြင့်

"ကိုကြီး"





"သူဘယ်မှာလဲအစော"

"သူ ခြံအပြင်ဘက် ဝါးတန်းမှာ ဆေးလိပ်ထိုင်သောက်ရင်း စောင့်နေပါတယ်"

စာရွက်ပြာလေးကို မြတ်နိုးစွာ ရင်မှာအပ်ရင်း မျက်ရည်တွေစီးကျလာ၏။ ကိုကြီးဟာ ယနေ့ထက်တိုင် အိမ်ထောင်မပြုသေးဘဲ နွယ်လေးကိုစောင့်နေတာတဲ့လားကွယ်။

နှလုံးသားနုနုရဲ့ဒဏ်ရာတွေဟာ ဒီစကားတစ်ခွန်းတည်းနဲ့ အသစ်တစ်ဖန် ပြန်လည်လို့ ကောင်းမွန်သွားပါပြီကိုကြီးရယ်။

အနားမှာကပ်ထိုင်နေတဲ့သမီးရဲ့ပါးပြင်ကို ညင်သာစွာနမ်းရှိုက်ရင်း သူကလေးဘဝ၊ သူကလေးနှလုံးသား...အားလုံးသာယာချမ်းမြေ့ဖို့ ရင်ထဲမှာ တင်းခံထားတဲ့မာန၊ ကျားကန်ထားရတဲ့နာကြည်းမှုတွေ ကြေပျောက်လွင့်စင်စေပါပြီ။

'ဟိုခြံရှေ့ဝါးတန်းလေးမှာ ထိုင်နေတဲ့ဦးငယ်ဟာ သမီးရဲ့ဖေဖေပါပဲ။ သမီးငယ်လေးက ဖေဖေလို့ခေါ်ပြီး အိမ်ထဲဝင်လာဖို့ ပြောလိုက်နော်' ဆိုတော့ သမီးမျက်နှာမှာ အံ့ဩခြင်း၊ ဝမ်းသာခြင်းနှင့်အတူ....

"ဒါဆို သမီးမှာလည်း ကိုကို့လို ဖေဖေခေါ်ဖို့ရှိတာပေါ့နော်၊ အဲဒီဦးငယ်ကို ဟို....ဖေဖေနဲ့အတူနေမှာပေါ့...ဟုတ်လားမေမေ"လို့ မော့မော့လေးမေးရှာတယ်...

"အင်း"လို့ ခေါင်းအညိတ်မှာ "ဟေး ပျော်စရာကြီး ဖေဖေရေ...ဖေဖေ"ဟု အော်ဟစ်ပြေးလွှားသွားတာ ငေးရင်း နွယ်လေးရင်မှာ ကြည်နူးကြေကွဲမှုတွေကြောင့် မခြောက်သေးသည့်ပါးပြင်

မှာ ထပ်လို့ မျက်ရည်တွေစီးကျလာပြန်သည်။

"သမီးလေးရယ်"

လို့ဖွဖွညည်းရင်း လွှတ်ထွက်သွားမှာစိုးသလို တင်းကြပ်စွာဖက်ရင်း ပါးပြင်နုနုလေးတွေကို ဖွဖွနမ်းနေမိ၏။

ဒီတစ်သက် သားအဖတွေပြန်လည်ဆုံတွေ့ရဖို့ မမျှော်လင့်သလိုအခြေအနေမျိုးကနေ ခုလို ရင်ခွင်ထဲ ဖေဖေခေါ်ရင်း ရောက်လာတော့ သူ့ဘဝမှာ ပြီးပြည့်စုံခြင်းက မပြတတ်အောင်ပါဘဲ။

နွယ်လေးက ခွင့်လွှတ်ပြီပေါ့၊ ကိုကြီးကိုလက်ခံပြီပေါ့။ အင်းလေ...ဒါကြောင့် သမီးလေးက "ဖေဖေ"လို့ခေါ်တာ ကျေးဇူးတင်လိုက်တာ ညီမလေးရယ်။

"ဖေဖေ"

"ဟင်"

"ဦးငယ်က သမီးဖေဖေတဲ့။ ဟို...ကိုကိုက ဦးဦးကိုခေါ်သလိုပေါ့နော်"

"အင်းပေါ့သမီးရယ်...ဖေဖေနဲ့သမီးတို့ မခွဲဘဲအတူနေကြမယ်နော်"

"မေမေနွယ်ကော ခေါ်မှာလားဟင်ဖေဖေ၊ တစ်ယောက်တည်း မထားခဲ့ပါနဲ့နော်။ မေမေနွယ်က ခဏခဏငိုတယ်"

"မထားခဲ့ပါဘူးဗျာ...သမီးမေမေရယ်၊ သမီးရယ်၊ ဖေဖေရယ် သုံးယောက်အတူတူပေါ့"

"ဟာ...မေ့သွားတယ်ဖေဖေ၊ မေမေနွယ်က ဖေဖေ့ကို





ခေါ်ခဲ့တဲ့"

"အင်း...ဟုတ်တယ်။ ဒါဆို သမီးအန်တီစောနဲ့ခဏသွားနေဦး။ ဖေဖေ...မေမေ့ကိုသွားကြည့်ဦးမယ်နော်...ဟုတ်လား"

လိမ္မာသိတတ်စွာပြေးသွားသည့်သမီးကို ခဏကြည့်ရင်း နွယ်လေးရှိရာ ထွက်ခဲ့၏။

ရင်တွေခုန်နေတယ်ကွာ နွေးထွေးလှိုက်ခုန်နေတဲ့ကိုကြီးရဲ့နှလုံးသားက အချစ်ကိုပြန်လည်ရှာဖွေတွေ့ရှိသွားပြီမို့ ကြည်နူးမှုက အတိုင်းအဆမဲ့ပါပဲ...

လှေခါးတွေကျော်လွှားတက်ရင်း ခန်းဆီးစပြာပြာလေးကိုဆွဲအဖွင့်မှာ မျက်ရည်တွေနဲ့ခေါင်းငုံ့နေတဲ့နွယ်လေးကိုမြင်ရတော့ ခြေလှမ်းတွေက လျင်မြန်သွက်လက်လိုက်တာ။

"နွယ်လေး"

"-----"

"ခွင့်လွှတ်လား"

"-----"

"ခေါင်းညိတ်မပြပါနဲ့ နွယ်လေးရယ်။ ကိုကြီးအပြစ်တွေကို တကယ်ခွင့်လွှတ်တယ်ဆို...နှုတ်ကဖြေပါနော်။ ခွင့်လွှတ်ရဲ့လားဟင်"

"အမြဲတမ်းခွင့်လွှတ်နေမှာပါ ကိုကြီးရယ်"

တိုးဝင်ငိုရှိုက်လာတဲ့ နွယ်လေးရဲ့ဆံပင်နက်နက်တွေမှာလည်း သူ့မျက်ရည်တွေစွန်းထင်းကုန်ပြီပေါ့။ ချစ်သူနှစ်ဦးရဲ့ပေါင်းဆုံချိန်မှာ ကျတဲ့မျက်ရည်တွေပါ နွယ်လေးရယ်။

ကိုကြီး အရမ်းကို ချစ်မြတ်နိုးရတဲ့ကောင်မလေးရယ်။ မင်းရဲ့မျှော်လင့်ရက်ကျန်တဲ့ မနက်ဖြန်တိုင်းမှာ...နွေးထွေးတဲ့ အကြင်နာတွေ၊ ချစ်မြတ်နိုးမှုတွေ၊ ယုယမှုတွေ၊ ထာဝရပေးဆပ်ဖို့ ကတိပြုပါတယ်ကွာ...ကတိပြုပါတယ်။

မင်းရဲ့ချစ်ခြင်း၊ မြတ်နိုးခြင်းတွေကိုသိမြင်နိုင်ဖို့ မျက်နှာလေးကိုမော့လိုက်ပါ။

ကိုကြီး...ကြည်နူးကျေနပ်စွာ ကြည့်ပါရစေ...ကြည့်ပါရစေ နွယ်လေးရယ်...

ထိုက်သဇင်